ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 12 October 2020 ၁၀၁၆၃

# နိုင်ငံပြင်ပရောက် မြန်မာနိုင်ငံသားများ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၊ ပြင်ပမဲရုံခွဲများ၌ ကြိုတင်ဆန္ဒမဲ စတင်ပေးပြီး မြန်မာသံရုံး ၂၀၊ အဖွဲ့ရုံး တစ်ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး နှစ်ရုံး၊ ပြင်ပမဲရုံ နှစ်ခုတို့တွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး



နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံပြင်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြန်မာသံရုံး လေးရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး တစ်ရုံးနှင့် ပြင်ပမဲရုံခွဲ နှစ်ခုတို့၌ မဲရုံများ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယနေ့တွင် ပြည်ပရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မြန်မာနိုင်ငံသားများက ဘဲလ်ဂရိတ်မြို့ မြန်မာသံရုံး၌ ၁၀ ဦး၊ ကူဝိတ်မြို့ မြန်မာသံရုံး၌ ၆၂ ဦး၊ ကိုလံဘိုမြို့ မြန်မာသံရုံး၌ ၂၉ ဦး၊ ကိုလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ ၁၀ ဦးတို့ လာရောက်ကြိုတင်ဆန္ဒမဲပေးခဲ့ကြပြီး ဒေသဆိုင်ရာစံတော်ချိန်များနှင့်အညီ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံး၌ လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၊ အင်ဒီယားနားပြည်နယ် ဖို့ဒ်ဝိန်းမြို့ရှိ ပြင်ပမဲရုံခွဲတို့၌လည်းကောင်း ကြိုတင်ဆန္ဒမဲများ စတင်ပေးခဲ့ကြကာ မြန်မာသံရုံး ဘာလင်မြို့၊ လန်ဒန်မြို့၊ အော်တာဝါမြို့၊ ဗီယင်နာမြို့၊ ဝါရှင်တန်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့တို့၌ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြသည်။

ထို့ပြင် သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းမရှိသည့် မြန်မာနိုင်ငံသားများအတွက် ပြင်ပမဲရုံခွဲများ ဖွင့်လှစ်ခဲ့ရာ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ တိုကျိုမြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲ ပေးကြစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

မြောက်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပျောက်ကင်းသူ ၁၁ ဦးအား ဆေးရုံမှ ဆင်းခွင့်ပြု
စာမျက်နှာ » ၈

စံကားဝါမြေ ရွှေပုပ္ပားဆီသို့
စာမျက်နှာ » ၁၀

အရှေ့အလယ်ပိုင်းဒေသ လုံခြုံရေးအတွက် သံတမန်နည်းလမ်းဖြင့် ပြန်လည်အဖြေရှာရန် အီရန်ကို တရုတ်တိုက်တွန်း
စာမျက်နှာ » ၁၁

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဝါရှင်တန်မြို့ မြန်မာသံရုံးနှင့် ဆိုးလ်မြို့ မြန်မာသံရုံးတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် အမေရိကန်ပြည်ထောင်စုမှ ၄၉ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၆၀ စုစုပေါင်း မြန်မာနိုင်ငံသား ၁၀၉ ဦး လိုက်ပါခဲ့ကြသည်။ စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# ကြေးမုံ

## မမှန်ကန်သော ထုတ်လွှင့်မှုများကို ရှုတ်ချ

သတင်းတုများ၊ သတင်းမှားများ၊ ကောလာဟလသတင်းများမှာ မမှန်ကန်သောသတင်းများ ဖြစ်ပါသည်။ ယင်းတို့မှာ ပြည်သူလူထု စိုးရိမ်ပူပန်မှုဖြစ်လာအောင် အန္တရာယ်ပေးသည့် အမှုကိစ္စများဖြစ်ပြီး နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်ရန် မမှန်ကန်သည့်ကြံစည်အားထုတ်မှုများဖြစ်သည်။ အထူးသဖြင့် နိုင်ငံအတွင်း ထူးခြားသောအရေးကိစ္စများပေါ်ပေါက်နေစဉ် သတင်းမှားများ၊ မမှန်သတင်းများ ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းအားထုတ်မှုများရှိလာရာ ယင်းတို့ကို အသိတရားဖြင့်သတိထား၍ ဆင်ခြင်သုံးသပ် ပယ်ဖျက်ကြရမည် ဖြစ်သည်။

လုပ်ကြံသတင်းသည် သတင်းအချက်အလက်အမှားဖြစ်ပြီး ပြည်သူလူထုအား အန္တရာယ်ဖြစ်စေရန် ရည်ရွယ်သည်။ သတင်းအမှားသည် သတင်းအချက်အလက်မှားခြင်းသာဖြစ်သော်လည်း ပြည်သူလူထု အန္တရာယ်ဖြစ်စေရန် တမင်တကာ ဖန်တီးထားခြင်းမဟုတ်ပေ။ မသမာသောသတင်းများသည် အဖြစ်အပျက်အမှန်ကို အခြေခံထားသော်လည်း ပြည်သူလူထုအန္တရာယ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုထားခြင်းဖြစ်သည်။ ယခုအခါ လူပုဂ္ဂိုလ်အချို့တို့က လုပ်ကြံသတင်း၊ မသမာသောသတင်းများအား အွန်လိုင်းပေါ်တွင် အသုံးချပြုလုပ်လာကြရာ ဆိုရှယ်မီဒီယာကို အသုံးပြုသူများအနေဖြင့် မှန်၏၊ မမှန်၏ ခွဲခြားချင့်ချိန် ဆင်ခြင်သိမြင်နိုင်ရန် လိုအပ်ပါသည်။

အောက်တိုဘာလ ၁၀ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆိုရှယ်မီဒီယာပေါ်တွင် သတင်းမှားများ၊ လုပ်ကြံဖန်တီးသောသတင်းများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ အွန်လိုင်းပေါ်တွင် နိုင်ငံတော်အကြီးအကဲများနှင့်ပတ်သက်သည့် သတင်းတု၊ သတင်းမှား၊ လုပ်ကြံဖန်တီးထားသည့်သတင်းများ တင်ခဲ့ခြင်းသည် ဥပဒေကြောင်းအရ အရေးယူနိုင်သောကိစ္စဖြစ်သည်။ သို့သော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သတင်းမှားဖြန့်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား အရေးမယူလိုကြောင်း လမ်းညွှန်ခဲ့သဖြင့် ၎င်းတို့ထုတ်လွှင့်ခဲ့သည့် သတင်းမှားများနှင့် ၎င်းတို့၏အချက်အလက်များကို ဆိုရှယ်မီဒီယာအချို့တွင် ဖော်ပြထားမည်ဖြစ်ရာ အများပြည်သူသိရှိ သုံးသပ်ဆင်ခြင်ကြည့်နိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အတွင်း ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ဒီမိုကရေစီရှင်သန်ရေး ရွေးကောက်ပွဲပြုလုပ်ရေးကို တစ်ပြိုင်တည်းဆောင်ရွက်နေချိန်တွင် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်လိုသူများက ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ သတင်းမှားများ၊ မဟုတ်မမှန်သတင်းများ ပြုလုပ်လာကြသည်။ ပြည်သူများအနေဖြင့် ယင်းအချက်များကို မှန်မှန်ကန်ကန်သိရှိပြီး အမှား၊ အမှန် ခွဲခြားရှုမြင်နိုင်ရန် လိုအပ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်မားနေသောကာလ ရောဂါဖြစ်ပွားမှု လျော့နည်းပပျောက်စေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများပြုလုပ်ရာ၌ မိမိတို့၏အသက်ဘေးအန္တရာယ်ကိုမမှုဘဲ ရှေ့တန်းမှ တက်တက်ကြွကြွဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအပေါ် အဟန့်အတားဖြစ်စေသည့်၊ အနှောင့်အယှက် ဖြစ်စေသည့် ဆိုးကျိုးဖြစ်စေသော မမှန်သတင်းများ မထုတ်လွှင့်မိစေရန် လိုအပ်ပါသည်။

ကူးစက်ကပ်ရောဂါနှင့်ပတ်သက်၍ မမှန်သတင်းများ၊ လုပ်ကြံဖန်တီးသတင်းများ လုပ်ဆောင်ခဲ့ပါလျှင် ထုတ်ပြန်ထားသောဥပဒေအရ အရေးယူခြင်းခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုလျော့ကျပြီး ထိန်းချုပ်လာနိုင်ရေးကို ရှေ့တန်းမှ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတများ ကြိုးပမ်းဆောင်ရွက်ခြင်းနှင့်အတူ ဝိုင်းဝန်းပါဝင်ကူညီကြသော စေတနာရှင်များ၊ အလှူရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများလက်တွဲ၍ တက်တက်ကြွကြွကြိုးပမ်းဆောင်ရွက်နေသည်။ ထိုအချိန်တွင် သတင်းမှားများ၊ လုပ်ကြံသတင်းများဖြန့်ဝေပြီး ကဖျက်ယဖျက်လုပ်ခြင်းသည် ပြည်သူ့အကျိုးပြုဆောင်ရွက်မှုများကို ပျက်စီးရာပျက်စီးကြောင်း နှောင့်ယှက်ရာရောက်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကို အားကြိုးမာန်တက်ဝိုင်းဝန်းကြိုးပမ်း ကာကွယ်၊ ထိန်းချုပ်ဆောင်ရွက်နေစဉ်၊ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေစဉ် ဆိုရှယ်မီဒီယာမှသော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း ပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်သည့် မလုပ်သင့်မလုပ်ထိုက်သော မဟုတ်မမှန်လုပ်ကြံသတင်းများ ထုတ်လွှင့်မှုများကို ပြည်သူများအနေဖြင့် မှန်ကန်စွာသိမြင်ဖယ်ရှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ မမှန်သတင်းထုတ်လွှင့်မှုများကို ကျွန်ုပ်တို့အနေဖြင့် ပြစ်တင်ရှုတ်ချလိုက်ရပါကြောင်း။ ။

## မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပွဲတော် ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် နှစ်(၁၀၀)ပြည့် မြန်မာ့ရုပ်ရှင်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အွန်လိုင်းရုပ်ရှင်ပွဲတော်ကို ခေတ်အဆက်ဆက် ရိုက်ကူးပြသခဲ့ကြသည့် မြန်မာ့ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ အနုပညာစွမ်းပကားကို ပြန်လည်ခံစားသိမြင်စေရန်၊ မြန်မာ့ရုပ်ရှင်ကို နှစ်သက်သည့် ပြည်တွင်း၊ ပြည်ပမှ ရုပ်ရှင်ပရိသတ်များအနေဖြင့် မိမိကြိုက်နှစ်သက်ရာ ဇာတ်ကားများ ရွေးချယ်ကြည့်ရှုနိုင်စေရန်နှင့် ရုပ်ရှင်ချစ်ပရိသတ်များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ မိမိတို့နေရာအသီးသီးတွင် လုံခြုံကျန်းမာဘေးကင်းစွာ ကြည့်ရှုနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရုပ်ရှင်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များအရ ရုပ်ရှင်ရုံကြီးများ၌ ပျော်ရွှင်ချမ်းမြေ့စွာ ပြသပေးနိုင်ခြင်းမရှိသဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်အဖြစ် စီစဉ်ကျင်းပခြင်းဖြစ်သည်။

ယင်းအွန်လိုင်းရုပ်ရှင်ပွဲတော်တွင် Mahar Mobile Application ဖြင့် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်း ၂၅၀၀ ကျော်ကို Promo Code (102020) ဖြင့် အောက်တိုဘာ ၈ ရက်မှ ၃၁ ရက်အထိ လည်းကောင်း၊ Cookie Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားပေါင်း ၅၀ ကျော်၊ ရုပ်သံလိုင်းပေါင်း ၅၀ ကျော်နှင့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် Movie Album များကို Promo Code (MMFILM 100) ဖြင့် အောက်တိုဘာ ၁၃ ရက်မှ ၃၁ ရက်အထိလည်းကောင်း၊ Pyone Play Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကား ၃၀ နှင့် ဇာတ်လမ်းတွဲများအား လည်းကောင်း အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား Virtual စနစ်ဖြင့် ကျင်းပသွားမည်

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့ရှိ စတူဒီယို (၁)တွင် Virtual စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါအခမ်းအနား ကျင်းပပုံများကို အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Facebook Page နှင့် MRTV Live တို့တွင်လည်း Live Streaming ထုတ်လွှင့်သွားမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို အောက်တိုဘာ ၁၃ ရက် ည ၉ နာရီတွင် မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုအခြားအစီအစဉ်များနှင့်အတူ ထပ်မံထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

MOI Webportal Myanmar Facebook Page နှင့် Myanmar Digital News Facebook Page တို့မှလည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**




MYANMAR Digital News
Presented by MPI
www.mdn.gov.mm

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



တရုတ်ပြည်သူ့သမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများ ပေကျင်းမြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

**✳ ရှေ့ဖုံးမှ**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ မဲဆန္ဒရှင် ၄၁ ဦး စတင်မဲပေးခဲ့ကြပြီး ဂျပန်နိုင်ငံ နာဂိုရာမြို့တွင် မဲဆန္ဒရှင် ၄၉၁ ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအို ဒေသတွင် မဲဆန္ဒရှင် ၂၅၄ ဦးတို့ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မြန်မာသံရုံး ၁၂ ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး တစ်ရုံးတို့၌ ကြိုတင်ဆန္ဒမဲပေးခဲ့ကြရာ ဗန်ကောက်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၃၀၀၀ ခန့်၊ ပေကျင်းမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၉၂ ဦး၊ ကင်ဘာရာမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၄၃ ဦး၊ ဂျကာတာမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၆ ဦး၊ ကွာလာလမ်ပူမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၉၇၂ ဦး၊ မော်စကိုမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၄၁ ဦး၊ နယူးဒေလီမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၃၀၊ ဖနောင်ပင်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၁၃ ဦး၊ ရောမမြို့ မြန်မာသံရုံး ၌မဲဆန္ဒရှင် ၂၄ ဦး၊ ဆိုးလ်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၁၁၄ ဦး၊ စင်ကာပူမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၈၀၀ ခန့်၊ တိုကျိုမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၅၄ ဦး၊ ဗီယင်ကျန်းမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၂၀၊ ချင်းမိုင်မြို့ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးတွင် မဲဆန္ဒရှင် ၂၂၆ ဦးတို့ ကြိုတင် ဆန္ဒမဲ လာရောက်ပေးခဲ့ကြသည်။

ယမန်နေ့ကလည်း ဒေသဆိုင်ရာ



ကူဝိတ်နိုင်ငံရောက် မြန်မာနိုင်ငံသားများ ကူဝိတ်မြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

စံတော်ချိန်များနှင့်အညီ ကြိုတင် ဆန္ဒမဲများပေးခဲ့ကြသည့် မြန်မာသံရုံးများမှ သတင်းပေးပို့ချက်အရ ဘာလင် မြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၅၇ ဦး၊ အော်တာဝါမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၁၈ ဦး၊ အော်စလိုမြို့ မြန်မာ သံရုံးတွင် မဲဆန္ဒရှင် ၂၁ ဦး၊ ရောမမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၃၅ ဦး၊ ဗီယင်နာမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၃၈ ဦး၊ ဝါရှင်တန်မြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၁၂၆ ဦး၊ လန်ဒန်မြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၂၄၆ ဦး၊ ကိုင်ရိုမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် သုံးဦး၊ ဂျီနီဗာမြို့ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးတွင် မဲဆန္ဒရှင် ၄၆ ဦး၊ နယူးယောက်မြို့ မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် မဲဆန္ဒရှင် ၁၅၇ ဦး၊ လော့စ်အိန်ဂျယ်လိစ် မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် မဲဆန္ဒရှင် ၁၈၃ ဦးနှင့် ပါရီမြို့ မြန်မာ သံရုံးတွင် မဲဆန္ဒရှင် ၁၄ ဦး စုစုပေါင်း ၉၄၄ ဦး ဆန္ဒမဲများ ပေးခဲ့ကြသည်။

မြန်မာသံရုံးများ၌ ကြိုတင် ဆန္ဒမဲ လာရောက်ပေးသူများအား သက်ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော စည်းကမ်းများနှင့် အညီ ဖြစ်စေရေး မဲရုံအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။

သို့ပါ၍ ယနေ့တွင် မြန်မာသံရုံး ၂၃ ရုံး၊ အဖွဲ့ရုံး တစ်ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သုံးရုံးနှင့် ပြင်ပမဲရုံခွဲ သုံးခုတို့တွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြရာ မဲဆန္ဒရှင် စုစုပေါင်း ၈၆၄၂ ဦး နှင့် အောက်တိုဘာ ၁၀ ရက်တွင် ဒေသဆိုင်ရာ စံတော်ချိန်များနှင့်အညီ မြန်မာသံရုံး ၂၇ ရုံး၊ အဖွဲ့ရုံး နှစ်ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးနှစ်ရုံး၊ ပြင်ပမဲရုံခွဲလေးခုတို့တွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြသည့် မဲဆန္ဒရှင် စုစုပေါင်း ၈၃၃၅ ဦး ဆန္ဒမဲများပေးခဲ့ကြပြီး အလုပ်ပိတ်ရက်များဖြစ်သည့် စနေနေ့နှင့် တနင်္ဂနွေနေ့ တို့တွင် ပြင်ပမဲဆန္ဒရှင် စုစုပေါင်း ၁၆၉၇၇ ဦး ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ဘယ်လ်ဂျီယံနိုင်ငံရောက် မြန်မာနိုင်ငံသားတစ်ဦး ဘရပ်ဆဲလ်မြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးစဉ်။

## ဦးဟောက်ခန့်ဆုမ်းအား ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်းအား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**သတင်းစဉ်**

## မစ္စ စီဘီးလ် ဒီ ကာတီယေး ဒီးဗ် အား မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် အောက်တိုဘာ ၁၂**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘယ်လ်ဂျီယံသံအမတ်ကြီး မစ္စတာ ဖိလစ်ပီ ကာရ်လ်ဒီကာ ၏ နေရာတွင် မစ္စ စီဘီးလ် ဒီ ကာတီယေး ဒီးဗ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စ စီဘီးလ် ဒီ ကာတီယေး ဒီးဗ် အား ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံရေးသိပ္ပံအထူးပြုဖြင့် မဟာဘွဲ့ကိုရရှိခဲ့ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဘယ်လ်ဂျီယံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ရိုဘီ၊ ကီဂါလီနှင့် ဗီယင်နာမြို့များရှိ ဘယ်လ်ဂျီယံသံရုံးများနှင့် အဖွဲ့ရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အီဂျစ်နှင့် ဆူဒန်နိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စ စီဘီးလ် ဒီ ကာတီယေး ဒီးဗ်သည် ပြင်သစ်၊ အင်္ဂလိပ်၊ ဒတ်ချ်၊ စပိန်၊ အီဂျစ်နှင့် ဂျာမန် ဘာသာစကားတို့ကို တတ်ကျွမ်းသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ရှိသည်။

**သတင်းစဉ်**

## အောင်လံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပေးနှိုးဆော်

**အောင်လံ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီနေထိုင်ရေး လိုက်လံအသိပေးနှိုးဆော်မှုကို ယမန်နေ့ ည ၇ နာရီက ပြုလုပ်ခဲ့သည်။

မြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ လိုက်လံအသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

**❖ ပြည်ပ၌မှ**

ယင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ အမေရိကန်ပြည်ထောင်စုရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအတွက် ရည်ရွယ်လျက် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကယ်ဆယ်ရေးလေယာဉ် (၆)ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်တောမြို့နယ်နှင့် သံတွဲမြို့နယ်တို့၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် လမ်း၊ တံတားများ ဆောင်ရွက်ပေး



**စစ်တွေ အောက်တိုဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နယ်စပ်ဒေသရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၄၉ ဒသမ ၃၅၄ သန်းဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခွင့်ပြုရန်ပုံငွေဖြင့် ကုလားတဲ-ညောင်ပင်ချိုင်-ကျူတောချိုင် ကျေးရွာချင်းဆက် မြေသားလမ်း (၂/၂)မိုင်ဖောက်လုပ်ခြင်း၊ ၎င်းလမ်းပေါ်တွင် ပေ ၂၀ ဘေလီတံတား တစ်စင်း၊ ၁၅ ပေ ကွန်ကရစ်တံတား နှစ်စင်း၊ Box Culvert ခြောက်စင်း တည်ဆောက်ခြင်း စသည့်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးစိုးဦးထံမှ သိရသည်။

အလားတူ သံတွဲမြို့နယ်အတွင်း ခွင့်ပြုငွေကျပ် ၈၀ ဒသမ ၁၀၁ သန်းဖြင့် ကျောက်တန်း-တောင်ပေါက် ကျေးရွာချင်းဆက် လမ်းပေါ်တွင် အရှည် ၃၅ ပေ တံတားတစ်စင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရပြီး ၎င်းတံတား တည်ဆောက်ပေးခြင်းဖြင့် ကျောက်တန်း - တောင်ပေါက်ကျေးရွာများအပြင် ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာမှ အိမ်ခြေ ၁၂၅၀၀ ခန့်ရှိ လူဦးရေ ၄၈၉၀၀ ကျော်တို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး(ပြန်/ဆက်)**

# ကမ်းနီး / ကမ်းဝေး ငါးဖမ်းရေယာဉ်များအား အသိပေးနှိုးဆော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်းပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များခိုလှုံနိုင်ရန် သတ်မှတ်ထားသည့်တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၆-၃-၂၀၂၀)ရက်စွဲပါ ညွှန်ကြားချက်အမှတ်-၂/၂၀၂၀ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်။

ယနေ့ ညနေ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ ညနေ (၁၅:၃၀) နာရီအချိန်တွင် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် နောက်(၂၄)နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်(Deep Depression) အဖြစ်သို့ ရောက်ရှိနိုင်ပြီး အနောက်-အနောက် မြောက်ဘက်သို့ရွေ့လျားကာ အောက်တိုဘာ ၁၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

သို့ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကင်းဝေးစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော ရာသီဥတုဆိုးရွားချိန်များတွင် ခိုလှုံခွင့်ပြုသည့် နေရာများတွင် ခိုလှုံသွားပါရန်နှင့် ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ဗန်းမောက်-ဟုမ္မလင်း မြေသားလမ်း ၁၃ မိုင်နှင့် Box Culvert ၂၁ စင်း တည်ဆောက်ပြီးစီး



**ဗန်းမောက် အောက်တိုဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၅၀၈ ဒသမ ၅၄၂ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဗန်းမောက်-ဟုမ္မလင်း မြေသားလမ်း ၁၈ မိုင်တွင် ငါးမိုင်ဖောက်လုပ်ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန် ၁၃ မိုင်ကိုလည်း အပြီးသတ်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်ရှိ Box Culvert ၂၁ စင်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၉၅ ဒသမ ၅၄၃ သန်းဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် ဟုမ္မလင်းမြို့နယ်နှင့် ဗန်းမောက်မြို့နယ်ရှိ ဒေသခံပြည်သူများ တစ်မြို့နယ်နှင့် တစ်မြို့နယ် အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် များစွာအထောက်အကူပြုကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**ငွေကြယ်**

# မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့ညနေ၆နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့(Vishakhapatnam)၏ တောင်-အရှေ့ တောင်ဘက် ရေမိုင် ၂၀၀ ခန့်နှင့် ကာကီနာဒါမြို့ (Kakinada)၏ အရှေ့တောင်ဘက် ရေမိုင် ၂၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်(Depression) ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်(Depression)သည် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၅.၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅.၈ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုဘာစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်း ဖြစ်သည်။

**နောက်(၃၆)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ် (Depression)သည် နောက် ၂၄ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်(Deep Depression) အဖြစ်သို့ ရောက်ရှိနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ အောက်တိုဘာ ၁၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါမုန်တိုင်းငယ် (Depression)၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

# တမူးမြို့နယ်၌ CERP အရ ဆောင်ရွက်သည့် ကျေးရွာခြောက်ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**တမူး အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်းရှိ ကျေးရွာ ခြောက်ရွာတွင် CERP အရ Cash for Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇူလိုင်လအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း တမူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် ကျေးရွာတစ်ရွာလျှင် Cash for Work စီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ စီဖြင့် ကမ္ဘကြီးကျေးရွာ၌ ကျောင်းခြံစည်းရိုး ကာရံခြင်း၊ ရေပြွန်လေးစင်းတည်ဆောက်ခြင်း၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း၊ နန်မွန်းတားကျေးရွာ၌ ကျောင်းခြံစည်းရိုး ကာရံခြင်းနှင့်ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေနန်းကျေးရွာ၌ ကျောင်းအားကစားကွင်းပြုပြင်ခြင်းနှင့် မြောင်းကူးသစ်သားတံတား ရှစ်စင်းတည်ဆောက်ခြင်း၊ ဖိုင်လင်းကျေးရွာ၌ Box Culvert နှင့်ရေပြွန် လေးစင်း တည်ဆောက်ခြင်း၊ ရေမြောင်းတူးဖော်ခြင်း၊ နန်းအောင်မော်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း၊ နောင်ကက်ကျေးရွာ၌ Box Culvert တည်ဆောက်ခြင်း၊ ရွာတွင်းလမ်းချောင်းသဲကျောက်ခင်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများအား ဇူလိုင်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

"တမူးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာခြောက်ရွာမှာကျေးရွာတစ်ရွာကို Cash for Work စီမံကိန်းထောက်ပံ့ငွေနဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျေးရွာသူ ကျေးရွာသားတွေကိုယ်တိုင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အခုအခါလုပ်ငန်းတွေအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီး ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေဖို့နဲ့ တစ်နေ့လုပ်အားခငွေကျပ် ၄၈၀၀ ကနေ ၆၀၀၀ အထိ ချက်ချင်းငွေပေးချေစနစ်နဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်" ဟု တမူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်းက ပြောသည်။

**ဂျိုင်းလော(သတင်းစဉ်)**

# ဝန်းသိုမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်း

**ဝန်းသို အောက်တိုဘာ ၁၁**

ဝန်းသိုမြို့နယ် မြိုင်ဇေယျာကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရငွေဖြင့် ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယနေ့မှ စတင်၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အလျား ပေ၁၀၀၀ ကျော်၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ လုပ်အားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလမ်းအား မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေမှ သိန်း ၁၀၀ အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

မြိုင်ဇေယျာကျေးရွာသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများအပြင် အမှိုက်ကင်းစင်ကျေးရွာအဖြစ် သတ်မှတ်၍ လပြည့်၊ လကွယ်နေ့ရက်တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးပါက ကျေးရွာသန့်ရှင်းသာယာလှပရေး အပြင် အိမ်ခြေ ၇၈ အိမ်၊ လူဦးရေ ၃၅၀ ကျော်အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများအတွက် များစွာအကျိုးပြုလာမည်ဖြစ်ကြောင်း မြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံ ဦးဖြိုးကျော်က ပြောသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**



# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။



ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း



အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း



ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း



စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း

# ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သတင်းတု၊ သတင်းမှားများ သတိထား












မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# အကယ်ဒမီ ခင်ယုမေနှင့် ရုပ်ရှင်စကားဝိုင်း

**တွေ့ဆုံမေးမြန်း-ဒါရိုက်တာကြည်စိုးထွန်း**

ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသည့် အဆိုတော်များထဲတွင် ထိပ်ဆုံးကပါဝင်ခဲ့သူဖြစ်ပါသည်။ ခင်ယုမေသည် သူ့ခေတ် သူ့အခါက ထင်ရှားသော ဝတ်စားပုံကိုထွင်နိုင်ခဲ့သူဖြစ်သလို သဘာဝကျသော အမူအရာကိုလည်း လုပ်ဆောင်နိုင်ခဲ့သည့် ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်လေသည်။

ခင်ယုမေ၏ ရုပ်ရှင်ကားများကိုကြည့်လျှင် အမူအရာပိုလွန်းသွားသည့် ရုပ်ရှင်ကားမျိုး မရှိသလောက်ရှားပါးခဲ့သည်။ ရုပ်ရှင်ကားများကို သဘာဝကျကျ မပိုမလို သရုပ်ဆောင်နိုင်ခဲ့သလို သိုင်းရုပ်ရှင်ဇာတ်ကားများ၊ ဓားခုတ်လှံထိုး ရုပ်ရှင်ဇာတ်ကားများကိုလည်း နာမည်ရအောင် ရိုက်ကူးခဲ့သည်ကို တွေ့မြင်ရလေသည်။ ဂီတဘက်တွင် ထူးချွန်ခဲ့သလို ရုပ်ရှင်ဘက်တွင်လည်း ရုပ်ရှင်ထူးချွန်ဆုနှစ်ဆုရသည်အထိ သရုပ်ဆောင်တော်ခဲ့သော ခင်ယုမေ၏ ရုပ်ရှင်လောကအတွင်း လျှောက်လှမ်းခဲ့ပုံများကို သိရှိနိုင်ကြမည် ဖြစ်ပါသည်။

ဒီတစ်ပတ် ကျွန်တော့်ရဲ့ ရုပ်ရှင်စကားဝိုင်းကတော့ နည်းနည်းထူးခြားတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော်ရောက်နေတဲ့နေရာက အကယ်ဒမီ ရုပ်ရှင်မင်းသမီး ခင်ယုမေရဲ့ ခြံဝင်းဖြစ်ပြီး အကယ်ဒမီခင်ယုမေနဲ့ ဒီတစ်ပတ်ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ဟာ စတူဒီယိုကို မလာရောက်နိုင်တဲ့ ခင်ယုမေရဲ့ အိမ်ကိုလာပြီးတော့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

(ယမန်နေ့မှအဆက်)

**ကြည်စိုးထွန်း။** ။ 'ချစ်တမ်းကစားမယ်' နောက် သူ့ဇနီး ဒေါ်ဘေဘီနဲ့ လည်းပါတယ်နော် အဲဒီကား။ အဲဒီထဲမှာမှ ထူးထူးခြားခြား ကားနှစ်ကား ကျွန်တော်သတိထားမိတယ်။ အဲဒီကားက ဘာလဲဆိုတော့ တော်ဝင်ထွန်းက 'နှောင်' ဆိုတဲ့ကားပါ။

**ဒေါ်ခင်ယုမေ။** ။ 'နှောင်' ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ မင်းသားက။

**ဒေါ်ခင်ယုမေ။** ။ မင်းသားက အဲဒါ ကိုထွန်းမြင့်ပေါ့။

**ကြည်စိုးထွန်း။** ။ ဒါရိုက်တာ ထွန်းမြင့်ထွန်း။ ခင်သီတာထွန်းတို့အဖေ၊ ဒေါ်ခင်လေးသိမ့်တို့အဖေနော် အဲဒါက၊ အဲဒီကားမှာ မင်းသား၊ ကျွန်တော် တော်တော်သတိထားမိတယ်။

**ဒေါ်ခင်ယုမေ။** ။ အဲဒီတစ်ကားပဲလေ သူလည်းတစ်ကားပဲ။

**ကြည်စိုးထွန်း။** ။ ကိုဇော်လွင်လည်းပါတယ်။

**ဒေါ်ခင်ယုမေ။** ။ ကိုဇော်လွင် မင်းသားစလုပ်တာ၊ အဲဒီကားမှ မင်းသားစဖြစ်တာလေ။

**ကြည်စိုးထွန်း။** ။ ဒါပေမဲ့ သူက ဒုတိယမင်းသားထင်တယ်။ ဦးထွန်းမြင့်က ပထမမင်းသား။

**ဒေါ်ခင်ယုမေ။** ။ အဲဒီမှာ စထည့်တာလေ။ ရုပ်ရှင်ထဲ စပါတာပြောတာ။

**ကြည်စိုးထွန်း။** ။ နောက်တစ်ခုကတော့ အစ်မက အင်မတန် ခေတ်မီပြီးတော့ အင်မတန် ဖက်ရှင်ကျတဲ့ အစ်မက ရာဇဝင်ကားတစ်ကား သရုပ်ဆောင်ဖူးတယ်။

**ဒေါ်ခင်ယုမေ။** ။ ကိုခင်မောင်ညွန့်လေ။

**ကြည်စိုးထွန်း။** ။ ဒါပေါ့ ရာဇဝင်မှာတော့ သူက ဝိဋ္ဋာပဲ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ခင်မောင်ညွန့်က ရာဇဝင်ကတော့ တကယ်ပိုင်တဲ့လူ။

**ဒေါ်ခင်ယုမေ။** ။ သူ့မှာပစ္စည်းလည်းစုံတယ်လေ။ နန်းတော်ကြီးဆောက်မလား ဘာဆောက်မလဲ သူက ပစ္စည်းအကုန်လေ။

**ကြည်စိုးထွန်း။** ။ အဝတ်အစားလည်း ကောင်းတယ်နော်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ အဝတ်အစားတွေလည်း အဲဒီတုန်းက သိပ်ကောင်းတာပဲ 'ရူပကလျာ'။

**ဒေါ်ခင်ယုမေ။** ။ သူတို့ပဲဆင်တာလေ။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် ကောင်းလည်း ကောင်းတယ်။ နောက် ဖက်ရှင်ကျတဲ့ မင်းသမီးတစ်ယောက်က ရာဇဝင်ကားထဲမှာ ကြည့်ကောင်းပါ့မလားလို့ အောက်မေ့ရပေမယ့် လှတာပဲ။ မင်းသားကြီး ခင်မောင်ညွန့်နဲ့ အစ်မနဲ့လည်း အဲဒီတုန်းက တော်တော်လိုက်ဖက်တာပဲ။ အဲဒီပုံတွေလည်း ကျွန်တော် ပရိသတ်ကို ပြမှာပေါ့နော်။ နောက်တစ်ခု






တော်ရုံတန်ရုံ ရုပ်ရှင်သမားတွေက။

**ဒေါ်ခင်ယုမေ။** ။ 'ခက်'ဆိုတဲ့အတိုင်း ခက်ပါတယ်၊ အမယ်လေး ပြောရရင်တော့ ရုပ်ရှင်ကောင်စီတောင်ရောက်တယ်။

**ကြည်စိုးထွန်း။** ။ အဲဒီလိုဖြစ်သေးတယ်လား။

**ဒေါ်ခင်ယုမေ။** ။ ဒါရိုက်တာကလည်း ဘာရိုက်မှန်းမသိဘူး။ မဖြစ်ဘူးလို့ ဒီအတိုင်းရိုက်ရင်တော့ ငါလည်းဒုက္ခရောက်မယ်၊ ရုပ်ရှင်ကောင်စီတွေ ဘာတွေ ရောက်ရော၊ အဲဒါ ပိုင်ရှင်တွေက တရုတ်တွေ။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**ဒေါ်ခင်ယုမေ။** ။ တရုတ်တွေဆိုတော့ ပိုင်ရှင်တွေက ပထမတော့ ဒီမင်းသမီးက လက်ပေါက်ကပ်တယ် ဘာဖြစ်တယ် အပြစ်တင်တာပေါ့။ နောက်ဆုံးကျတော့ တရားတဘောင်ဖြစ်ကြရော။

**ကြည်စိုးထွန်း။** ။ ဟာဖြစ်သေးတာလား။

**ဒေါ်ခင်ယုမေ။** ။ ပြဿနာပြေလည်ရေး ရောက်တာ။

သရုပ်ဆောင်ခမပေးရင်နေလို့ ကိုယ့်ကိုဘာမှန်းမသိတာ လုပ်ခိုင်း၊ ဘာအိုက်တင်လုပ်ရမှန်း မသိတာတော့ မရိုက်နိုင်ဘူးလို့ အဲဒီလိုပြောတာ၊ သူတို့ စကားတွေများ ကိုသိန်းဇော်။

**ကြည်စိုးထွန်း။** ။ အေဝမ်းသိန်းဇော်။

**ဒေါ်ခင်ယုမေ။** ။ ကိုသိန်းဇော် ဆက်ရိုက်တာ အေဝမ်းသိန်းဇော်လေ။ ဒါရိုက်တာ ကိုသိန်းဇော် ဆက်ရိုက်တော့မှ အဲဒီကားက တကယ်ပေါက်၊ ပိုက်ဆံတွေ ဘာတွေရ၊ အဲဒီတရုတ်သူဌေးကလာပြီး ကျေးဇူးတင်လို့၊ ပိုက်ဆံသာမရရင် ဒါအပြစ်ပြောဦးမှာ။

**ကြည်စိုးထွန်း။** ။ ဩော်ဩော် 'ခက်' ဆိုတဲ့ကားနော်။

**ဒေါ်ခင်ယုမေ။** ။ 'ခက်' ဆိုတဲ့အတိုင်း ခက်တာပဲ။

**ကြည်စိုးထွန်း။** ။ ကိုဝင်းညွန့်နဲ့နော်။

**ဒေါ်ခင်ယုမေ။** ။ အင်း ကိုဝင်းညွန့်နဲ့။

**ကြည်စိုးထွန်း။** ။ ကိုဝင်းညွန့်နဲ့ဆိုတော့ ကိုဝင်းညွန့်ကလည်း ဒီ


ဘေဘီနွဲ့


အေဝမ်းသိန်းဇော်


ဒါရိုက်တာ ထွန်းမြင့်ထွန်း


ကိုဝင်းညွန့်


ဇော်လွင်


ဒါရိုက်တာ လှမြင့်

က မြန်မာ့ရုပ်ရှင်မှာ မှည့်လေ့မှည့်ထမရှိတဲ့ ရုပ်ရှင်ကားတစ်ကား၊ နာမည်မှည့်တဲ့အခါမှာ တခြားနာမည်တွေ အကောင်းလေးတွေ မှည့်ကြတာပေါ့။ အဲဒီ ဒါရိုက်တာကတော့ သူက ဒါတွေကို အယူအဆမရှိဘဲနဲ့ ကားကို ရိုက်တယ်လေ 'ခက်'ဆိုတဲ့ကား။ ကိုဝင်းညွန့်နဲ့လေနော် 'ခက်' ဆိုတဲ့ဟာကို

**ကြည်စိုးထွန်း။** ။ ဟုတ်လား။ ဒါရိုက်တာကျော်နိုင်။

**ဒေါ်ခင်ယုမေ။** ။ ဒါရိုက်တာကျော်နိုင် ဆိုပြီးတော့ ဘယ်သူမှန်းလည်း မသိပါဘူး။ အဲဒီတစ်ယောက်ရယ် အဲဒီလိုဖြစ်တဲ့အခါကျတော့ ဘယ်လိုမှ သူနဲ့ဆိုရင်တော့ မရိုက်နိုင်ဘူးလို့၊ ပိုက်ဆံ၊

ကိုသိန်းဇော်တို့နဲ့က သူတို့က ရုပ်ရှင်ထဲမရောက်ခင်ကတည်းက အဆိုတော်ဘဝ၊ ကိုဝင်းညွန့်ကလည်း အဆိုတော်နော်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

စာမျက်နှာ ၇ သို့ ●

● စာမျက်နှာ ၆ မှ

**ကြည်စိုးထွန်း။** ။ သီချင်းဆိုပြီးတော့မှ သူကလည်း ဖြစ်တာ။ ကိုဝင်းညွန့်နဲ့ နောက်တစ်ကား ရှိသေးတယ် 'မုန်းစိတ်မရည်ရွယ်' နော်။ အဲဒီထဲမှာ သီချင်းသိပ်ကောင်းတာပဲနော် အစ်မ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ကိုချစ်ဆွေနဲ့ အစ်မနဲ့ ဆိုတာနော်။ ... နှစ်ကိုယ်အချစ်တူရယ် .... ချစ်ကမ္ဘာမိုးမြေစခန်းလယ်...ကောင်းတဲ့ သီချင်း။ ကိုချစ်ဆွေနဲ့ အစ်မနဲ့ဆိုတာ။ အဲဒီ သီချင်းရရင်တော့ ကျွန်တော်က ပရိသတ်ကို ဖွင့်ပြချင်တယ်။

**ဒေါ်ခင်ယုမေ။** ။ မြန်မာ့အသံမှာတော့ ရှိမယ်ထင်တယ်။

**ကြည်စိုးထွန်း။** ။ ရှိနိုင်ပါတယ် ကျွန်တော်ရှာကြည့်ပါဦးမယ်နော်။ အဲဒီကားလည်း ထူးထူးခြားခြား ကျွန်တော် မှတ်မိနေတာပေါ့နော်၊ အဲဒါကတော့ ကိုဝင်းညွန့်နဲ့ ရိုက်ခဲ့တဲ့ကားထဲက တစ်ကားဟာ အစ်မအတွက်တော့ ထူးထူးခြားခြားပဲ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ 'ခက်'ဆိုတဲ့ကားနဲ့ 'မုန်းစိတ်မရည်ရွယ်'ဆိုတဲ့ ကားနော်။ နှစ်ကားပေါ့။ နောက်တစ်ခါကျတော့ မင်းသားကြီး မြင့်စိုးနဲ့ကတော့ 'မင်းကတော်' တစ်နေ့တာလေးနော် တစ်နေ့တာလေး။ တစ်နေ့တာဖြစ်တာ သူနဲ့ကျွန်တော်နဲ့ ပြောဖြစ်တယ်အစ်မရဲ့။ အဲဒါလေ သူက ရိုမန်ဟောလီးဒေးတို့ ဘာတို့ အားကျပြီးတော့ သူရိုက်တယ်တဲ့။ ကျွန်တော် ကြည့်ရတယ် အဲဒီကား၊ ပန်းခြံထဲမှာ ထင်တယ်။

**ဒေါ်ခင်ယုမေ။** ။ ကန်တော်ကြီးမှာလေ။

**ကြည်စိုးထွန်း။** ။ အဲဒီမှာ တစ်နေ့တာ။ အထူးခြားဆုံးကတော့ အဲဒီ ဦးကြယ်နီကြီးက အင်္ဂလိပ်တွေကို မကျေနပ်တာ၊ အင်္ဂလိပ်တွေက သူတို့ဒရိုင်ဘာခန့်ရင် ခေါင်းပေါင်းနဲ့ တိုက်ပုံနဲ့ အဲဒီလိုဗမာတွေကို အဲဒီလိုခိုင်းတယ်ပေ့ါ။ အဲဒီတော့ ငါက သူဌေးဖြစ်တယ်။ ငါက ငါ့ဒရိုင်ဘာကို မင်းတို့အနောက်တိုင်းဝတ်စုံ ဝတ်ရမယ်ဆိုပြီးတော့ ကိုမြင့်စိုးကို အနောက်တိုင်းဝတ်စုံ အဝတ်ခိုင်းတာ။ ဒရိုင်ဘာက ရှုံးနဲ့မိုးနဲ့ဟုတ်လား။ အစ်မတို့ အဲဒီအထဲမှာ ပါဆယ်ဂိမ်းတွေ ဘာတွေလည်း ကစားလားမသိဘူး၊ အဲဒီပန်းခြံထဲမှာလေ။ အစ်မ ကပြတာလားမသိဘူး။

**ဒေါ်ခင်ယုမေ။** ။ ကပြတာ။

**ကြည်စိုးထွန်း။** ။ ကျွန်တော်တော့ ကြိုက်ပါတယ်။ အဲဒီကားလေး ထူးလည်း ထူးဆန်းတယ်။


**ဒေါ်ခင်ယုမေ။** ။ ကတာကတာ သဘာဝကျတယ်တဲ့။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ်။

**ဒေါ်ခင်ယုမေ။** ။ ကနေရင်ကတတ်လို့ကတယ်ဆိုတာသဘာဝမကျဘူး။

**ကြည်စိုးထွန်း။** ။ အငြိမ့်မင်းသမီးဖြစ်သွားမှာပေ့ါ ဟုတ်တယ် မဟုတ်လား။

**ဒေါ်ခင်ယုမေ။** ။ အင်း ဟုတ်တယ်။





ခင်ယုမေ၊ မြင့်စိုး

**ကြည်စိုးထွန်း။** ။ ဒါကတော့ အပြင်က။

**ဒေါ်ခင်ယုမေ။** ။ ကိုယ်လည်း မကတတ်ဘူးလို့၊ ကတတ်မကတတ်ဟယ်တဲ့ နင့်ဟာနင် လုပ်ချင်သလိုသာလုပ်တဲ့ ကိုမြင့်စိုးက မကတတ်ကတတ်နဲ့ ကရတယ်။

**ကြည်စိုးထွန်း။** ။ ဒါပေ့ါ ဒါမှသဘာဝကျမှာ။

**ဒေါ်ခင်ယုမေ။** ။ ကောင်းတယ် အဲဒီကား။



ထွန်းဝေ၊ ခင်ယုမေ

**ကြည်စိုးထွန်း။** ။ အစ်မ အဲဒီအထဲမှာ ထဘီတိုတိုလေးနဲ့နော်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် သူက တစ်ဇာတ်ထုပ်လုံး ဒီဟာပဲ ဝတ်ရမယ်ဆိုတော့ ကိုယ်ကလည်း။

**ကြည်စိုးထွန်း။** ။ ထူးခြားတဲ့ဟာလေးပေ့ါနော်။

**ဒေါ်ခင်ယုမေ။** ။ အင်းလေ Picnic ထွက်တာမျိုးဆိုတော့ ပေ့ါပေ့ါပါးပါးလည်းဖြစ်အောင်ဆိုပြီး အစ်မက အဲဒီလို။

**ကြည်စိုးထွန်း။** ။ အစ်မ ခွေးကလေးတစ်ကောင်ပါလားလို့။

**ဒေါ်ခင်ယုမေ။** ။ ပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား အင်းဟုတ်ပြီ။ ခွေးကလေးလေ ချစ်စရာလေး။

**ဒေါ်ခင်ယုမေ။** ။ အိမ်ကခွေးလေးလေ။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**ဒေါ်ခင်ယုမေ။** ။ အစ်မတို့က ခွေးချစ်တတ်တာကိုး။

**ကြည်စိုးထွန်း။** ။ အင်းအင်း။

**ဒေါ်ခင်ယုမေ။** ။ အိမ်ကခွေးလေး ဓာတ်ပုံရိုက်တာ။

**ကြည်စိုးထွန်း။** ။ 'မင်းကတော်' ပြီး ၁၉၆၁ ခုနှစ်ကျတော့ 'ကိုယ်ပိုင်မေတ္တာ' မန္တလေးရုပ်ရှင်က။ ဒါရိုက်တာက လှမြင့်။ အင်း လှမြင့်လို့ရေးတယ် သူကနော်၊ အစ်မတို့ကတော့ ကိုလှမြင့် ခေါ်မှာပေ့ါနော်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ အဲဒီအထဲမှာ ဦးထွန်းဝေရယ်၊ အစ်မရယ်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် ကိုနေစိုး။

**ကြည်စိုးထွန်း။** ။ သြော်နေစိုးကြီး ဟုတ်တယ် ဟုတ်တယ်၊ နေစိုးကြီး သိပ်ခံ့တာပဲနော်။

**ဒေါ်ခင်ယုမေ။** ။ အင်း။

**ကြည်စိုးထွန်း။** ။ ရုပ်ကြီးက သိပ်ခံ့တာပဲ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ခံ့ခံ့ညားညားနဲ့ တကယ်ယောကျ်ားပီသတဲ့ ရုပ်ကြီး၊ ကိုထွန်းဝေကြီးကလည်း ခံ့ခံ့ညားညားကြီးပေ့ါနော်၊ အဲဒီအထဲမှာ အစ်မက ဆင်းရဲတဲ့နေရာကပါရတာ ဟုတ်တယ် မဟုတ်လား။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ဘာပဲဖြစ်ဖြစ်လေ၊ အစ်မကဆင်းရဲတဲ့နေရာကျတော့လည်း ဆင်းရဲတဲ့ရုပ်ကလေးပဲ။ ခေတ်မီမီဆိုလည်း ခေတ်မီမီ ဒီဇိုင်းလေးနဲ့၊ အစ်မက ခုနကထွက်လာတဲ့ဟာမျိုး 'မင်းကတော်' လိုဟာလည်း ခေတ်မီမီလေး ထွက်လာတယ်။ ဟိုမှာကျတော့လည်း တကယ့်ဆင်းရဲလို့တောင်မှ ကိုထွန်းဝေရဲ့ အမေက ဒေါ်ခင်ညွန့်လားမသိဘူး။

**ဒေါ်ခင်ယုမေ။** ။ မတူဘူးမတန်ဘူးပေ့ါလေ။

**ကြည်စိုးထွန်း။** ။ ဒေါ်ခင်ညွန့်လား အစ်မ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် အမေညွန့်။

**ကြည်စိုးထွန်း။** ။ အေးလေ အစ်မကို။

**ဒေါ်ခင်ယုမေ။** ။ နှင်ထုတ်တာလေ။ အပေါက်ဝကနေ မလာရဘူးဆိုပြီးတော့။ အိမ်လိုက်သွားတာ မလာရဘူးဆိုပြီးတော့ နှင်ထုတ်တာ၊ ကိုနေစိုးကြီးက လိုက်ပို့တာ။

**ကြည်စိုးထွန်း။** ။ အစ်မက ဘယ်သူ့သမီးလဲ အဲဒီအထဲမှာ အစ်မအဖေ ရှိတယ်မို့လား အဲဒီအထဲမှာ။

**ဒေါ်ခင်ယုမေ။** ။ မမှတ်မိတော့ဘူး။

**ကြည်စိုးထွန်း။** ။ ဦးချန်ထွန်းလား။

**ဒေါ်ခင်ယုမေ။** ။ ဘယ်သူလဲမသိဘူး။

**ကြည်စိုးထွန်း။** ။ အစ်မတို့က ဆင်းရဲတယ်လေ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ဆင်းရဲတယ် ဆင်းရဲတယ် နောက်ကျတော့မှ ဒေါ်ခင်ညွန့်ရဲ့ကျေးဇူးရှင်က အစ်မအဖေ ဖြစ်နေတာ၊ ထောင်ကလွတ်လာပြီးတော့ အဲဒီလိုဖြစ်ပြီးတော့မှ။

**ဒေါ်ခင်ယုမေ။** ။ ဇာတ်လမ်းတောင်မေ့သွားပြီ၊ ကိုကြည်စိုးထွန်းကတောင် အကုန်မှတ်မိနေတယ်။

**ကြည်စိုးထွန်း။** ။ အဲဒီမှာ ဦးထွန်းဝေကြီးနဲ့ ပြန်ပြီးတော့ ပေါင်းရတာပေ့ါနော် အဲဒါလေး။ လောကကြီးမှာ 'ကိုယ်ပိုင်မေတ္တာ'ဆိုတာ ရှိတယ်ဆိုတာလေး တော်တော်လည်းကောင်းပါတယ်၊ မန္တလေးရုပ်ရှင်က ကားတွေက။

**ဒေါ်ခင်ယုမေ ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း ။** ။ 'မန်းသူလေးမို့' လည်း မန္တလေး ထင်တယ်နော် အစ်မ။

**ဒေါ်ခင်ယုမေ ။** ။ 'မန်းသူလေးမို့'က ဇမ္ဗူအေးက။

**ကြည်စိုးထွန်း ။** ။ သြော် ဒေါ်မြင့်မြင့်တို့။

**ဒေါ်ခင်ယုမေ ။** ။ မမြင့်တို့။

**ကြည်စိုးထွန်း ။** ။ အစ်မ ဇမ္ဗူအေးမှာလည်း တော်တော်ရိုက်ရတယ်နော်။

**ဒေါ်ခင်ယုမေ။** ။ ရိုက်ရတယ်။

(ဆက်လက်ဖော်ပြပါမည်)



ခင်ယုမေ၊ ခင်မောင်ညွန့်






# မန္တလေးမြို့၌ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးမြို့၌ ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ်မှ ကင်းဝေးပပျောက်စေရန် မြတ်ဗုဒ္ဓ၏ ပရိတ်ကြီး ၁၁ သုတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် မြို့တွင်းသို့ ပရိတ်ရေပက်ဖျန်း ခြင်းများ ဆောင်ရွက်ရန် ဖွင့်ပွဲကို ယမန်နေ့ညနေ ၄ နာရီက မန္တလေးတောင်ခြေရှိမဟာသကျမာရဇိန် ကျောက်တော်ကြီး ဘုရား မဟာပဋ္ဌာန်းဟောရွှေသိမ်တော်၌ ပြုလုပ်ရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးများအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ခဲ့သည်။



### နေ့ညရွတ်ဖတ်ပူဇော်

အဆိုပါ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ဂေါပက အဖွဲ့ကဦးဆောင်၍ ယမန်နေ့မှစ၍ မဟာပဋ္ဌာန်းဟော ရွှေသိမ်တော်၌ ၁၀ ရက်တိုင် ကျင်းပမည်ဖြစ်ပြီး မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားမှ ဩဝါဒ စရိယဆရာတော်ကြီး ကိုးပါး အပါအဝင် ဝိဘဇ္ဇဝါဒီ ကျောင်းတိုက်မှ ပင့်သံဃာအပါး ၃၀ တို့က တစ်နာရီလျှင် သံဃာ သုံးပါးဖြင့် ပရိတ်ကြီး ၁၁ သုတ်အား ၂၀၂၀ ကြိမ်အထိ နေ့ည ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်သည်။

ယင်းဖွင့်ပွဲတွင် နန်းတော်ရှေ့ ခင်မကန်ကျောင်းတိုက် ဆရာတော်ထံမှ မဟာသကျဂေါပကအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ဒါယကာ ဒါယိကာမများက ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြခြင်း၊ ပရိတ်တရားတော်များ နာယူကြည်ညိုကြခြင်း၊ ဂေါပကဥက္ကဋ္ဌ အဂ္ဂမဟာသီရိ သုဓမ္မ မဏိဇောတဓရ ဒေါက်တာ သုဓမ္မာ ဦးကျော်ဝင်းက ပရိတ်ရွတ်ဖတ်ပူဇော်ရခြင်းအကြောင်း ရှင်းလင်း လျှောက်ထားခြင်း၊ ဆရာတော်ကြီးများအား လှူဖွယ် သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်ခြင်းနှင့် ရေစက်ချတရားများ နာယူကြည်ညိုကြခြင်းများကို ဆောင်ရွက်ပြီးနောက် အစီအစဉ်များအတိုင်း သံဃာတော် သုံးပါးမှ ပရိတ်ကြီး ၁၁ သုတ်ကို စတင်ရွတ်ဖတ်ပူဇော်ကြ သည်။

ထို့ပြင် နေ့စဉ် ပရိတ်ရွတ်ဖတ်ပူဇော်ပြီးသော ပရိတ်ရေများနှင့် ဘုရားကြီး၏ မျက်နှာသစ်တော် အမွှေး နံ့သာရည်များကို လှည့်လည်ပက်ဖျန်းမည့် မော်တော်ယာဉ် ပေါ်ရှိ ရေကန်အတွင်းထည့်၍ မန္တလေးခရိုင်အတွင်း ခုနစ်မြို့နယ်သို့ အောက်တိုဘာ ၁၁ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ ညနေ ၅ နာရီမှ ည ၈ နာရီအထိလည်းကောင်း တစ်နေ့လျှင် နှစ်ကြိမ်သတ်မှတ်ကာ အစီအစဉ်များအတိုင်း အန္တရာယ်ကင်းပရိတ်ရေများ လှည့်လည်ပက်ဖျန်းသွားမည် ဖြစ်သည်။

### ဘေးအပေါင်းကင်းဝေးစေ

ယခုပြုလုပ်သည့်အစီအစဉ်သည် ကိုဗစ်-၁၉ ရောဂါ ဘေးအန္တရာယ်မှ ကင်းဝေးစေရန်ရည်ရွယ်၍ မဟာသကျ မာရဇိန် ကျောက်တော်ကြီးဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက ဘုရားကြီး၏ ဩဝါဒစရိယ ဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယက ဆရာတော် ကြီးများထံ လျှောက်ထားဩဝါဒခံယူ၍ ပြည်သူ ပြည်သား များ ဘေးအပေါင်းမှ ကင်းဝေးစေရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကာ ရွတ်ဖတ်ပူဇော်ရာတွင် လူစုလူဝေး ဒါယကာ ဒါယိကာမများ ပရိသတ်များ မရှိစေရန်နှင့် ရွတ်ဖတ်မည့် ဆရာတော် သုံးပါးကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းသတ်မှတ်ချက်၊ ညွှန်ကြား ချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပါရာဒီဆို ရုပ်ရှင်ရုံ ၄၂ ရုံကို ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ထားသည့် ပါရာဒီဆိုအမည်ရှိ ရုပ်ရှင်ရုံ ၄၂ ရုံကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း များတွင် အသုံးပြုနိုင်ရန် လှူဒါန်းထားပြီးဖြစ်ကြောင်း ပါရာဒီဆိုရုပ်ရှင်ရုံကုမ္ပဏီဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် လွင်မိုး က ပြောသည်။

"ကျွန်တော်တို့ လှူဒါန်းတာက တစ်နိုင်ငံလုံးမှာရှိတဲ့ ပါရာဒီဆိုရုပ်ရှင်ရုံ ၄၂ ရုံလုံးကို ကိုဗစ်အတွက် လိုအပ်သလို အသုံးပြုနိုင်ဖို့ လှူဒါန်းတာ ဖြစ်ပါတယ်။ အခုဆိုအကုန်လုံးက လှူနေကြတာပါပဲ။ ကိုယ်တွေလည်း တတ်နိုင်သလောက် ဝိုင်းလှူကြတာပေါ့။ ကိုဗစ်က အားလုံးအတွက် ဘုံရန်သူပဲ။ ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံး တတ်နိုင်သလောက်၊ ရှိရင်ရှိသလောက် အကျိုးရှိအောင် ထိထိရောက်ရောက်ဖြစ်အောင် နိုင်သလောက် ဝိုင်းလှူ နေကြတာပါ။ ကျွန်တော်တို့လည်း အဲဒီအထဲက တစ်တပ် တစ်အား ပါဝင်လှူဒါန်းရခြင်းပဲ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။




၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အေးသာယာမြို့သစ် အမှတ်(၄) ရပ်ကွက်ရှိ ပါရာဒီဆို(အေးသာယာ)ရုပ်ရှင်ရုံဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့စဉ်။

အဆိုပါ လှူဒါန်းသည့် ရုပ်ရှင်ရုံများမှာ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)စသည်တို့၌ တည်ရှိပြီး ယင်းတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစိုးရအဖွဲ့သော် လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနသော်လည်းကောင်း၊ အင်န်ဂျီအိုအဖွဲ့အစည်းသော်လည်းကောင်း ထိုရုပ်ရှင်ရုံ များကို ကိုဗစ်-၁၉ အတွက် လိုအပ်သလိုအသုံးပြုနိုင်ရန် ၎င်းရုပ်ရှင်ရုံမန်နေဂျာများအား ညှိနှိုင်းပူးပေါင်းဆောင်ရွက် ကြရန် မှာကြားထားပြီးဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးလွင်မိုးက ပြောသည်။

"လိုအပ်သလိုအသုံးပြုပေါ့။ အဲဒီမှာ စောင်တွေ၊ ခေါင်းအုံးတွေ လိုတာရှိမယ်။ တချို့လိုအပ်တာတွေရှိမှာပေါ့။ လိုအပ်တာတွေကိုလည်း ကျွန်တော်တို့ အခြားအင်န်ဂျီအို အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီးတော့ ဖြည့်ဆည်းပေးဖို့ လည်း ဒီဘက်ကနေ ဝိုင်းဝန်းလုပ်ဆောင်နေတာတွေလည်း ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ရုပ်ရှင်ရုံများ၌ Lobby ခန်းမကျယ်၊ Air con၊ ရေချိုးခန်း၊ အိမ်သာ စသည်တို့ပါဝင်ပြီး လူဦးရေ ၂၀ နှင့် ၂၅ ဦးကြား နေထိုင်နိုင်ကြောင်း၊ အသုံးပြုမှုအပိုင်းအနေဖြင့် လိုအပ်ချက်ပေါ်မူတည်၍ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - အေးမင်းသူ**

# မြောက်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပျောက်ကင်းသူ ၁၁ ဦးအား ဆေးရုံမှဆင်းခွင့်ပြု

**မြောက်ဦး အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ကုသနေပြီး ရောဂါ သက်သာပျောက်ကင်းသူ ၁၁ ဦးအား ယနေ့ မွန်းတည့် ၁၂ နာရီက ဆေးရုံမှဆင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ဆေးရုံဆင်းခွင့်ပြုသူတို့အား မိမိနေအိမ်တွင် ခုနစ်ရက် အသွားအလာကန့်သတ်ထားကာ သီးသန့် နေထိုင်ရန်နှင့် ကျန်းမာရေးဆိုင်ရာ ဆက်လက်ဆောင်ရွက် ရန်အချက်များကို တိကျစွာလိုက်နာကြရန် မြို့နယ် ဆရာဝန်ကြီးနှင့် သူနာပြုဆရာမများက မှာကြားကာ ဆေးရုံဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် ၎င်းတို့အား မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက နေအိမ်သို့ပြန်လည်ပို့ဆောင် ပေးခဲ့သည်။ မြောက်ဦးမြို့တွင် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၄၅ ဦးရှိရာ ယမန်နေ့က ရောဂါပျောက်ကင်းသူ ၁၁ ဦးအား ထပ်မံဆေးရုံဆင်းခွင့် ပြုခဲ့သဖြင့် ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း ၁၄၅ ဦးရှိပြီး ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါလူနာမရှိတော့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လေးမျက်နှာမြို့နယ်ရှိ ဈေးများ၌ ဈေးသည်၊ ဈေးဝယ်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေး

**လေးမျက်နှာ အောက်တိုဘာ ၁၁**

လေးမျက်နှာမြို့နယ်၌ မြို့နယ်စည်ပင်သာယာကော်မတီဝင်များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ အောင်မင်္ဂလာဈေးနှင့် အိုင်သပြုဈေးသို့ ယနေ့နံနက်ပိုင်းက ဈေးရောင်းသူ၊ ဈေးဝယ်သူများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် အညီ နှာခေါင်းစည်း၊ မျက်နှာအကာ၊ လက်အိတ်များဝတ်ဆင်၍ ဈေးရောင်းချခြင်းများနှင့် ဈေးအတွင်းသို့ လာရောက်ဈေးဝယ်သူများက လည်း နှာခေါင်းစည်း စနစ်တကျဝတ်ဆင်ထားခြင်း ရှိ၊ မရှိ တို့ကို ဝင်ရောက်စစ်ဆေးခဲ့ကြသည်။

အဆိုပါ ဈေးများ၊ ရပ်ကွက်/ကျေးရွာများတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ကော်မတီမှ မိမိတို့မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ် နိုင်ရေး၊ ကူးစက်ပြန့်ပွားခြင်းများ မဖြစ်စေရေးအတွက် အသံချဲ့စက် များဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ သွားလာကြစေရေးအတွက် သတိပေး နှိုးဆော်ထားကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**



# ညောင်ဦးမြို့ ရွှေဂူ မိဘမဲ့ပရဟိတဘုန်းတော်ကြီးကျောင်းအတွက် ဆွမ်းဆန် ၁၀ အိတ်နှင့် မြေပဲဆီ ၁၀ ပိဿာ ထောက်ပံ့လှူဒါန်း

**ညောင်ဦး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရွှေဂူမိဘမဲ့ပရဟိတဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်းရှိ သံဃာတော်များနှင့် သာမဏေများ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလအတွင်း ဆွမ်းအခက်အခဲမဖြစ်စေရေးအတွက် ရည်ရွယ်၍ ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့နေ ဦးသိန်းဝင်း - ဒေါ်ခင်စန်းရီ (အိအိစတိုး-သိမ်ကြီးဈေး C ရုံ) မိသားစုက ဆွမ်းဆန် ၁၀ အိတ်နှင့် မြေပဲဆီသန့် ၁၀ ပိဿာ ပေးပို့ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူရှင်မိသားစုကိုယ်စား ယနေ့မွန်းလွဲပိုင်းက ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် အရှင်သာဂရက သွားရောက်၍ ထောက်ပံ့လှူဒါန်းရာ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များက လက်ခံရယူခဲ့ကြပြီး အလှူရှင်မိသားစုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။



ညောင်ဦးမြို့ ရွှေဂူမိဘမဲ့ပရဟိတဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၌ သံဃာတော်များနှင့် သာမဏေ အပါး ၆၀ ကျော်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့၌ ဝါးအဆင့်မြင့်ကုန်ချောများ ထုတ်လုပ်လျက်ရှိ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွှေနဒီပရဟိတဘုန်းတော်ကြီးကျောင်းတွင် ဆရာတော် ဘဒ္ဒန္တယုဇန၏ အစီအစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်အထောက်အကူဖြစ်စေရန်အတွက် ဝါးစိုက်ပျိုးဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ဝါးအဆင့်မြင့်ကုန်ချော ထုတ်လုပ်ခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဝါးများကို အဆင့်မြင့်ကုန်ချောများ ထုတ်လုပ်နိုင်စေရန်အတွက် နည်းပညာလေ့လာပြီး အမြဲတမ်းလုပ်သား ကိုးဦးဖြင့် ဝါးများကို ပေါင်းတင်ခြင်း၊ ပိုးသတ်ခြင်းနှင့် ဝါးအဆင့်မြင့်ထုတ်ကုန်များဖြစ်သည့် ဝါးဆက်တီ၊ ဝါးဒန်းလေးစင်၊ နှစ်ဖက်ထိုင် ဝါးနားနေဆောင်ငယ်၊ ဝါး Dream bed အစရှိသည့် ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသည့်အပြင် မိမိတို့ကြိုက်နှစ်သက်ရာ ဒီဇိုင်းပေး၍ မှာယူနိုင်ကြောင်းလည်း သိရသည်။

ရွှေနဒီကျောင်းဆရာတော်သည် တစ်နိုင်ငံလုံးတွင် ပေါက်ရောက်သည့် ဝါးမျိုးများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်စေရန်အတွက် ခြောက်ဧက ကျယ်ဝန်းသည့် Bamboo Garden တစ်ခုကိုလည်း အဆိုပါကျောင်းအနီးမှာပင် ၂၀၁၉ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။ ယခုအထိ ဝါးအမျိုးအစား ၁၀ မျိုးခန့် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

● **ရှမ်းနှင့် ဟံသာဝတီမှ**

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်း နိုင်ငံများမှ ကလပ်အသင်းများအတွက် ကလပ်ပြိုင်ပွဲ သုံးခု ကျင်းပလျက်ရှိပြီး AFC Cup ပြိုင်ပွဲမှာ ဒုတိယအဆင့်မြင့်ဆုံးပြိုင်ပွဲလည်းဖြစ်သည်။ AFC Cup ပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိသော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပြီးဆုံးအောင်ကျင်းပနိုင်ခြင်းမရှိဘဲ အုပ်စုပွဲစဉ်များကျင်းပနေသည့် ကာလမှာပင် ဖျက်သိမ်းခဲ့ရသည်။ အာရှနိုင်ငံအများစုတွင် ကိုဗစ်ရောဂါကြောင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်သည့်နိုင်ငံမရှိရာ နောက်ဆုံးတွင် ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တစ်သင်း၊ ခြေစစ်ပွဲအဆင့်မှ တစ်သင်းသာ ယှဉ်ပြိုင်ခွင့်ရထားပြီး ရှုံးထွက်ချန်ပီယံအသင်း သို့မဟုတ် အမှတ်ပေးပြိုင်ပွဲ ဒုတိယရသည့်အသင်းက ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ရမည်**

၂၀၂၁ AFC Cup ပြိုင်ပွဲတွင် ၂၀၂၀ MNL အမှတ်ပေးပြိုင်ပွဲချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အုပ်စုအဆင့်နှင့် ဒုတိယဆုရသည့် ဟံသာဝတီအသင်းက ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲတွင်လည်း ယှဉ်ပြိုင်ခွင့်ရထားပြီး ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကျင်းပနိုင်ခြင်းမရှိရာ အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရသည့် ဟံသာဝတီအသင်းက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ရန်ကုန်၊ ဧရာဝတီ၊ ရတနာပုံ၊ နေပြည်တော်၊ မကွေး၊ ရှမ်းယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ဖူးပြီး ဟံသာဝတီအသင်းက ပထမဆုံးယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ခုနှစ်တွင် ပြိုင်ပွဲကျင်းပသည့်ပုံစံသစ် ပြောင်းလဲခဲ့ပြီးနောက် အမြင့်ဆုံးရပ်တည်မှုအဖြစ် ရန်ကုန်အသင်းက ၂၀၁၈ ပြိုင်ပွဲတွင် အာဆီယံဇုန် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

# စာပေဗိမာန်ထုတ်စာအုပ်ဖြန့်ချီ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၈ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) ပထမဆုရ စာရေးဆရာ "ကိုတူး (သာယာမြိုင်)"ရေးသားသည့် "ပိုးဇာပုံနှိပ်လုပ်ငန်း အသက်မွေးဝမ်းကျောင်းအတတ်ပညာ"စာအုပ်ကို အောက်တိုဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အောက်တိုဘာလထုတ် သုတပဒေသာစာစောင်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ကုလသမဂ္ဂ (၇၅)နှစ်ပြည့်အထိမ်းအမှတ်" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင်(အောက်တိုဘာလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလထုတ် သုတပဒေသာစာစောင်တွင် ဆရာ ဆင်ဖြူကျွန်း သန်းထွန်း၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ နော်ရထာဝင်းတို့၏ "ကုလသမဂ္ဂ (၇၅)နှစ်ပြည့် အထိမ်းအမှတ်" မျက်နှာဖုံးဆောင်းပါးများ၊ နေမျိုးနိုင်၊ မောင်ပေါ်ထွန်း၊ ပါမောက္ခ ဦးသိန်းလှိုင်၊ ထင်ဇော်မှူးသင်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ ဆောင်းဝင်းလတ်၊ စိုးနိုင်ထွန်း(ကနီ)၊ ရဲထက်ဇော်တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ရဲရင့်နဒီ၊ လင်းထက်သော်တာတို့၏ လူကုန်ကူးမှုနှင့် ကလေးအလုပ်သမားဆိုင်ရာဆောင်းပါးများ၊ မြသိန်း၊ မောင်ကျေးရေ(ဦးမြင့်သိန်း)တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ အေးဖြူ ဒေါက်ထွေး(ဆေး/မန်း)၊ ဒေါက်တာမြင့်သန်း(သန္တေသား)တို့၏ သိပ္ပံနှင့်နည်းပညာနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊ စိုးစိုး(ပန်းတောင်း)၊ မောင်ကျေးဇူး၊ ဆူးထက်အောင်၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ အိမ္ဗွန်သုန်(မန်းတက္ကသိုလ်)၊ အမရာလင်း၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း-၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပထမအကြိမ် ဓူဝံစင်တင်ဝတ္ထုတိုပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**မန္တလေး အောက်တိုဘာ ၁၁**

သုတ၊ ရသ စာကောင်းပေမွန်များ ပေါ်ထွက်လာစေရေးနှင့် မြန်မာစာပေ တည်တံ့ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြုလုပ်သည့် မန္တလေးမြို့ ဓူဝံအထူးကုဆေးခန်း၏ ပထမအကြိမ် ဓူဝံစင်တင်ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်းအား ယမန်နေ့ ညနေ ၃ နာရီက Duwun Specialist Clinic and Diagnostic Center- ဓူဝံအထူးကုဆေးခန်း page မှ live လွှင့်၍ ထုတ်ပြန်ကြေညာခဲ့သည်။

ဓူဝံစင်တင်ဝတ္ထုတိုပြိုင်ပွဲတွင် "တိမ်ညိုပျပျလွတ်ကင်းစလျှင်"ဝတ္ထုဖြင့် စာရေးဆရာမ နိုဝင်ဘာနှင်း(ကလေး၀)က ပထမ၊ "အကြည်ရှိတယ်"ဝတ္ထုဖြင့် စာရေးဆရာ ဆလိုင်းသန်းဇော်ဝင်းက ဒုတိယ၊ "သုံးလွန်းတင်ပေမယ့်လည်း" ဝတ္ထုဖြင့် စာရေးဆရာ ဘကြီးထွန်း(စာပန်းအိမ်)က တတိယ အသီးသီးရရှိကြသည်။

ထို့ပြင် ပထမအကြိမ်ထုတ်ဝေမည့် ဓူဝံစင်တင်လက်ရွေးစင်ဝတ္ထုတိုဆုတွင် "မြေနုကျွန်းရဲ့သစ်ပင်အို"ဝတ္ထုဖြင့် စာရေးဆရာ သပြေထွန်း(ဦးညွှန့်ဗိုလ်)၊ "ဟုတ်ကဲ့"ဝတ္ထုဖြင့် စာရေးဆရာမ သဇင်နီနီ(ဒေါ်ညိုညိုတင်)၊ "လှိုင်း"ဝတ္ထုဖြင့် စာရေးဆရာ နောင်ချမ်းငြိမ်း(ဦးဇေယျ)၊ "အသက်များနှင့် ကခုန်ခြင်း"ဝတ္ထုဖြင့် စာရေးဆရာ ရိန်ဇော်၊ "မှတ်တိုင်"ဝတ္ထုဖြင့် စာရေးဆရာမောင်ဖျော် တို့က လည်းကောင်း၊ ဒုတိယအကြိမ်ထုတ်ဝေသွားမည့် ဓူဝံဆန်ကာတင် ဝတ္ထုတိုများဆုတွင် ကလောင်ရှင် ဟန်ကျူးရင့်၊ လေးနွယ်(ဒဂုံ)၊ ညိုမြခင်၊ ဇင်မွန်လွင်(S.W.T)၊ ခါမြေ နှင့် အာဒမ်မော် တို့ကလည်းကောင်း အသီးသီးရရှိကြသည်။

အဆိုပါဆုရဝတ္ထုတိုများအား အမျိုးသားစာပေဆုရ ဆရာဆူးငှက်နှင့် ဆရာညီပုလေးတို့၏ ဝတ္ထုတိုများနှင့်ပူးပေါင်းပြီး ဝတ္ထုတိုပေါင်းချုပ်စာအုပ်အဖြစ် နှစ်ကြိမ်ခွဲ၍ ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။


**သပြေထွန်း**



# စံကားဝါမြေ ရွှေပုပ္ပားဆီသို့

မေမြတ်(ဟိုတယ် / ခရီး)

နေ့စဉ်ရုန်းကန်လှုပ်ရှားနေရသော လူမှုဘဝတွင် လူမှုရေး၊ စီးပွားရေး အစရှိသည့် နယ်ပယ်အရပ်ရပ်မှ ဝင်ရောက်လာသောစိတ်ဖိစီးမှုများကို ဖြေဖျောက်နိုင်ရန် အကောင်းဆုံးသော နည်းလမ်းများတွင် ခရီးသွားခြင်းသည် အဓိကအခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသည်ကို လက်ခံပြီးဖြစ်ကြပါလိမ့်မည်။ ယနေ့ခေတ်တွင် မြန်မာနိုင်ငံ၌ ခရီးသွားဆွဲဆောင်မှုနေရာဒေသများ အများအပြားတိုးပွားလာနေသည့်အထဲမှ မြန်မာနိုင်ငံအလယ်ပိုင်းရှိ စံကားဝါမြေရွှေပုပ္ပားဆီသို့ သွားရောက်လည်ပတ်အပန်းဖြေရန် အကြံပြုလိုပါသည်။



ပုပ္ပားတောင်ကလပ်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုနေ(ကျောက်ပန်းတောင်း)

**စံကားဝါမြေသို့ ခရီးဆက်**

ပုပ္ပားမြို့လေးသည် မြန်မာနိုင်ငံအလယ်ပိုင်း ညောင်ဦးခရိုင်တွင်တည်ရှိပြီး UNESCO စာရင်းဝင် ကမ္ဘာ့အမွေအနှစ်တစ်ခုဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ အရှေ့တောင်ဘက် ကျောက်ပန်းတောင်းမြို့သို့သွားရာလမ်း၌ ဗျတ္တာပန်းဆက်လမ်းအတိုင်း ချိုးကွေ့၍ မောင်းနှင်လာခဲ့လျှင် တစ်နာရီခွဲခန့်သာ အချိန်ကြာမြင့်မည် ဖြစ်ပါသည်။ စံကားဝါမြေဆီသို့ သွားရာလမ်းတစ်လျှောက်၌ အညာမြေ၏ အငွေ့အသက်ဖြစ်သော လွမ်းမောဖွယ်ရာ ထန်းတောများကို မြင်တွေ့ရမည်ဖြစ်ပြီး ထန်းသမားတို့၏ ဘဝခလေ့တို့ကိုလည်း ဝင်ရောက်လေ့လာခံစားနိုင်ပါသည်။ အဆိုပါ ထန်းတောတို့တွင် အညာမြေ၏အနှစ်သာရဖြစ်သည့် ထန်းရည်ချိုနှင့် ဘူးသီးကြော်တို့၏ လိုက်ဖက်လှသောအရသာကို မြည်းစမ်းနိုင်မည့်အပြင် ထန်းလျက်ပြုလုပ်ပုံ အဆင့်ဆင့်ကိုလည်း စူးစမ်းလေ့လာနိုင်မည်ဖြစ်ပြီး ထန်းလျက်အမျိုးမျိုးနှင့် သန့်ရှင်းလတ်ဆတ်သော ထန်းသီးဆန်၊ ထန်းမြစ်တို့ကိုလည်း အညာပြန်လက်ဆောင်အဖြစ် ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ခရီးဆက်လာပြီး ရာသီဥတုအနည်းငယ်ပြောင်းလဲလာ၍ အေးစိမ့်စိမ့်လေးဖြစ်လာသည်နှင့်တစ်ပြိုင်နက် ပုပ္ပားမြို့အနီးသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိနိုင်ပါသည်။

ပုပ္ပားမြို့သည် မြေပြန့်ဒေသတွင်ရှိသော်လည်း အနီးအနားရှိမြို့များနှင့်နှိုင်းယှဉ်လျှင် အမြင့်ပိုင်းတွင် တည်ရှိနေသောကြောင့် အေးမြသောရာသီဥတုကို ခံစားရသည်။ ပုပ္ပားတောင်တက်လမ်းတစ်လျှောက်တွင် သစ်တောများပေါများလှသောကြောင့် အေးမြသော အအေးဓာတ်ကို ခံစားရမည်ဖြစ်သည်။ ပုပ္ပားတောင်၏ အမြင့်ဆုံးအပူချိန်သည် ၁၀၅ ဒီဂရီဖာရင်ဟိုက်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန်မှာ ၅၅ ဒီဂရီဖာရင်ဟိုက် ဖြစ်သည်။ ပုပ္ပားတောင်ကြီး၏ အရိပ်အာဝါသကြောင့်လည်း ပူပြင်းလှသော နွေရာသီအချိန်၌ပင်လျှင် အပူချိန်လွန်ကဲမှုကို မခံစားရဘဲ ရာသီဥတုမှန်ကန်သောကြောင့် ပုပ္ပားနယ်တစ်ဝိုက်တွင် ဥယျာဉ်ခြံမြေများပေါများပြီး အလှသစ်ပင်ပန်းမန်များအပြင် သီးပင်စားပင်များပါ ပေါကြွယ်ဝသော ဒေသလည်း ဖြစ်သည်။ သဘာဝအတိုင်းစိမ်းစိုနေသော သစ်တောကြီးများတည်ရှိနေခြင်းကြောင့် မြို့ပြ၏ မွန်းကျပ်မှုများမှ လွန်မြောက်ရာ နေရာတစ်ခုဖြစ်မည်မှာ မလွဲကေန်ပင် ဖြစ်သည်။

**သမိုင်းအကျဉ်း**

ပုပ္ပားဟူသောစကားလုံးသည် ပုပ္ဖဟူသော ပါဠိစကားမှ ဆင်းသက်လာပြီး "ပန်း" ဟူ၍ အဓိပ္ပာယ်သက်ရောက်ပါသည်။ "ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြား၌၊ နံ့ရှားကြိုင်လှိုင့်၊ ခါတန်ပွင့်သည်၊ ရွှေနှင့်ယိုးမှား၊ ပန်းစံကား" ဟူသော ကဗျာလေးကို စာဖတ်သူများအားလုံး ရင်းနှီးပြီးဖြစ်ပါလိမ့်မည်။ စံကားဝါမြေရွှေပုပ္ပားတွင် စံကားဝါပန်းများပွင့်ချိန်၌ ရွှေတောင်ကြီးအလားပင် စံကားဝါပန်းများဖြင့် ဝင်းဝါမွှေးကြိုင်နေတတ်ပြီး အထူးသဖြင့် တန်ခူး၊ ကဆုန်၊ နယုန်လတို့တွင် အများဆုံးပွင့်လေ့ရှိသည်။ ပုပ္ပားတောင်ဟုဆိုရာတွင် ၄၉၈၁ ပေ အမြင့်ရှိသောပုပ္ပားတောင်မကြီးနှင့် ရှေးခေတ်အခါက မီးတောင်ဖြစ်ပေါ်နေစဉ်အတွင်း၌ တည်ရှိခဲ့သော ချော်ရည်တိုင် (ယခုခေတ်တန်ခိုးကြီးဘုရားများ တည်ထားကိုးကွယ်ရာတောင်ကလပ်) ဟူ၍ရှိသည်။ ပုပ္ပားတောင်ကလပ်မှာ ၂၄၁၇ ပေ အမြင့်ရှိပြီး ပုပ္ပားတောင်မကြီးပေါက်ကွဲရာမှ ပွဲထွက်လာသောအစိတ်အပိုင်းဖြစ်သည်ဟု ဆိုကြသည်။ ပုပ္ပားနှင့်ပတ်သက်၍ ပုပ္ပားတောင်မှ သံသတ္တုမထွက်ခြင်း၊ မြေအိုး/ မြေခွက်ပြုလုပ်ခြင်းဖြင့် မကြီးပွားနိုင်ခြင်း၊ သဘာဝစိမ့်စမ်းရေများပေါများခြင်း၊ မြွေဆိုးမရှိခြင်း၊ ဆေးဖက်ဝင်အပင်များပေါများခြင်း စသည့် အံ့ဖွယ်များလည်းရှိသည်ဟု ဆိုကြသည်။

**အညာမြေ၏အိုအေစစ်**

ပုပ္ပားတောင်တွင် သဘာဝအတိုင်းစိမ့်ထွက်နေသော ရေထွက်ပေါင်း ၂၀၀ ခန့် ရှိသည့်အနက် မောင်တော်ရေထွက်၊ နှမတော်ရေထွက်၊ ငဝစမ်းရေထွက်၊ ရေဆူရေထွက်နှင့် ကြို့ချောင်းရေထွက်တို့မှာ လူသိများထင်ရှားသည်။ "စံကားဝါမြေ" ဆိုသည့်အတိုင်း ရွှေဝါရောင်စံကားဝါပန်းရနံ့များဖြင့် ထုံမွှမ်းလျက်ရှိသည့် စိမ်းစိုအုံ့ဆိုင်းနေသော တောအုပ်များအကြားတွင် တသွင်သွင်စိမ့်ထွက်နေသော ကြည်လင်အေးမြလှသည့် ရေထွက်များသည် သဘာဝအလှတရားကို ချစ်မြတ်နိုးသူများအနေဖြင့် ပုပ္ပားသို့ သွားရောက်အပန်းဖြေလည်ပတ်သင့်သည့် အချက်တစ်ချက်ပင် ဖြစ်သည်။ စိမ်းစိုလှသောသစ်ပင်ကြီးများနှင့် အေးမြကြည်လင်နေသောရေထွက်များမှာ အလွန်တရာလိုက်ဖက်သည့် သဘာဝတရားကြီးက ပေးစွမ်းထားသော ဆုလာဘ်ဟုပင် ဆိုရပေမည်။ ရေထွက်များမှ တသွင်သွင်စီးဆင်းနေသော ရေစီးသံများ၊ ကျေးငှက်လေးများ၏ တေးသံသာများကို နားဆင်ရခြင်းဖြင့်လည်း စိတ်နှလုံးပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်စေမည်မှာ မလွဲကေန်ပင်။ ဤသည်မှာ ပုပ္ပားဒေသကို "အညာမြေ၏အိုအေစစ်" ဟုပင် တင်စားခေါ်ဝေါ်ကြရသည့် အကြောင်းတရားပင် ဖြစ်ပေလိမ့်မည်။

**ပုပ္ပားတောင်ကလပ်မှာ ၂၄၁၇ ပေ အမြင့်ရှိပြီး ပုပ္ပားတောင်မကြီး ပေါက်ကွဲရာမှ ပွဲထွက်လာသောအစိတ်အပိုင်းဖြစ်သည်ဟု ဆိုကြသည်။ ပုပ္ပားနှင့်ပတ်သက်၍ ပုပ္ပားတောင်မှ သံသတ္တုမထွက်ခြင်း၊ မြေအိုး/ မြေခွက်ပြုလုပ်ခြင်းဖြင့် မကြီးပွားနိုင်ခြင်း၊ သဘာဝစိမ့်စမ်းရေများ ပေါများခြင်း၊ မြွေဆိုးမရှိခြင်း၊ ဆေးဖက်ဝင်အပင်များပေါများခြင်း စသည့် အံ့ဖွယ်များလည်းရှိသည်ဟု ဆိုကြ။**

**ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်**

၁၉၈၉ ခုနှစ်တွင် သစ်တောဦးစီးဌာနက ဘေးမဲ့တောဥယျာဉ်အဖြစ်တည်ထောင်ခဲ့သည်။ အဆိုပါ ဘေးမဲ့တောဥယျာဉ်၌ နို့တိုက်သတ္တဝါ ၁၀ မျိုး၊ ငှက်မျိုးစိတ် ၁၈၅ မျိုး၊ လိပ်ပြာမျိုးပေါင်း ၁၀၀၊ အပင်မျိုးစိတ် ၃၀၀၊ သစ်ခွမျိုးစိတ်ပေါင်း ၈၆ မျိုးနှင့် ဆေးဖက်ဝင်အပင်ပေါင်း ၃၆၃ မျိုးတို့ ရှင်သန်လျက်ရှိပါသည်။ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရှားပါးမျောက်မျက်ကွင်းဖြူ အကောင် ၅၀၀ ခန့်သည်လည်း မီးတောင်ဝကြီးထဲရှိ လျှိုမြောင်၊ ချိုင့်ဝှမ်းများတွင် နေထိုင်ကျက်စားလျက်ရှိသည်ဟု ဆိုကြသည်။ ခရီးသွားများအနေဖြင့် သဘာဝဘေးမဲ့တောဥယျာဉ် တောတွင်းလမ်းတစ်လျှောက် မျောက်မျက်ကွင်းဖြူတို့၏နေထိုင်စားသောက်မှုများအား လေ့လာခြင်း၊ မြန်မာ့ရွှေသမင်ခြံသို့ လည်ပတ်ခြင်း၊ မြင်းစီးခြင်းတို့ကိုလေ့လာခြင်း၊ ရှားပါးစန္ဒကူးခြံများ၊ ပရဆေးဥယျာဉ်နှင့် ဒေသခံများ၏ မိရိုးဖလာသယံဇာတအသုံးပြုမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို လွတ်လပ်စွာလည်ပတ်ကြည့်ရှုလေ့လာခြင်းများ ပြုလုပ်နိုင်ပါသည်။ ထို့ပြင် သုတေသနပြုလုပ်လိုသူများအနေဖြင့်လည်း မျောက်မျက်ကွင်းဖြူတို့၏ ဂေဟဗေဒနှင့် ဇီဝဗေဒ၊ လိပ်ပြာမျိုးစိတ်များ ပျံ့နှံ့မှု၊ ဆေးဖက်ဝင်အပင်နှင့် သစ်ခွပန်းပင်များ၊ ပင်လယ်ရေမျက်နှာပြင်အမြင့်အလိုက် တောပြောင်းလဲမှုအခြေအနေများ၊ သဘာဝရေထွက်စမ်းများကို လေ့လာနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဘေးမဲ့တောဥယျာဉ်သို့ သွားရောက်လည်ပတ်ခြင်းဖြင့် သဘာဝတရားကြီး၏ အလှတရားများကို တဝကြီးခံစားနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။



ပုပ္ပားတောင်မကြီးကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုနေ(ကျောက်ပန်းတောင်း)

**ပျော်ရွှင်ဆင်နွှဲ တောင်တက်ပွဲ**

ပုပ္ပားတောင်မကြီးတွင် နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ ၂၅ ရက် ခရစ္စမတ်နေ့နှင့် ဒီဇင်ဘာလ ၃၁ ရက်နေ့တို့တွင် နံနက်အရုဏ်တက်ချိန်၌ လူငယ်လူရွယ်များ၊ အသင်းအဖွဲ့များ၊ မိသားစုများစုပေါင်း၍ ပုပ္ပားတောင်တက်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ အနီးအနားရှိဒေသခံပြည်သူများအပြင် အနယ်နယ်အရပ်ရပ်မှ တောင်တက်ဝါသနာရှင်များစွာသည်လည်း ပုပ္ပားတောင်တက်ပွဲသို့ သူငယ်ချင်း၊ အပေါင်းအသင်းမိတ်ဆွေများ၊ မိသားစုများဖြင့် ပျော်ရွှင်စွာလာရောက်ဆင်နွှဲလေ့ရှိကြသည်။ ထိုနေ့များတွင် ဒေသခံအဖွဲ့အစည်းများစုပေါင်း၍ တောင်မကြီးပေါ်သို့ အောင်မြင်စွာ ရောက်ရှိလာသော တောင်တက်အဖွဲ့များအား ဖော်ရွေပျူငှာစွာဖြင့် ကောက်ညှင်းပေါင်း၊ ဆီထမင်း စသည့် မြန်မာ့ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိကြပါသည်။ သို့ဖြစ်၍ တောင်တက် ဝါသနာရှင်များအနေဖြင့်လည်း သဘာဝအလှတရားများ၊ သာယာလှသော ကျေးငှက်များ၏ တွန်ကျူးသံများနှင့် သဘာဝတရားကြီး၏လက်ဆောင် ရှုမျှော်ခင်းများကို ပုပ္ပားတောင်မကြီးအပေါ်မှ ရှုမြင်ခံစားခြင်းဖြင့် အမောအပန်းများ ဖြေဖျောက်နိုင်စေဖို့ ပုပ္ပားတောင်တက်ပွဲကို တစ်ခါတစ်ခေါက် ပါဝင်ဆင်နွှဲကြဖို့ လှုံ့ဆော်အကြံပြုလိုက်ပါသည်။

**ရှုမျှော်ခင်းများ စုံလင်စွာ ပုပ္ပါးတောင်ကလပ်မှာ**

ပုပ္ပားတောင်ကလပ်သည် သာမန်နေ့များတွင်ပင် ပုံမှန်ခရီးသွားဧည့်သည်များဖြင့် စည်ကားနေလေ့ရှိသည့်အပြင် နတ်များစံပျော်ရာအရပ်ဒေသဖြစ်သောကြောင့်လည်း နတ်ပွဲများရှိသည့်အချိန်အခါများ၌ ပုပ္ပားတောင်ကလပ်ရှိ နတ်နန်းများတွင် အနယ်နယ်အရပ်ရပ်မှ နတ်ကိုးကွယ်ယုံကြည်သူများနှင့် တစ်မူထူးခြားစွာ ကြိတ်ကြိတ်တိုး စည်ကားလေ့ရှိသည်။ တောင်ကလပ်ပေါ်သို့တက်ရာ အုတ်လှေကားတစ်လျှောက် ဘေးတစ်ဖက်တစ်ချက်စီတွင် သဘာဝအတိုင်း လွတ်လပ်စွာ ခုန်ပေါက်ပျော်မြူးနေသော မျောက်များနှင့် လက်ဆောင်ပစ္စည်းအရောင်းဆိုင်များဖြင့် စည်ကားလျက်ရှိပါသည်။ ပုပ္ပားတောင်ကလပ်တွင် သဘာဝအလှတရားများဖြင့် ပြည့်စုံနေရုံသာမက မျောက်များအားအစာကျွေးခြင်း၊ မျောက်များနှင့်အတူ လွတ်လပ်ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်နိုင်ခြင်းသည်လည်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအား ဆွဲဆောင်နေသော အဓိကအချက်တစ်ချက် ဖြစ်ပေလိမ့်မည်။ ထို့ပြင် တောင်ကလပ်ပေါ်သို့တက်ရာ အုတ်လှေကားတစ်နေရာတွင် ခရီးသွားဧည့်သည်များ အမောပြေအနားယူစားသုံးနိုင်သော အရသာရှိလှသည့် အညာဒေသ၏ ရှောက်သီးသုပ်၊ ခေါက်ဆွဲသုပ်၊ အာပူလျှာပူ၊ အသုပ်စုံ အစရှိသည်တို့ကို ရောင်းချသောဆိုင်များသည်လည်း ဒေသခံပြည်သူများနှင့် ခရီးသွားများအကြား ရေပန်းစားလှသောကြောင့် အခါအခွင့်ကြုံခဲ့ပါက မြည်းစမ်းကြည့်ခဲ့စေလိုပါသည်။ ပုပ္ပားတောင်ကလပ်၏ ထိပ်ဆုံးသို့ ရောက်ရှိသောအခါ သပ္ပာယ်လှစွာသော ဘုရားများကို ဖူးမြော်နိုင်မည်ဖြစ်ပြီး တောင်ထိပ်ပေါ်မှ စီးမျှော်မြင်တွေ့ရသော ရင်သပ်ရှုမောဖွယ် သဘာဝတောတောင်ရှုခင်းအလှများနှင့် ပုပ္ပားမြို့ဝန်းကျင်ရှိမြို့လေးများ၏ အလှတရားများကို တစ်ဝကြီးခံစားရမည်မှာ အသေအချာပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ကိုဗစ်-၁၉ ကာလအလွန်တွင် သဘာဝအလှတရားများနှင့် တွေ့ဆုံ၍ စိတ်လက်အပန်းဖြေနိုင်စေရန် မြို့ပြ၏မွန်းကျပ်မှုများမှဝေးရာ ပုပ္ပားမြို့လေးသို့ တစ်ခါတစ်ခေါက် သွားရောက်အပန်းဖြေနိုင်ရန် တိုက်တွန်းရေးသား အကြံပြုလိုက်ပါသည်။ ။

# ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်နှင့် အမေရိကန်သမ္မတ ထရမ့်တို့ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါအခြေအနေ ဆွေးနွေး

**တိုရွန်တို အောက်တိုဘာ ၁၁**
ကနေဒါနိုင်ငံဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှ အမြန်ဆုံး သက်သာပျောက်ကင်းစေရန် ဆန္ဒပြုခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

ထရမ့်နှင့် ထရူဒေါတို့က ကပ်ရောဂါ ထိန်းချုပ်ရေး ကြိုးပမ်းမှုများနှင့် နှစ်နိုင်ငံစလုံးရှိ ပြည်သူများ ဘေးအန္တရာယ်ကင်းရေးတို့ကို ဆွေးနွေးခဲ့သည်။ တရုတ်နိုင်ငံ၌ ထိန်းသိမ်းခံထားရသော ကနေဒါနိုင်ငံသားနှစ်ဦး လွတ်မြောက်ရေးကြိုးပမ်းပေးသည့် အမေရိကန်နိုင်ငံ၏ ပံ့ပိုးမှုအတွက် ထရူဒေါက ဒေါ်နယ်ထရမ့် ကို ကျေးဇူးတင်ရှိခဲ့သည်။

ဒေါ်နယ်ထရမ့်မှာ အခြားသူများသို့ ကူးစက်နိုင်သည့်အန္တရာယ်မရှိတော့ကြောင်း၊ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဗဟိုဌာန၏ ဘေးအန္တရာယ်ကင်းရေး စံသတ်မှတ်ချက်များ ပြည့်မီကြောင်း အိမ်ဖြူတော် သမားတော် စီယံကွန်လေက အောက်တိုဘာ ၁၀ ရက် ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။ ဒေါ်နယ်ထရမ့်က ယမန်နေ့ အစောပိုင်းတွင် အိမ်ဖြူတော်၌ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဝေါလ်တာရိဒ်စစ်ဆေးရုံတင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် လူမြင်ကွင်း ထွက်ပေါ်လာခြင်းဖြစ်သည်။


မိမိအနေဖြင့် ကျန်းမာရေးကောင်းမွန်ကြောင်း၊ စီးပွားရေး၊ အငြင်းပွားဖွယ် စာပို့စနစ်ဖြင့်မဲပေးခြင်း အပါအဝင် ကိစ္စရပ်များစွာ ကိုင်တွယ်နိုင်ခဲ့ကြောင်း ထရမ့်က ထောက်ခံသူများကို ပြောကြားခဲ့သည်။

**ကိုးကား-စပွတ်ညစ်ခ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါတို့ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၅ ရက်က G7 ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံစဉ်။

# အရှေ့အလယ်ပိုင်းဒေသလုံခြုံရေးအတွက် သံတမန်နည်းလမ်းဖြင့် ပြန်လည်အဖြေရှာရန် အီရန်ကို တရုတ်တိုက်တွန်း



အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗစ်ဇာရစ်ဖ်(ဝဲ)နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ(ယာ) တို့ တန်ချောင်းမြို့တွင် တွေ့ဆုံစဉ်။

**ပေကျင်း အောက်တိုဘာ ၁၁**
အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများအကြား ဖြစ်ပေါ်နေသည့် နိုင်ငံရေးတင်းမာမှုများ ပြေလျော့စေရေးအတွက် သံတမန်နည်းလမ်းဖြင့် အဖြေရှာရန် လိုအပ်သောကြောင့် ဆွေးနွေးပွဲသစ်တစ်ရပ် အမြန်ဆုံးကျင်းပပြီး နိုင်ငံအချင်းချင်း အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများ ပြန်လည်တည်ဆောက်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗစ်ဇာရစ်ဖ်နှင့် အောက်တိုဘာ ၁၀ ရက်တွင် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားလိုက်သည်။

အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့မှာ ယီမင်စစ်ပွဲအရေး၊ အီရန်၏ အီရတ်အပေါ် လွှမ်းမိုးမှုကိစ္စနှင့် ဆော်ဒီက အမေရိကန်ပြည်ထောင်စုကို ထောက်ခံမှုပြုခြင်းစသည့် ကိစ္စရပ်များကြောင့် ဒေသတွင်း နိုင်ငံရေးအာဏာလွန်ဆွဲမှုများ ဖြစ်ပေါ်ကာ နှစ်နိုင်ငံကြား ဆက်ဆံရေးတင်းမာလျက်ရှိသည်။ ဝမ်နှင့် ဇာရစ်ဖ်တို့နှစ်ဦးသည် အမေရိကန်ပြည်ထောင်စု နုတ်ထွက်သွားခဲ့သည့် ၂၀၁၅ အီရန် နျူကလီးယားသဘောတူညီချက်ကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။

နှစ်နိုင်ငံထုတ်ပြန်သည့် အစီရင်ခံစာတွင် "အရှေ့အလယ်ပိုင်းဒေသ လုံခြုံရေးကိစ္စရပ်များအတွက် နိုင်ငံရေးနှင့် သံတမန်ရေးအရ အဖြေထုတ်ပေးနိုင်မည့် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း" ဖော်ပြပါရှိသည်။ ဇာရစ်ဖ်က အနှစ်သာရအပြည့်ရှိသည့် တွေ့ဆုံမှုဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတွက်လည်း ဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးများ ဆက်လက်ဖန်တီးသွားမည်ဖြစ်ကြောင်းကို ၎င်း၏ တွစ်တာစာမျက်နှာပေါ်မှ တစ်ဆင့် ဖော်ပြခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ ဘာသာပြန်-မေလွဲ့သင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၇၅၂၁၀၉၄ | ဦး |
| သေဆုံးသူ | ၁၀၇၈၄၀၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၈၁၅၇၄၀၄ | ဦး |

# နီပေါအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**ခတ္တမန္ဒူ အောက်တိုဘာ ၁၁**
နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်း ပို့ဆောင်ရေးဝန်ကြီး ယိုဂတ်ရှ်ဘတ်တာရိုင်းက ၎င်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ကြောင်း အတည်ပြုခဲ့ရာ နီပေါနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသည့် ပထမဆုံးသော အစိုးရအဖွဲ့ဝန်ကြီး ဖြစ်လာခဲ့သည်။

ဓာတ်ခွဲနမူနာများကို ယမန်နေ့နံနက်ပိုင်းက စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း လူမှုကွန်ရက်၌ ယိုဂတ်ရှ်က ရေးသားခဲ့သည်။ အောက်တိုဘာ ၅ ရက်က ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုပြုလုပ်ရာ ပိုးမတွေ့ခြင်းကြောင့် ခတ္တမန္ဒူမြို့တော်ပြင်ပ၌ အခမ်းအနားအချို့ ပါဝင်ဆင်နွှဲခဲ့ကြောင်း ၎င်းက ပြောသည်။ အောက်တိုဘာ ၉ ရက်တွင် အနည်းငယ်ဖျားနာခြင်းကြောင့် နောက်နေ့နံနက်တွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုပြုလုပ်ရာ ဗိုင်းရပ်စ်ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။

"ဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ကျွန်တော်နေအိမ်မှာ သီးခြားခွဲနေလျက်ရှိပါတယ်" ဟု ယိုဂတ်ရှ်က ပြောသည်။ နီပေါဝန်ကြီးချုပ် ကေပီရှာမာအိုလီ၏ လက်ထောက်ငါးဦးခန့် ဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ဝန်ကြီး ယိုဂတ်ရှ်တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အနီးကပ်လက်ထောက်များ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရခြင်းကြောင့် ဝန်ကြီးချုပ် ဗိုင်းရပ်စ်ကူးစက်ခံရနိုင်မှု အန္တရာယ်များနှင့်ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

နီပေါနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့လူနာ ၁၀၆၀၀၀ ကျော်၊ ပိုးကင်းစင်လူနာ ၇၄၂၅၂ ဦးနှင့် သေဆုံးသူ ၆၁၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဩစတြေးလျ၏ နိုင်ငံခြားခရီးသွားလာမှုပြန်လည်ခွင့်ပြုရန် ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူတို့နှင့် ဆွေးနွေးမှုများ စတင်

**မဲလ်ဘုန်း အောက်တိုဘာ ၁၁**
ဩစတြေးလျနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု တဖြည်းဖြည်း လျော့နည်းကျဆင်းလာပြီဖြစ်သည့်အတွက် နိုင်ငံခြားခရီးသွားလာမှုကို ပြန်လည်ခွင့်ပြုနိုင်ရေး ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် အခြား တောင်ပစိဖိတ်နိုင်ငံများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ယနေ့တွင် ပြောကြားခဲ့သည်။

**စီးပွားရေးကျဆင်းမှုဖြစ်ပေါ်**

ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့လာမှုကြောင့် ပြီးခဲ့သည့် မတ်လကတည်းက ဩစတြေးလျနယ်စပ်အဝင်ဂိတ်များအားလုံးကို ပိတ်ပစ်ခဲ့ပြီးနောက် ဆယ်စုနှစ်သုံးစုအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် စီးပွားရေးအလွန်အမင်းကျဆင်းမှုပါ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်ခဲ့ရသည်။ ဩစတြေးလျနိုင်ငံ၏ စီးပွားရေးသည် ဝန်ဆောင်မှုလုပ်ငန်းများကို အခြေပြုထားခြင်းကြောင့် ပညာရေးနှင့် ကုန်သွယ်ရေးဝန်ဆောင်မှုများမှ ဝင်ငွေလျော့ကျသွားရာ စီးပွားရေးကျဆင်းမှုပါ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဩစတြေးလျသည် အခြားနိုင်ငံများနှင့် နှိုင်းစာပါက ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ခဲ့သော်လည်း ကိုဗစ်-၁၉ ဒုတိယလှိုင်း၏ ရိုက်ခတ်မှုကြောင့် ဩဂုတ်လအစောပိုင်းတွင် ကူးစက်နှုန်းမြင့်မားခဲ့သည့် ဗစ်တိုးရီးယားပြည်နယ်တစ်ခုလုံးကို အသွားအလာအပြည့်အဝ ထိန်းချုပ်ခဲ့ရသည်။ သို့ရာတွင် ဝန်ကြီးချုပ်မော်ရစ်ဆင်က ဩစတြေးလျသည် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်သည့် လက်တစ်ဆုပ်စာသောနိုင်ငံများတွင် ပါဝင်ကြောင်း ပြောကြားသည်။

**လေကြောင်းပြေးဆွဲရန်စီစဉ်**

ဝန်ကြီးချုပ် မော်ရစ်ဆင်က ခရီးသွားလာမှုကို စတင်ဆွေးနွေးနေပြီဖြစ်သော်လည်း ယခုကာလတွင် လွန်ခဲ့သည့် ခြောက်လကာလကကဲ့သို့ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရာနှုန်းပြည့် အာရုံစိုက်ထားဆဲဖြစ်ပြီး စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လမ်းပွင့်လာရေးအတွက် လေကြောင်းလိုင်းများကို ပြန်လည်ပြေးဆွဲရန် စီစဉ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ မော်ရစ်ဆင်၏ ပြောကြားချက်ကို ဩစတြေးလျကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဘက်ကလည်း ကြိုဆိုခဲ့ပြီး ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ရန် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်ရေးက အရေးကြီးသည့် အချက်ဖြစ်သော်




ဩစတြေးလျနိုင်ငံ ဆစ်ဒနီ အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ နိုင်ငံတကာလေယာဉ်များ ဆိုက်ကပ်ရာ ကင်းဖို့ဒ် စမစ်သ် ဧရိယာ

လည်း ဗိုင်းရပ်စ်ပြန့်ပွားမှုကို တားဆီးရန်အတွက် တင်းကျပ်သည့် အစီအမံများ ထားရှိဦးမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

**ကိုးကား-အေဘီစီ၊ ဘာသာပြန်-မေလွဲ့သင်း**

# ထရမ့်၏ စီးပွားရေးဆောင်ရွက်ချက်များကို ဘိုင်ဒင် ပစ်မှတ်ထားဝေဖန်

**ပင်ဆယ်ဗေးနီးယား အောက်တိုဘာ ၁၁**

ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်က သမ္မတထရမ့်မှာ အလုပ်သမားလူတန်းစားများထက် သန်းကြွယ်သူဌေးများ၏ အကျိုးအတွက်သာ အဓိကထားသည့် စီးပွားရေးစီမံခန့်ခွဲမှုကို ပုံဖော်နေကြောင်း ပင်ဆယ်ဗေးနီးယားပြည်နယ် အေရီခရိုင်တွင် ပြုလုပ်သော မဲဆွယ်စည်းရုံးရေးခရီးစဉ်အတွင်း စွပ်စွဲလိုက်သည်။

**လူချမ်းသာများအတွက်သာဖြစ်**

ဘိုင်ဒင်က ထရမ့်မှာ အလုပ်သမားလူတန်းစားများကို စောင့်ရှောက်ပေးသည့်ပုံစံဖြင့် ဟန်ဆောင်ပြီး တကယ်လက်တွေ့တွင် သန်းကြွယ်သူဌေးများ၏ သားသမီးများကို ဘီလျံနာများဖြစ်အောင် ဖန်တီးပေးနေသည့်စနစ်ကို ကျင့်သုံးနေကြောင်း ဝေဖန်ခဲ့သည်။ သမ္မတထရမ့်၏ အခွန်နှင့် နိုင်ငံခြားကုန်သွယ်မှုမူဝါဒများမှာ ၂၀၁၆ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက် ဟီလာရီကလင်တန်ကို အသာရခဲ့သည့် အကြောင်းတရားများဖြစ်ပြီး ထရမ့်၏ စီးပွားရေးမူဝါဒသည်လည်း ကိုဗစ်-၁၉ ရောဂါ မဖြစ်မီ အမေရိကန်စီးပွားရေး ပြန်လည်တိုးတက်အောင် များစွာ အထောက်အပံ့ပြုခဲ့သည်ကို တွေ့ရသည်။

ဘိုင်ဒင်က "အမေရိကန်သမိုင်းဟာ မညီမျှမှုတွေနဲ့ ပြန်လည်နာလန်ထူနိုင်တဲ့ ကာလတွေကို ဖြတ်ကျော်ခဲ့ရပြီးပါပြီ။ ကိုဗစ်-၁၉အကျပ်အတည်းမှာ အများဆုံးအထိနာသူတွေက လက်လုပ်လက်စားတွေဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေနဲ့ လစာအများကြီးရနေတဲ့သူတွေက အကြီးအကျယ် ထိခိုက်ခဲ့တာမျိုးမရှိပါဘူး" ဟု ထည့်သွင်းပြောကြားခဲ့သည်။



ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်(ဝဲ) နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်(ယာ)

ယခု ဘိုင်ဒင်၏ မဲဆွယ်ပွဲကို တက်ရောက်လာသူအများစုမှာ ဈေးရောင်းသူနှင့် ကုန်သည်များဖြစ်ပြီး အေရီခရိုင်မှာ ဒီမိုကရက်တစ်ပါတီသမ္မတလောင်းအများစု၏ အောင်မြေလည်းဖြစ်သည်။ အေရီခရိုင်သည် ရီပတ်ဘလီကန် သမ္မတလောင်းများဖြစ်သည့် ၂၀၁၆ ခုနှစ်တွင် ထရမ့်၊ ၁၉၈၄ ခုနှစ်တွင် ရော်နယ်ရီဂင်နှင့် ၁၉၉၈ ခုနှစ်တွင် ဂျော့ချ်ဘုချ်(ဂျူနီယာ)တို့မှလွဲ၍ ဒီမိုကရက်တစ်သမ္မတလောင်းများသာ မဲအရေအတွက် အသာရလေ့ရှိသည့် မဲဆန္ဒနယ်လည်းဖြစ်ရာ ဘိုင်ဒင်အနေဖြင့် ထရမ့်၏ အဓိကအားသာချက်ဖြစ်သည့် စီးပွားရေးမူဝါဒကို ပစ်မှတ်ထားကာ ထိုးနှက်ခဲ့ခြင်းဖြစ်သည်။

**ထရမ့်၏ စီးပွားရေးမူဝါဒအပေါ် ယုံကြည်မှုရှိဆဲ**

ပျူးသုတေသနစစ်တမ်းအရ ကိုဗစ်-၁၉ ရောဂါကိုင်တွယ်မှုနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းရာ ဘိုင်ဒင်အပေါ် ထရမ့်ထက် ယုံကြည်သူအရေအတွက် ပိုမိုများပြားခဲ့သော်လည်း စီးပွားရေးမူဝါဒနှင့်ပတ်သက်၍မူ ထရမ့်၏ ဆုံးဖြတ်ချက်များ မှန်ကန်ခဲ့သည်ဟု ဖြေဆိုသူ ၅၂ ရာခိုင်နှုန်းအထိ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

သမ္မတထရမ့်နှင့် အစိုးရအဖွဲ့ဝင်များက ဘိုင်ဒင်၏ အခွန်နှင့် စွမ်းအင်မူဝါဒများက အမေရိကန်ပြည်ထောင်စုလို စက်မှုထွန်းကားသည့်နိုင်ငံကို သေချာပေါက် အထိနာစေမည်ဖြစ်ကြောင်း မီဒီယာများနှင့်တွေ့ဆုံတိုင်း ပြောကြားလေ့ရှိသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-မေလှဲ့သင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၇ သန်းကျော်အထိရှိလာ

**နယူးယောက် အောက်တိုဘာ ၁၁**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၇ သန်းကျော်အထိ ရှိလာခဲ့ကြောင်း အမေရိကန်အခြေစိုက် ဂျွန်ဟော့ကင်းတက္ကသိုလ်က ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၃၇၅၂၃၀၉၄ ဦးနှင့် သေဆုံးသူ ၁၀၇၈၄၀၄ ဦး ရှိခဲ့ကြောင်းလည်း ယင်းတက္ကသိုလ်၏ သိပ္ပံနှင့် အင်ဂျင်နီယာအဖွဲ့အစည်းဗဟိုမှ အချက်အလက်များအရ သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုအများဆုံးဖြစ်ပြီး ကူးစက်ခံရသူစုစုပေါင်း ၇၉၄၅၉၄၅ ဦးနှင့် သေဆုံးသူ ၂၁၉၂၉၁ ဦးရှိခဲ့ကြောင်းသိရသည်။ ယင်းနောက်တွင် အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၀၅၃၈၀၈ ဦးနှင့် ဘရာဇီးနိုင်ငံသည် ကူးစက်ခံရသူစုစုပေါင်း ၅၀၉၁၈၄၀ အသီးသီးရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံ၊ စပိန်နိုင်ငံ၊ ပီရူးနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့သည်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၁၀၀၀၀ နှင့်အထက် အသီးသီးရှိနေပြီး အိန္ဒိယနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် အီတလီနိုင်ငံတို့မှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၃၆၀၀၀ နှင့်အထက် အသီးသီးရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၄၂၀ ကျော်ရှိခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်းလည်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အယ်လ်ဂျီးရီးယားနိုင်ငံ၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦး သေဆုံး၊ ၁၆ ဦး ဒဏ်ရာရ



**အယ်လ်ဂျီးရီးယားစ် အောက်တိုဘာ ၁၁**

အယ်လ်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ ယမန်နေ့က ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ငါးဦး သေဆုံးခဲ့ပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန အေပီအက်စ်က ဖော်ပြခဲ့သည်။

အယ်လ်ဂျီးရီးယားစ်မြို့တော်၏အနောက်ဘက် ကီလိုမီတာ ၅၅၀ ခန့်အကွာ အယ်လ်ဘာယာမြို့၌ ယမန်နေ့ မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အေပီအက်စ်သတင်းဌာနက ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကိုကိုးကား၍ ဖော်ပြခဲ့သည်။ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦး သေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်းဌာနက ဆိုသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သမ္မတ အဒယ်လ်မာ ဂျက်တက်ဘော်နီက သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုများသို့ ဝမ်းနည်းစကားပြောကြားခဲ့သည်။

ဒဏ်ရာရရှိသူများကို ကုသပေးရာတွင် လိုအပ်သော အစီအမံများအားလုံး ဆောင်ရွက်ကြရန် အဒယ်လ် မာဂျက်က အစိုးရဌာနများသို့ ညွှန်ကြားခဲ့သလို ပေါက်ကွဲမှုဖြစ်စဉ် အသေးစိတ်ဖော်ထုတ်ရေး စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ရန် ၎င်းက ပြည်ထဲရေးဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ယူကရိန်းက ပြည်တွင်းဖြစ်ဒုံးကျည် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**ကီယက်ဗ် အောက်တိုဘာ ၁၁**

ယူကရိန်းနိုင်ငံသည် တိုက်လေယာဉ်များပေါ်မှတစ်ဆင့် ပစ်ခတ်နိုင်စွမ်းရှိသော ပြည်တွင်းဖြစ် အာရ်အက်စ်-၈၀ ဒုံးကျည်ကို အောက်တိုဘာ ၉ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ယူကရိန်းဖောင်း သတင်းအေဂျင်စီက ဖော်ပြသည်။

အဆိုပါ ဒုံးကျည်ကို ယူကရိန်းနိုင်ငံပိုင် ကာကွယ်ရေးကုမ္ပဏီ၏ လက်အောက်ခံတစ်ခုဖြစ်သည့် အာတမ်ကုမ္ပဏီက ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာန၏ လိုအပ်ချက်အရ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းကာကွယ်ရေးကုမ္ပဏီသည် ယင်းဒုံးကျည်များကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ပြီးနောက် ယခု ဝယ်ယူသူများထံ လွှဲပြောင်းပေးရန် အသင့်ရှိနေပြီဖြစ်ကြောင်း ယူကရိန်းဖောင်းသတင်းအေဂျင်စီက ထပ်မံဖော်ပြထားသည်။

အာရ်အက်စ်-၈၀ ဒုံးကျည်သည် သံချပ်ကာတပ်ဖွဲ့၏ ပစ်မှတ်များ၊ တင့်ကားများ၊ သံချပ်ကာယာဉ်များ၊ ရွေ့လွယ်ပြောင်းလွယ်သောသေနတ်များနှင့် အခြားပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းဆွဲထားပြီး ဒုံးကျည်ထိပ်ဖူးတပ်ဆင်ထားသည့် ဒုံးကျည်တစ်မျိုးဖြစ်သည်။ ထို့အပြင် အဆိုပါဒုံးကျည်ကို လေယာဉ်ပေါ်တွင်သာမက မြေပြင်အခြေပြု ဒုံးပစ်စင်များနှင့် တိုက်ခိုက်ရေးသင်္ဘောများပေါ်မှတစ်ဆင့် ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းလည်း ရှိသည်။

အာတမ်ကုမ္ပဏီသည် ယူကရိန်းနိုင်ငံပိုင် ကာကွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ယူကရိုဘိုရွန်ပရွမ်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သည့် အဆိုပါ ယူကရိုဘိုရွန် ပရွမ်ကုမ္ပဏီတွင် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းပေါင်း ၁၃၀ ခန့်ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## ထိုင်းနိုင်ငံ၌ ရထားနှင့် ကားတိုက်မိ၍ ၂၀ သေဆုံး၊ ၄၀ ဒဏ်ရာရ

**ဗန်ကောက် အောက်တိုဘာ ၁၁**

ထိုင်းနိုင်ငံတွင် ခရီးသည်တင်ကားကို ရထားတစ်စင်းက တိုက်မိ၍ ၂၀ သေဆုံးခဲ့ပြီး အနည်းဆုံး ၄၀ ဒဏ်ရာရရှိခဲ့သလို ဒဏ်ရာပြင်းထန်သူများလည်းရှိသဖြင့် သေဆုံးသူ အရေအတွက် ထပ်မံ တိုးလာနိုင်ကြောင်း ယနေ့တွင် အာဏာပိုင်များက အတည်ပြုပြောခဲ့သည်။ ယခုမတော်တဆဖြစ်စဉ်မှာ ထိုင်းဒေသစံတော်ချိန် နံနက် ၈ နာရီဝန်းကျင်က မြို့တော်ဗန်ကောက်အရှေ့ဘက် ကီလိုမီတာ ၅၀ အကွာ ခလောင်ခလန်ခဝမ် ဘူတာရုံအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ခရီးသည် ၆၀ တင်ဆောင်လာသည့် ဘတ်စ်ကားမှာ ရထားသံလမ်းအကူးတွင် ရထားက တိုက်မိခဲ့ခြင်းဖြစ်ပြီး အဆိုပါကားသည် ချာချုံဆိုရမ်ဒေသရှိ ဘုရားကျောင်းသို့ သင်္ကန်းဆက်ကပ်လှူဒါန်းရန် သွားရောက်စဉ် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆေးရုံသို့ရောက်ရှိလာသူများတွင် စိုးရိမ်ရသူ လေးဦးရှိပြီး ရှစ်ဦးကို အနီးကပ်စောင့်ကြည့်နေရဆဲဖြစ်ကြောင်း ဆေးရုံတာဝန်ရှိသူများက အတည်ပြုခဲ့သည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန် -မေလှဲ့သင်း**

## အစ္စရေးနိုင်ငံက အီသီယိုးပီးယားနိုင်ငံမှ ဂျူးလူမျိုး ၂၀၀၀ ကျော်ကို ချက်ချင်းခေါ်ယူမည်ဟုဆို

**အဒစ်အဘာဘာ အောက်တိုဘာ ၁၁**

အစ္စရေးနိုင်ငံဝန်ကြီးချုပ် နေတန်ယာဟုက အစ္စရေးနိုင်ငံအနေဖြင့် အီသီယိုးပီးယားနိုင်ငံသို့ ရောက်ရှိနေသော ဂျူးလူမျိုး ၂၀၀၀ ကျော်ကို ချက်ချင်းခေါ်ယူရန် ရည်ရွယ်ထားကြောင်း အီသီယိုးပီးယားနိုင်ငံဝန်ကြီးချုပ် အာမက်အား ပြောကြားခဲ့သည်။ အဆိုပါ ဂျူးလူမျိုး ၂၀၀၀ ကျော် ခေါ်ယူရေး ကြေညာချက်မှာ နေတန်ယာဟုက အောက်တိုဘာ ၉ ရက်တွင် အီသီယိုးပီးယားဝန်ကြီးချုပ်နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အီသီယိုးပီးယားနိုင်ငံ၏ မြို့တော် အဒစ်အဘာဘာနှင့် ဂွန်ဒါမြို့တို့တွင် အီသီယိုးပီးယားနိုင်ငံသို့ရောက်ရှိနေသော ဂျူးလူမျိုး ၁၃၀၀၀ ခန့် ရှိနေပြီး ၎င်းတို့အနက်မှ အများစုသည် ၎င်းတို့၏ နေရပ်ဖြစ်သည့် အစ္စရေးနိုင်ငံသို့သွားရောက်ရန် စောင့်ဆိုင်းနေကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ ပြီးခဲ့သည့်နှစ်က အီသီယိုးပီးယားနိုင်ငံသို့ ရောက်ရှိနေသော ဂျူးလူမျိုး ၂၅၀ ခန့်မှာ အစ္စရေးနိုင်ငံသို့ ထွက်ခွာခဲ့ကြသည်။ လက်ရှိတွင် ခရီးသွားလာခွင့်ရပ်ဆိုင်းထားသော်လည်း အစ္စရေးတာဝန်ရှိသူများက အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံမေးမြန်းမှုများကို လုပ်ဆောင်လျက်ရှိကြောင်း အီသီယိုးပီးယားနိုင်ငံသို့ ရောက်ရှိနေသော ဂျူးအသိုင်းအဝိုင်းဆိုင်ရာ အစီအစဉ်ညွှန်ကြားရေးမှူး အယ်လီမူ အာဆူကအေပီသတင်းဌာနသို့ပြောကြားခဲ့သည်။



အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် နေတန်ယာဟု

အစ္စရေးအစိုးရသည် ၂၀၁၅ ခုနှစ်အတွင်းက ကျန်ရှိနေသည့် အီသီယိုးပီးယားနိုင်ငံသို့ ရောက်ရှိနေသော ဂျူးလူမျိုးများကို အစ္စရေးနိုင်ငံသို့ခေါ်ယူရန် ကတိကဝတ်ပြုထားကြောင်း တက်ကြွလှုပ်ရှားသူများက ပြောကြားခဲ့သည်။

**ကိုးကား - အေဘီစီ**
**ဘာသာပြန် - အလင်းသစ်**

## ကျန်းမာရေးဝန်ထမ်းများအားလုံး စိတ်ပိုင်းဆိုင်ရာပြဿနာများကို ဖြေရှင်းနေရကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း ပြောကြား

**စင်ကာပူ အောက်တိုဘာ ၁၁**

စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းက ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးဝန်ထမ်းများမှာ ကိုဗစ်-၁၉ ရောဂါကို ကုသနေရရုံမျှမက ၎င်းတို့ကိုယ်တိုင်ခံစားနေရသည့် စိတ်ပိုင်းဆိုင်ရာ ကျဆင်းမှုများကိုပါ စီမံခန့်ခွဲနေရကြောင်း ပြောကြားသည်။

**ဆောင်ကြဉ်းလာ**

ဝန်ကြီးချုပ်က ကမ္ဘာ့စိတ်ကျန်းမာရေးနေ့အခမ်းအနားသို့ပေးပို့သည့် ဗီဒီယိုတွင် "ဒီကပ်ရောဂါက လူသားတွေအားလုံးကို စိတ်ဖိစီးမှုတွေ၊ ဖိအားတွေနဲ့ အနှောင့်အယှက်ပေါင်းများစွာကို ဆောင်ကြဉ်းလာခဲ့တာပါ"ဟု ဖော်ပြပါရှိသည်။

စိတ်ကျန်းမာရေးသည် လူသားတစ်ဦး သာယာဝပြောရေးနှင့် ရှင်သန်ရေးတွင် အဓိက အကျဆုံးအရာဖြစ်ပြီး လူတစ်ဦး၏စိတ်အခြေအနေမှာ နားလည်ရန် အခက်ခဲဆုံးအရာဖြစ်ကြောင်း လီက ယုံကြည်သည်။

**ဖန်တီးပေးထား**

စင်ကာပူနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာလတွင် အများပြည်သူအတွက် စိတ်ပိုင်းဆိုင်ရာကျဆင်းမှုသက်သာစေရန်အတွက် ဖုန်းဖြင့်ဆွေးနွေးနိုင်မည့် ကျန်းမာရေးစင်တာများကို ၂၄ နာရီလုံးရရှိအောင် အစိုးရဘက်က ဖန်တီးပေးထားကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - မေလွဲ့သင်း**

## လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ သန်းကျော်ရှိ

**ပါရီ အောက်တိုဘာ ၁၁**

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် ကိုရိုနာဗိုင်းရပ်စ် ပိုးကူးစက်ခံရသူ ဦးရေသည် အောက်တိုဘာ ၁၀ ရက် ဂရင်းနစ်စံတော်ချိန် ဝ၆:၄၀ နာရီတွင် ၁၀ သန်းကျော်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ထုတ်ပြန်သည့် စာရင်းကောက်ယူချက်တွင် ဖော်ပြသည်။ အဆိုပါ ကိန်းဂဏန်းအချက်အလက်များကို တရားဝင်ထုတ်ပြန်သည့် သတင်းရင်းမြစ်များအပေါ်အခြေခံ၍ အဆိုပါ သတင်းဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လတ်တလော၌ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၀၀၀၁၈၃၃ ဦးကို မှတ်တမ်းတင်ထားပြီး ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးရသူမှာ ၃၆၆၆၃၇ ဦးရှိသည်။ ဆေးကုသ နေဆဲရောဂါပိုးကူးစက်ခံရသူဦးရေမှာ ၈၅၃၇၅၆၃ ဦးရှိကြောင်း မှတ်တမ်းများ အရ သိရသည်။

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသသည် ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးသူဦးရေ အဆိုးရွားဆုံးဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ဘရာဇီးနိုင်ငံသည် အဆိုပါဒေသတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုအားလုံး၏ ထက်ဝက်ခန့်ရှိပြီး ရောဂါပိုးကူးစက်ခံရသူ ၅၀၉၁၈၄၀ နှင့် သေဆုံးသူ ၁၅၀၂၃၆ ဦးရှိသည်။ ဘရာဇီးနိုင်ငံ၏နောက်တွင် ကိုလံဘီယာနိုင်ငံသည် ရောဂါပိုးကူးစက်ဖြစ်ပွားသူ ၉၀၂၇၄၇ ဦးနှင့် သေဆုံးသူ ၂၇၆၆၀ ရှိသည်။

အာဂျင်တီးနားနိုင်ငံတွင်မူ ရောဂါပိုးကူးစက်ခံရသူ ၈၈၃၈၈၂ ဦးနှင့် သေဆုံးသူ ၂၃၅၈၁ ဦးရှိပြီး ပီရူးနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားသူ ၈၄၆၀၈၈ ဦးနှင့် သေဆုံးသူ ၃၃၂၂၃ ဦးရှိသည်။

မက္ကဆီကိုနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၈၁၄၃၂၈ ဦးရှိသော်လည်း ယင်းရောဂါဖြင့် သေဆုံးသူဦးရေမှာ ကမ္ဘာပေါ်တွင် စတုတ္ထအများဆုံးနေရာတွင်ရှိပြီး လတ်တလောတွင် သေဆုံးသူဦးရေ ၈၃၆၄၂ ဦးရှိသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဇော်ဝင်း**

## အာဖရိက၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆုံးရှုံးမှုများကို ပြန်လည်ကုစားရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံလိုအပ်မည်ဟု IMF ပြောကြား

**လာဂို့စ် အောက်တိုဘာ ၁၁**

အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ကျန်းမာရေးဆိုင်ရာဆုံးရှုံးမှုများ အပါအဝင် စီးပွားရေးဆုံးရှုံးမှုများကို ပြန်လည်ကုစားရန် လာမည့်သုံးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံ (ပေါင် ၉၂၀ ဘီလီယံ) လိုအပ်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF) က ပြောကြားခဲ့သည်။

**အထောက်အပံ့ပေးရမှာဖြစ်**

"ကမ္ဘာကြီးအနေနဲ့ အခုဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် အာဖရိက၌ ဖြစ်ပေါ်ခဲ့တဲ့ စီးပွားရေးဆုံးရှုံးမှုကို ပြန်လည်ကုစားဖို့ အာဖရိကကို အထောက်အပံ့အများအပြားပေးရမှာ ဖြစ်တယ်"လို့ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့ အကြီးအကဲ ဂျော်ဂျီဗာက ပြောကြားခဲသည်။

အာဖရိကတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၅ သန်းကျော်ရှိခဲ့ပြီး ၃၇၀၀၀ နီးပါး သေဆုံးခဲ့ကြောင်းလည်း သိရသည်။ အာဖရိကသည် အခြားသောဒေသများထက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတွင် လျော့နည်းခဲ့သည်။




**ဆင်းရဲမှုနှင့်ကြုံတွေ့**

သို့ရာတွင် အာဖရိကန် ၄၃ သန်းကျော်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလွန်အမင်းဆင်းရဲနွမ်းပါးမှု အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားခဲ့သည်။

အာဖရိက၌ အလုပ်အကိုင်များ ဆုံးရှုံးခြင်းနှင့် မိသားစုဝင်ငွေမှာလည်း ၁၂ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ခြင်းကြောင့် စီးပွားရေးအကျိုးသက်ရောက်မှုသည် မကြာသေးသည့်နှစ်များအတွင်းက တိုးတက်မှုရှိခဲ့သော်လည်း လက်ရှိတွင် ပြန်လည်ကျဆင်းလျက်ရှိကြောင်း ဂျော်ဂျီဗာက အွန်လိုင်းမှ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - အလင်းသစ်**

## အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြသော်လည်း အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့ကြား ပစ်ခတ်မှုများ၊ အပြန်အလှန်စွပ်စွဲချက်များရှိနေ



**မော်စကို အောက်တိုဘာ ၁၁**

အဇာဘိုင်ဂျန်နှင့် အာမေးနီးယား နှစ်နိုင်ငံတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် အောက်တိုဘာ ၁၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီမှ စတင်သက်ရောက်မည် ဖြစ်သော်လည်း နှစ်ဖက်စလုံးက အဆိုပါ သဘောတူညီချက်ကို ချိုးဖောက်နေသည်ဟူသော အပြန်အလှန်စွပ်စွဲချက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနှစ်နိုင်ငံလုံးသည် ဆိုဗီယက်ပြည်ထောင်စုမှ ခွဲထွက်ခဲ့သည့် နိုင်ငံများဖြစ်ပြီး ဒေသတွင်း ဩဇာကြီးမားသည့် ရုရှားနိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် နှစ်နိုင်ငံကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြသည်။ သို့ရာတွင် အာမေးနီးယားဘက်က အပစ်အခတ်ရပ်စဲရန် သဘောတူထားသည့် နိုင်ငံတောင်ပိုင်းဒေသကို ဒုံးလက်နက်များဖြင့် တိုက်ခိုက်ခြင်းခံနေရဆဲဖြစ်ကြောင်း ထုတ်ပြန်ခဲ့သလို အဇာဘိုင်ဂျန်ဘက်ကလည်း နိုင်ငံအနောက်ခြမ်း မြို့အနီးကို ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများခံခဲ့ရကြောင်း အသီးသီးကြေညာခဲ့ကြသည်။ လတ်တလောအခြေအနေအရ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ နှုတ်အားဖြင့်သာ အထမြောက်သေးပြီး မြေပြင်တွင်တိုက်ပွဲများ ဆက်လက်ဖြစ်နေဆဲပင်ဖြစ်သည်။

အဇာဘိုင်ဂျန်နိုင်ငံခြားရေးဝန်ကြီး ဘေရာမော့ဗ်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး ကတ်ဆိုဂလူတို့ ဖုန်းဖြင့် ပြောဆိုဆက်သွယ်ခဲ့ရာတွင် ဘေရာမော့ဗ်က အပစ်အခတ်ရပ်စဲမှုမှာ လူသားချင်းစာနာထောက်ထားမှုရည်ရွယ်ချက်နှင့် အကျဉ်းသားများလဲလှယ်ရေးအတွက် ယာယီသာ သဘောတူညီခဲ့ခြင်းဖြစ်သည်ဟု ဆိုခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - မေလွဲ့သင်း**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်　အောက်တိုဘာ　၁၁**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် အောက်တိုဘာ ၉ ရက် ညနေ ၆ နာရီက တမူးမြို့နယ် ခမ်းပါတ်မြို့ ထင်းဇင်ကျေးရွာအုပ်စု ကမ္မကြီးကျေးရွာအနီး ကလေး-တမူးသွားကားလမ်းတွင် လားချွန်မောယာ(ခ) မောယာမောင်းနှင်ပြီး ဇိုင်းမိုင်းထန်း၊ ရန်လင်းအောင်(ခ) မားလူနာ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၆ ကီလိုကိုလည်းကောင်း။

အလားတူ ယမန်နေ့ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် မိုးညှင်းမြို့-နန့်စီးအောင်သွားကားလမ်း နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သန်းလွင်ဦးမောင်းနှင်ပြီး မင်းမင်းလတ်နှင့် ဟန်လင်းအောင်တို့ လိုက်ပါလာသည့် ၁၂ ဘီးယာဉ်ကို ရပ်တန့်ရှာဖွေရာ အမိုနီယမ်နိုက်ထရိတ် ၁၇၄၆၀ ကီလိုကိုလည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအုပ်စု ကင်းကျေးရွာအနီး ရွာငံ-မြို့ကြီး-ဟန်မြင့်မိုရ်သွားကားလမ်းတွင် Hiace ယာဉ်အား စစ်ဆေးရန်တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကျောက်ဆည်မြို့နယ် ကင်းကျေးရွာနှင့် ရွာငံမြို့နယ် ကညို့ကျေးရွာ နယ်နိမိတ်အစပ်ရှိ တောစပ်တွင် ယာဉ်မောင်းအား မတွေ့ရှိဘဲ ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် ရှာဖွေရာ ငွေကျပ်သိန်း ၂၇၃၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ဒသမ ၂ သိန်းကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

# ကျောက်ကြီးမြို့နယ်၌ စစ်တောင်းမြစ်ကမ်းပါးပြိုကျမှု အန္တရာယ်မဖြစ်စေရန် နေအိမ်ခြောက်လုံး ပြောင်းရွှေ့



**ကျောက်ကြီး　အောက်တိုဘာ　၁၁**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်စရစ်ကျေးရွာအုပ်စု လိန်ပင်ကျေးရွာနှင့် နတ်သံကွင်းကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာတို့၌ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု အန္တရာယ်ဖြစ်ပေါ်လာနိုင်သဖြင့် နေအိမ်ခြောက်လုံး ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ယမန်နေ့ မွန်းတည့် ၁၂ နာရီက ကျောက်စရစ်ကျေးရွာအုပ်စု ထိန်ပင်ကျေးရွာ၌ နေအိမ်လေးလုံးတို့ကိုလည်းကောင်း၊ ယနေ့နံနက် ၈ နာရီခွဲက နတ်သံကွင်းကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာ၌ နေအိမ်နှစ်လုံးတို့ကိုလည်းကောင်း ဖျက်သိမ်း၍ နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ ပြောင်းရွှေ့ပေးခဲ့ပြီး ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုသားကြီး( ကျောက်ကြီး)

# တီးတိန်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး အသိပညာပေး Talk Show ပြုလုပ်

**နေပြည်တော်　အောက်တိုဘာ　၁၁**
ချင်းပြည်နယ် တီးတိန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး Talk Show ကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

ထို့သို့ ပြုလုပ်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက ၎င်းတို့ဌာနမှ လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးတိုးအောင်ဝေက မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ လက်ဝယ်ထားရှိမှု၊ သုံးစွဲမှုဆိုင်ရာ ဥပဒေပုဒ်မများ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ထုတ်ပြန်ထားသော မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် ဥပဒေရည်ရွယ်ချက်များနှင့် လူငယ်များ ကျူးလွန်လျက်ရှိသည့် မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေပုဒ်မများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

လျန်ပီး(သတင်းစဉ်)






# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။




## ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် အသိပေးကြေညာချက်

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရချိန်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့သောအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ချမှတ်သော မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက် နေထိုင်ကြရသဖြင့် မိမိ၏မဲစာရင်းပါရှိရာမဲဆန္ဒနယ်သို့ ပြန်လည်၍ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ရှိနေသည်ကို တွေ့ရှိရပါသည်။ ထိုသူများ ဆန္ဒမဲပေးမှု မဆုံးရှုံးစေရန် အထူးလိုအပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမဲဆန္ဒရှင်များသည် မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ မိမိတို့ရောက်ရှိနေသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ဆက်သွယ်၍ ကြိုတင်ဆန္ဒမဲဖြင့် ဆန္ဒမဲပေးနိုင်ရန် ပုံစံ ၁၅ များရယူ၍ လျှောက်ထားနိုင်ကြပါသည်။ ယင်းသို့လျှောက်ထားချက်ရရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါမဲဆန္ဒရှင်၏မဲစာရင်းပါရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် အမြန်ဆုံးဆက်သွယ်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အထူးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ဖြည့်စွက်မှုများအရ ထပ်မံစိစစ်ပြုစုထားသည့် မဲဆန္ဒရှင်စာရင်းများကို **၁-၁၀-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ ရက်နေ့အထိ** သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအတွင်းရှိ ကျေးရွာများတွင် **နောက်ဆုံးအကြိမ် (နောက်ဆုံးအကြိမ်)** အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထား ကြေညာလျက်ရှိပါသည်။

၂။ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်စေရေးအတွက် ပြည်သူများအား နေအိမ်တွင်သာ နေထိုင်စေရေးနှင့် အကြောင်းတစ်စုံတစ်ရာမရှိဘဲ နေအိမ်မှထွက်ခွာသွားလာမှုများအား တားမြစ်ထားသည့် ကာလလည်းဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိသော မဲဆန္ဒရှင်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၄-၉-၂၀၂၀ ရက်နေ့အထိ ပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် Web Application ဖြစ်သော findyourpollingstation.uec.gov.mm တွင် မဲစာရင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ကြောင်းနှင့် Mobile application ဖြစ်သည့် findyourpollingstation.apk ကို Google Play Store တွင် Download ရယူပြီး မိမိတို့၏အမည် မဲစာရင်းတွင် ပါ/မပါ စစ်ဆေးနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းများ စစ်ဆေးရှာဖွေရာတွင် ဝင်ရောက်ကြည့်ရှုရှာဖွေသူ များပြားသဖြင့် ကြန့်ကြာမှုများကြုံတွေ့နေကြရကြောင်း သိရှိရသည့်အတွက် ယခုအခါ ပိုမိုလွယ်ကူအဆင်ပြေစေရန် ရည်ရွယ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအလိုက် ပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် အောက်ဖော်ပြပါ Web Application များတွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်-

| | | |
|---|---|---|
| ( က ) | ကချင်ပြည်နယ် | http://bit.ly/kachin-voters |
| ( ခ ) | ကယားပြည်နယ် | http://bit.ly/kayah-voters |
| ( ဂ ) | ကရင်ပြည်နယ် | http://bit.ly/kayin-voters |
| ( ဃ ) | ချင်းပြည်နယ် | http://bit.ly/chin-voters |
| ( င ) | စစ်ကိုင်းတိုင်းဒေသကြီး | http://bit.ly/sagaing-voters |
| ( စ ) | တနင်္သာရီတိုင်းဒေသကြီး | http://bit.ly/tanintharyi-voters |
| ( ဆ ) | ပဲခူးတိုင်းဒေသကြီး | http://bit.ly/bago-voters |
| ( ဇ ) | မကွေးတိုင်းဒေသကြီး | http://bit.ly/magway-voters |
| ( ဈ ) | မန္တလေးတိုင်းဒေသကြီး | http://bit.ly/mandalay-voters |
| ( ည ) | မွန်ပြည်နယ် | http://bit.ly/mon-voters |
| ( ဋ ) | ရခိုင်ပြည်နယ် | http://bit.ly/rakhine-voters |
| ( ဌ ) | ရန်ကုန်တိုင်းဒေသကြီး | http://bit.ly/yangon-voters |
| ( ဍ ) | ရှမ်းပြည်နယ် | http://bit.ly/shan-voters |
| ( ဎ ) | ဧရာဝတီတိုင်းဒေသကြီး | http://bit.ly/ayarwaddy-voters |
| ( ဏ ) | ပြည်ထောင်စုနယ်မြေ | http://bit.ly/naypyitaw-voters |

၅။ Web Application အသုံးပြု၍ မဲစာရင်းရှာဖွေခြင်း ရှင်းလင်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Web application နှင့် UEC Facebook စာမျက်နှာတို့တွင် ဖော်ပြပေးထားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရေးမြို့နယ်၌ ကြိုတင်ဆန္ဒမဲပုံးများ လုံခြုံရေး ကြိုးချိပ်ပိတ်ခြင်းသရုပ်ပြပွဲ ပြုလုပ်

**ရေး အောက်တိုဘာ ၁၁**

မွန်ပြည်နယ် ရေးမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပုံးလုံခြုံရေး ကြိုးချိပ်ပိတ်ခြင်း သရုပ်ပြပွဲ ပြုလုပ်ခြင်းကို အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ဖွင့်လှစ်ထားသည့် ရန်အောင်သီရိခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ မဲပုံးလုံခြုံရေး ကြိုးချိပ်ပိတ်ခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ ရွေးကောက်ခံမည့်ပါတီများမှ သက်ဆိုင်ရာကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များနှင့် ပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညီသွေးက ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်မဲပေးပုံနှင့် မဲပုံးလုံခြုံရေး ချိပ်ပိတ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးက ကြိုတင်မဲပေးပုံး လုံခြုံရေးကြိုးချိပ်ပိတ်မှုများအား ပါဝင်သရုပ်ပြပေးခဲ့ပြီး တက်ရောက်လာသည့် ရွေးကောက်ခံမည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များက မဲပုံး လုံခြုံရေး ကြိုးချိပ်ပိတ်ထားရှိမှုအခြေအနေများကို လေ့လာခဲ့ကြသည်။

ရေးမြို့နယ်တွင် ကြိုတင်မဲပေးမည့် ပြည်တွင်းပြည်ပမှ မဲဆန္ဒရှင် စုစုပေါင်း ၂၂၀၀ ကျော်ရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၄၇၅၄၉ | ၅၀၉၀၂၂၆ | ၂၁၉၂၉၆ |
| ၂။ | အိန္ဒိယ | ၇၀၅၃၈၀၆ | ၆၀၇၇၉၇၆ | ၁၀၈၃၇၁ |
| ၃။ | ဘရာဇီး | ၅၀၉၁၈၄၀ | ၄၄၅၃၇၂၂ | ၁၅၀၂၃၆ |
| ၄။ | ရုရှား | ၁၂၉၈၇၁၈ | ၁၀၂၀၄၄၂ | ၂၂၅၉၇ |
| ၅။ | ကိုလံဘီယာ | ၉၀၂၇၄၇ | ၇၈၃၁၃၁ | ၂၇၆၆၀ |
| ၆။ | စပိန် | ၈၉၀၃၆၇ | စိစစ်ဆဲ | ၃၂၉၂၉ |
| ၇။ | အာဂျင်တီးနား | ၈၈၃၈၈၂ | ၇၀၉၄၆၄ | ၂၃၅၈၁ |
| ၈။ | ပီရူး | ၈၄၆၀၈၈ | ၇၃၈၁၈၉ | ၃၃၂၂၃ |
| ၉။ | မက္ကဆီကို | ၈၁၄၃၂၈ | ၅၉၁၁၅၀ | ၈၃၆၄၂ |
| ၁၀။ | ပြင်သစ် | ၇၁၈၈၇၃ | ၁၀၀၈၂၈ | ၃၂၆၃၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၃၃၉၃၄၁ | ၂၉၃၀၇၅ | ၆၃၂၁ |
| ၂။ | အင်ဒိုနီးရှား | ၃၃၃၄၄၉ | ၂၅၅၀၂၇ | ၁၁၈၄၄ |
| ၃။ | စင်ကာပူ | ၅၇၈၇၆ | ၅၇၆၉၈ | ၂၇ |
| ၄။ | မြန်မာ | ၂၇၉၇၄ | ၉၇၄၂ | ၆၄၆ |
| ၅။ | မလေးရှား | ၁၅၆၅၇ | ၁၀၉၁၃ | ၁၅၇ |
| ၆။ | ထိုင်း | ၃၆၃၆ | ၃၄၅၁ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၁၀၉ | ၁၀၂၄ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၈၃ | ၂၇၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၆ | ၁၄၃ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

## အိမ်ထောင်စု တစ်ထောင်ကျော်အား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်ရှိ စားသောက်ရေး အခက်အခဲရှိသူ အိမ်ထောင်စုပေါင်း ၁၂၀၀၀ ခန့်အား ငွေကျပ်နှစ်သောင်း တန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို We Love Yangon လူထုအခြေပြု ပရဟိတအဖွဲ့က ထောက်ပံ့လှူဒါန်း လျက်ရှိကြောင်း သိရသည်။

**ပါဝင်**

အခြေခံစားသောက်ကုန်များတွင် တစ်အိမ်ထောင်လျှင် ဆန်ခြောက်ပြည် တစ်အိတ်၊ ဆီတစ်ပိဿာ၊ ငါးသေတ္တာ ငါးဘူး၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်၊ ကော်ဖီထုပ် ၃၀ ပါတစ်ထုပ်၊ ပဲတစ်ပိဿာနှင့် လက်ဖက်အကြော်စုံထုပ် ၁၀ တွဲ စသည်တို့ ပါဝင်သည်။



We Love Yangon လူထုအခြေပြု ပရဟိတအဖွဲ့အနေဖြင့် ကိုဗစ်- ၁၉ ကာလအတွင်း အသွားအလာကန့်သတ်ထားသည့် အိမ်ထောင်စုပေါင်း ၄၀၀၀ ကျော်ကိုလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၁၆၀၀ ကျော်ကိုလည်းကောင်း အခြေခံစားသောက်ကုန်များ လှူဒါန်းခဲ့ပြီး ယခု စားသောက်ရေးအခက်အခဲရှိသူ အိမ်ထောင်စုပေါင်း ၁၂၀၀၀ ခန့်ကို လှူဒါန်းမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ကိုဗစ်-၁၉ ကာလအတွင်း စားသောက်ရေး အမှန်တကယ်အခက်အခဲရှိသူ အိမ်ထောင်စုများအနေဖြင့် We Love Yangon လူထုအခြေပြု ပရဟိတအဖွဲ့ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဖုန်းဆက်သွယ်ကာ အကူအညီတောင်းခံရယူနိုင်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-WLND**

## ညောင်ရွှေမြို့နယ်၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**ညောင်ရွှေ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် ပေါင်းပိုင်းလမ်းဆုံ၌ ဖွင့်လှစ်ထားရှိသော ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်မောင်းများ ကျန်းမာရေးစစ်ဆေးရေးဂိတ်သို့ ယနေ့ ညနေပိုင်းတွင် ကိုဗစ်-၁၉ စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ ဦးမောင်မောင်အောင် ဦးဆောင်သော ရှမ်းတောင်ပရဟိတညီနောင်များ ကွန်ရက်နှင့် ကိုဗစ်-၁၉ စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီတို့မှ အဖွဲ့ဝင်များသည် ဂိတ်တွင်အသုံးပြုနိုင်ရန်အတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ခုနစ်စုံ၊ မျက်နှာဖုံးအကာ တစ်ဖာနှင့် Vitamin-C အားဖြည့်အချိုရည် ၁၄ ကတ်ကို လာရောက်လှူဒါန်းရာ ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ(ပြန်/ဆက်)**

## ပုလဲမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ အတည်ပြုလူနာ ခုနစ်ဦး ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှ ဆင်းခွင့်ရ

**ပုလဲ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုး အတည်ပြုလူနာ ခုနစ်ဦးသည် ကိုဗစ်-၁၉ ရောဂါ လက္ခဏာပျောက်ကင်းပြီး ကျန်းမာရေးကောင်းမွန်လာ၍ ယနေ့ နံနက်၁၀နာရီတွင် မြို့နယ်ပြည်သူ့ ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ကြောင်း မြို့နယ် ကိုဗစ် -၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

ပုလဲမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါပိုးတွေ့လူနာ ၁၁ ဦးရှိသည့်အနက် ခုနစ်ဦးမှာ ကျန်းမာရေးကောင်းမွန်စွာဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့သောကြောင့် ကျန်ရှိသည့် ပိုးတွေ့လူနာ လေးဦးကို မြို့နယ်ပြည်သူ့ဆေးရုံIsolation Ward ၌ ထားရှိ၍ ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးထားပြီး ပိုးတွေ့လူနာများ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း မြို့နယ် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။



**မြင့်သိန်းစိုး(ပြန်/ဆက်)**

## နောင်တယားမြို့၌ နှာခေါင်းစည်းစနစ်တကျ ဝတ်ဆင်ခြင်းရှိ၊ မရှိ ကြပ်မတ်ဆောင်ရွက်

**နောင်တယား အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တယားမြို့တွင် ဒေသခံပြည်သူများ အပြင်သွားတိုင်း နှာခေါင်းစည်း စနစ်တကျဝတ်ဆင်ခြင်းရှိ၊ မရှိ ကြပ်မတ်ဆောင်ရွက်မှုကို ယနေ့ နံနက် ၉ နာရီက နောင်တယားနယ်မြေရဲစခန်းရှေ့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် နောင်တယားဒေသအတွင်းရှိမြို့နေလူတန်းစားများသာမက ကျေးရွာနေလူတန်းစားများအထိ နှာခေါင်းစည်း မဖြစ်မနေ ဝတ်ဆင်အသုံးပြုရေး၊ မိမိနေအိမ်မှ ပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း နှာခေါင်းစည်း စနစ်တကျဝတ်ဆင်ရေးနှင့် နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိသူများအား နှာခေါင်းစည်းတစ်ခုလျှင်ကျပ် ၂၀၀ နှုန်းဖြင့် ယခုဝယ်ယူ ယခုတပ်ဆင်သည့် စနစ်ဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်ရွက်မှုတွင် မြို့အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်း၍ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မူမြစော**



## ဘယ်သူမဆို ရောဂါရှိနိုင်တယ်ဆိုပြီး သတိနဲ့ကြည့်



တစ်ယောက်နဲ့တစ်ယောက်ကနေ ဘယ်သူမဆို ရောဂါရှိနိုင်တယ်ဆိုတဲ့ အမြင်နဲ့တော့မြင်ရမှာပဲ။ ဒီလိုပြောခြင်းဟာ သံသယမျက်စိနဲ့ ကြည့်ဖို့မဟုတ်ပါဘူး။ သတိနဲ့ ကြည့်ဖို့ဆိုလိုတာပါ။ အခုဆိုရင် ပိုပိုပြီးတော့ ဒီရောဂါကို ကာကွယ်ဖို့အတွက် ဘာလုပ်ရမလဲဆိုတာမြင်လာပါတယ်။ မြင်လာတဲ့တစ်ချိန်တည်းမှာပဲ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်စရာတွေဟာလည်း တွေ့လာရတာပေါ့။ ဥပမာဆိုရင် ကုန်တင်ကားတွေနဲ့ပတ်သက်လို့ ကျွန်မတို့မှာ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကြားမှာ သဘောတူညီမှုတွေယူဖို့ လိုလာပြီဆိုတာကို သတိပြုမိပါတယ်။ တစ်နေရာကနေ တစ်နေရာသွားတဲ့အခါကျတော့ တစ်နေရာကနေ တစ်နေရာသွားတဲ့ ကုန်တင်ယာဉ်တွေကို မောင်းတဲ့ယာဉ်မောင်းတွေနဲ့ ယာဉ်မောင်းအဖော်တွေနဲ့ အဲဒီကနေတစ်ဆင့် ရောဂါကူးမှာကို အများကလည်း ကြောက်ကြတယ်။ ကူးတာလည်း ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုစမ်းသပ်လိုက်တဲ့အခါမှာ တချို့တွေက ရောဂါပိုးရှိနေတယ်ဆိုတာကို တွေ့ရပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၁–၁၀–၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၁၀–၁၀–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၂၁၅၈) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၃၃၇ |
| | | မင်္ဂလာဒုံ | ၂၁၁ |
| | | ရွှေပြည်သာ | ၁၇၂ |
| | | မြောက်ဥက္ကလာပ | ၁၅၈ |
| | | လှိုင် | ၈၇ |
| | | သန်လျင် | ၈၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၆၃ |
| | | သင်္ဃန်းကျွန်း | ၅၉ |
| | | တာမွေ | ၅၀ |
| | | အင်းစိန် | ၅၇ |
| | | အလုံ | ၅၃ |
| | | ဗဟန်း | ၄၆ |
| | | ကြည့်မြင်တိုင် | ၄၃ |
| | | သာကေတ | ၄၂ |
| | | ခရမ်းကုန်း | ၃၉ |
| | | ဘောက်ထော် | ၃၆ |
| | | မိုးကောင်းတောင် | ၃၄ |
| | | မင်္ဂလာတောင်ညွန့် | ၃၀ |
| | | ဒလ | ၂၇ |
| | | ဒေါပုံ | ၂၆ |
| | | ပန်းဘဲတန်း | ၂၅ |
| | | ပုဇွန်တောင် | ၂၅ |
| | | တောင်ဥက္ကလာပ | ၂၄ |
| | | စမ်းချောင်း | ၂၀ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၈ |
| | | ကမာရွတ် | ၁၆ |
| | | လသာ | ၁၅ |
| | | ကော့မှူး | ၁၄ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၃ |
| | | ဆိပ်ကြီးခနောင်တို | ၁၂ |
| | | လှည်းကူး | ၁၁ |
| | | မှော်ဘီ | ၁၀ |
| | | ရန်ကင်း | ၉ |
| | | ကျောက်တံတား | ၈ |
| | | ကွမ်းခြံကုန်း | ၈ |
| | | ဒဂုံဆိပ်ကမ်း | ၆ |
| | | တိုက်ကြီး | ၆ |
| | | ခရမ်း | ၅ |
| | | ဒဂုံ | ၄ |
| | | ကျောက်တန်း | ၂ |
| | | ထန်းတပင် | ၁ |
| | | သုံးခွ | ၁ |
| | | စုစုပေါင်း | ၁,၉၀၆ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၀ |
| | | နတ်တလင်း | ၁၁ |
| | | ညောင်လေးပင် | ၁၁ |
| | | ဖြူး | ၈ |
| | | အုတ်တွင်း | ၅ |
| | | ပြည် | ၅ |
| | | ဒိုက်ဦး | ၂ |
| | | သဲကုန်း | ၂ |
| | | ဇီးကုန်း | ၂ |
| | | ကဝ | ၁ |
| | | မိုးညို | ၁ |
| | | အုတ်ဖို | ၁ |
| | | ပေါက်ခေါင်း | ၁ |
| | | စုစုပေါင်း | ၇၇ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ပျော်ဘွယ် | ၁၃ |
| | | ပြင်ဦးလွင် | ၅ |
| | | ညောင်ဦး | ၅ |
| | | အမရပူရ | ၄ |
| | | မဟာအောင်မြေ | ၃ |
| | | မြင်းခြံ | ၃ |
| | | နွားထိုးကြီး | ၃ |
| | | မိတ္ထီလာ | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | စုစုပေါင်း | ၃၉ |
| ၄။ | မွန်ပြည်နယ် | ကျိုက်ထို | ၂၀ |
| | | သံဖြူဇရပ် | ၆ |
| | | မော်လမြိုင် | ၃ |
| | | သထုံ | ၂ |
| | | စုစုပေါင်း | ၂၉ |
| ၅။ | မကွေးတိုင်းဒေသကြီး | ချောက်တွင်းကြီး? | ၁၃ |
| | | ရေနံချောင်း | ၈ |
| | | မကွေး | ၂ |
| | | မင်းဘူး | ၁ |
| | | နတ်မောက် | ၁ |
| | | ပခုက္ကူ? | ၁ |
| | | စုစုပေါင်း | ၂၆ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | မြန်အောင် | ၈ |
| | | မအူပင် | ၃ |
| | | ဟသ်ာတ | ၂ |
| | | ကျိုက်လတ် | ၂ |
| | | မော်လမြိုင်ကျွန်း | ၂ |
| | | ညောင်တုန်း | ၂ |
| | | ဘိုကလေး | ၁ |
| | | ဓနုဖြူ? | ၁ |
| | | အိမ်မဲ | ၁ |
| | | လပွတ္တာ | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၇။ | ရခိုင်ပြည်နယ် | စစ်တွေ | ၇ |
| | | ကျောက်ဖြူ | ၆ |
| | | ဘူးသီးတောင် | ၅ |
| | | မောင်တော | ၂ |
| | | ဂွ | ၁ |
| | | ကျောက်တော် | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၈။ | ချင်းပြည်နယ် | တွန်းဇံ | ၁ |
| | | စုစုပေါင်း | ၁ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | မင်းကင်း | ၁၆ |
| | | ကနီ | ၂ |
| | | ဟုမ္မလင်း | ၁ |
| | | စုစုပေါင်း | ၁၉ |
| ၁၀။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၂ |
| | | မြဝတီ | ၂ |
| | | ကော့ကရိတ် | ၁ |
| | | သံတောင်ကြီး | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၁။ | နေပြည်တော် | ဒက္ခိဏသီရိ | ၂ |
| | | ပျဉ်းမနား | ၂ |
| | | ပုဗ္ဗသီရိ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၂။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ဟဲဟိုး | ၁ |
| | | ကလော | ၁ |
| | | ရပ်စောက် | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁၀–၁၀–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၂,၁၅၈) ဦး |

မှတ်ချက်။ (၁၀–၁၀–၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၂,၁၅၈) ဦးတွင် အနံ့မရရှိသူ (၂၆၂) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# မြန်မာ့သမိုင်းက ပြောပြနေသော မြန်မာ့ရုပ်ရှင်အနုပညာ၏ နှစ်တစ်ရာပြည့်ခရီး အပိုင်း(၂)

စန်းနီလာဝင်း

### မြန်မာတို့ ကိုယ်တိုင် မြန်မာ့ရုပ်ရှင်ရိုက်ကူးမှုစတင်ခြင်း

မြန်မာ့ရုပ်ရှင်ကို စတင်ရိုက်ကူးပြသခဲ့သည့်ပုဂ္ဂိုလ်မှာ ဓာတ်ပုံပညာရှင်နှင့် ပန်းချီဝါသနာရှင် ဦးအုန်းမောင် ဖြစ်ပြီး ထိုစဉ်က နိုင်ငံခြားသားပိုင် ဓာတ်ပုံတိုက်တွင် လခစား ဓာတ်ပုံပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

၁၉၁၅ ခုနှစ်တွင် ဓာတ်ပုံပညာရှင် ဦးအုန်းမောင်သည် ကုန်သည်လမ်းနှင့် ၃၈ လမ်းထိပ်တွင် "လန်ဒန်အတ်ဓာတ်ပုံတိုက် (London Art Photo Studio)" စတင်တည်ထောင်ခဲ့ရာ ထိုခေတ်ကာလက ဓာတ်ပုံလုပ်ငန်းကို နိုင်ငံခြားသားများ တွင်ကျယ်စွာ လုပ်ကိုင်နေချိန်မျိုး ဖြစ်ရာ မြန်မာအမျိုးသားဓာတ်ပုံပညာရှင် ဦးအုန်းမောင်က မြန်မာပိုင်ဓာတ်ပုံလုပ်ငန်းကို ပထမဆုံးစတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ အလွန်ဂုဏ်ယူချီးကျူးဖွယ်ပင် ဖြစ်ပါသည်။

တီထွင်ဆန်းသစ်မှုကို အမြဲစိတ်ဝင်စားခဲ့သော ဓာတ်ပုံပညာရှင် ဦးအုန်းမောင်သည် ရုပ်သေဓာတ်ပုံများ ရိုက်ကူးနေခဲ့ရာမှ ရုပ်ရှင်စမ်းသပ်ရိုက်ကူးရန် ဆုံးဖြတ်ခဲ့ပြီး ရုပ်ရှင်ရိုက်ကင်မရာ တစ်လုံးကို ရှာဖွေခဲ့ရာ ထိုစဉ်က "ဒီဇူဇာဆေးတိုက်"မှ မှန်ဘီလူး(Lens) မပါသောကင်မရာ အဟောင်းလေး တစ်လုံးကို ရရှိခဲ့သည်။ မှန်ဘီလူးကို ဆက်လက်ရှာဖွေခဲ့ပြန်ရာ ထိုစဉ်က "ဒီပဲရစ်ရုပ်ရှင်ရုံ" (De Paris Cinema) [ထိုစဉ်က "စကော့ဈေး" နောင် "ဗိုလ်ချုပ်အောင်ဆန်းဈေး" တည်ရှိရာနေရာ] ပိုင်ရှင် "မစ္စတာ အချား"ထံမှ မှန်ဘီလူးအဟောင်းတစ်ခုကို ရရှိခဲ့ပြန်ပါသည်။ (ထိုကင်မရာနှင့် မှန်ဘီလူးအဟောင်းမှာ နိုင်ငံခြားသားများ အသုံးမပြုတော့၍ စွန့်ပစ်ထားသည်ကို သိမ်းဆည်းထားခဲ့ခြင်း ဖြစ်သည်။)

သို့တစေ တီထွင်စိတ်ကူးဉာဏ်မြင့်မားလှသော ဓာတ်ပုံပညာရှင် ဆရာဦးအုန်းမောင်သည် ကင်မရာနှင့် မှန်ဘီလူးကို ပြုပြင်တပ်ဆင်၍ အသုံးပြုကြည့်လိုက်သောအခါ အောင်မြင်မှုရရှိသွားခဲ့တော့သည်။ ထိုအောင်မြင်မှုကို အရင်းခံပြီး ဇာတ်လမ်းပါဝင်သော ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးနိုင်ရန် စတင်ကြိုးပမ်းခဲ့သည်။

ထိုစဉ်က မြန်မာအဆွေကုမ္ပဏီ (နောင်- အေဝမ်းရုပ်ရှင်ကုမ္ပဏီ)ပိုင်ရှင်သူဌေးကြီး ဦးဘညွန့်၏သား ကိုညီပုနှင့် ပညာ့အလင်းမဂ္ဂဇင်းနှင့် သတင်းစာတိုက်မှ မန်နေဂျာ ဦးပုတို့၏ ကူညီမှုကြောင့် စာရေးဆရာကြီး "ပီမိုးနင်း" ထံမှ "မေတ္တာနှင့်သူရာ" အမည်ရှိဇာတ်လမ်းကို ရရှိခဲ့ကြသည်။

"မေတ္တာနှင့်သူရာ" ပထမဆုံးမြန်မာ့အသံတိတ်ရုပ်ရှင်ဇာတ်ကားကို စတင်ရိုက်ကူးစဉ်အခါက ပထမဆုံး မြန်မာအမျိုးသားရုပ်ရှင်သရုပ်ဆောင် ကိုညီပုမှာ




၁၉၈၃ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သော နိုင်ငံတကာရုပ်ရှင်ပွဲတော်ကြီး၌ နိုင်ငံခြားရုပ်ရှင်ပညာရှင်များ၏ ဂုဏ်ပြုမှတ်တမ်းတင်ခံခဲ့ရသည့် အကယ်ဒမီများရှင် ဒါရိုက်တာ ဆရာသုခ၏ ရွှေခြည်ငွေခြည်တန်းပါလို့ ဇာတ်ကားမှ အကယ်ဒမီများရှင် ညွန့်ဝင်း၊ ထပ်ဆင့်အကယ်ဒမီ ခင်ယုမေ၊ ထပ်ဆင့်အကယ်ဒမီ ချိုပြုံး။

အထက်တန်းကျောင်းသား ဖြစ်နေသောကြောင့် ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များ၌ အိမ်က မသိအောင် စတင်ရိုက်ကူးခဲ့ရသည်ဟု ဆိုသည်။ ရုပ်ရှင်ရိုက်ကူးမည့်နေ့ နံနက်စောစော ၄ နာရီအချိန်မှစ၍ ပစ္စည်းပစ္စယများကို နွားလှည်းဖြင့် တင်ဆောင်ပြီး ကိုယ့်ထမင်းချိုင့်ကို ကိုယ်ယူဆောင်ကာ ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်နှင့် မြောက်ဘက်ရှိ ခြံကြိုခြံကြား၌ အပြင်ဇာတ်ဝင်ခန်း (Outdoor) ကို ရိုက်ကူးခဲ့ကြရသည်။ သရုပ်ဆောင်များအနက် မိမိနေအိမ်မှ သနပ်ခါးမှုန်မှုန်လိမ်းလာသော မင်းသမီးမှလွဲ၍ ကျန်သရုပ်ဆောင်သူအားလုံးမှာ မည်သူမျှ မိတ်ကပ်လိမ်းခြယ်ခြင်း လုံးဝမရှိပါ။ အတွင်းဇာတ်ဝင်ခန်းများ (Indoor) ကို ဗဟန်းရှိ မိတ်ဆွေများ၏ ခြံများထဲ၌ ဝါးလုံးတိုင်ထူကာ ပိတ်ဖျင်မိုးပြီး ကြည့်မှန်ကြီးများထိုး၍ အလင်းရောင်ယူကာ ရိုက်ကူးခဲ့ကြသည်။

### ဇာတ်လမ်းပါရှိသော မြန်မာ့ပထမဆုံး ဇာတ်လမ်းရုပ်ရှင် စတင်ရုံတင်ပြသခြင်း

မြန်မာတို့အကြောင်းကို မြန်မာတို့ကိုယ်တိုင် ရိုက်ကူးခြင်း၊ မြန်မာတို့သာ ပါဝင်သရုပ်ဆောင်ကာ မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဇာတ်လမ်းပါရှိသော မြန်မာရုပ်ရှင်ဇာတ်ကားမှာ "မေတ္တာနှင့်သူရာ" အမည်ရှိ အသံတိတ် မြန်မာစာတန်းထိုး ရုပ်ရှင်ဇာတ်ကားပင် ဖြစ်သည်။ စီစဉ်သူမြန်မာ့ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ် ဦးအုန်းမောင်၊ ဝတ္ထုမှာ ထိုစဉ်က"ပိုက်ဆံကြီး"ကလောင်အမည်ခံ စာရေးဆရာကြီး ပီမိုးနင်း၊ သရုပ်ဆောင်မင်းသား မောင်ညီပု၊ မင်းသမီး မအေးကြည်၊ ဦးပါကြီး၊ ထိုစဉ်က နာမည်ကျော် မီးရထားဘောလုံးအသင်းမှ မောင်မောင်ချစ်၊ လူကြမ်း ဦးပုကြီး၊ ထိုစဉ်က ဒဂုန်မဂ္ဂဇင်းမန်နေဂျာ မောင်မောင်ကလေး၊ အမျိုးသားဇာတ်ပို့အမူအရာ ညွှန်ကြားပြသသူမှာ ပညာအလင်းပြသတင်းစာ မန်နေဂျာ ဦးပု ခေါ် နောင်ဒါရိုက်တာ ဦးတုတ်ကြီးတို့ ဖြစ်ကြသည်။

ထိုသို့ရိုက်ကူးနေစဉ်မှာပင် မြန်မာနိုင်ငံ ကိုလိုနီအုပ်ချုပ်ရေးယန္တရားမှ အင်္ဂလိပ်နယ်ချဲ့အစိုးရ အာဏာပိုင်များက ရုပ်ရှင်ဓာတ်ပုံပညာရှင် ဦးအုန်းမောင်၏ ရုပ်ရှင်ဇာတ်ကားရိုက်ကူးမှု အောင်မြင်နေသည်ကို ကြားသိသွားခဲ့ကြသည်။ ထိုစဉ်က ၁၉၂၀ ပြည့်နှစ်တွင် လန်ဒန်မြို့၌ ကျင်းပမည့် ဗြိတိသျှ အင်ပါယာပြပွဲကြီး၌ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ ထွက်ရှိထုတ်လုပ်သော ဆန်၊ ကျွန်းသစ်၊ ရေနံ၊ သတ္တုများ၊ ဝါဂွမ်းများနှင့် ယွန်းထည်လုပ်ငန်း၊ ပုသိမ်ထီးလုပ်ငန်း၊ မန္တလေးပိုးထည်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများကို မှတ်တမ်းတင်သတင်းကား ရိုက်ကူးပေးရန် ဦးအုန်းမောင်အား မေတ္တာရပ်ခံလာခဲ့သည်။ ထိုအခါ ရုပ်ရှင်ဓာတ်ပုံပညာရှင် ဦးအုန်းမောင်မှာ မနေသာသဖြင့် ပါဝင်ရိုက်ကူးပေးခဲ့ရသောကြောင့် ရိုက်လက်စ မေတ္တာနှင့်သူရာ ဇာတ်လမ်းရုပ်ရှင်ကို ခေတ္တရပ်နားထားခဲ့ရသည်။ ထိုသို့ကူညီရိုက်ကူးပေးခဲ့ရသောကြောင့် ရိုက်လက်စ ရုပ်ရှင်ကင်မရာထက်ကောင်းမွန်သော "ဝီလျံဆင်" (Williamson) အမျိုးအစား ဖလင်ပေ ၄၀ ဝင်ဆံ့သည့် ရုပ်ရှင်ရိုက်ကင်မရာတစ်လုံးနှင့် "ဝီလျံဆင်" အမျိုးအစား ရုပ်ရှင်ကားကူးစက် (Williamson Printing Machine) တစ်လုံး ဝယ်ယူခွင့်ရရှိခဲ့သဖြင့် အသံတိတ်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရန် အဆင်ပြေချောမွေ့လာခဲ့သည်။ ထိုစဉ်က အသံတိတ်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရာတွင်-

(၁) ရုပ်ရှင်ရိုက်ခြင်း၊
(၂) ဖလင်ဆေးခြင်း၊
(၃) တည်းဖြတ်ခြင်း၊
(၄) နဂ္ဂတစ်မှ ပေါ့စတစ်သို့ ကူးယူခြင်းဟူ၍ အဆင့်လေးဆင့်ဖြင့် ရိုက်ကူးခဲ့ကြရသည်။

မြန်မာ့ရုပ်ရှင်ဓာတ်ပုံပညာ၏ ဖခင်ကြီး ဦးမောင်မောင် အတ္ထုပ္ပတ္တိကို လေ့လာကြည့်သောအခါ "မြန်မာ့ရုပ်ရှင်လုပ်ငန်းကို ၁၉၁၀ ပြည့်နှစ်မှစ၍ အခက်အခဲအမျိုးမျိုးကြားမှ ကြံစည်ကြိုးပမ်းခဲ့ရာ ၁၉၁၉ ခုနှစ်ရောက်ခါမှ ရုပ်ရှင်ရိုက်ကူးခြင်းလုပ်ငန်း အောင်မြင်ခဲ့ပါသည်။ စာတွေ့လက်တွေ့ အကြားအမြင် ဗဟုသုတများရရှိလာသည်နှင့်အမျှ ထိုစဉ်က မြန်မာနိုင်ငံ၏ သဘာဝတောတောင်ရေမြေရှုခင်းများ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆင်ယင်ကျင်းပသော ပွဲလမ်းသဘင် အခမ်းအနားများကို ရိုက်ကူးခဲ့ရာ ထိုစဉ်က "ဂလုပ်ရုပ်ရှင်ရုံ" (Globe Cinema) ပိုင်ရှင်က ရုပ်ရှင်ဖလင်တစ်ပေလျှင် တစ်ကျပ်နှုန်းဖြင့် ဝယ်ယူကာ နိုင်ငံခြားတိုင်းပြည်များသို့ ရောင်းချခဲ့သည်။ ရုပ်ရှင်ရိုက်ကူးခြင်းပညာကို စနစ်တကျသင်ယူခဲ့ရသည်မဟုတ်ဘဲ မြင်ဆရာကြားဆရာများထံမှ လေ့လာဆည်းပူးရင်းက စမ်းတဝါးဝါးဖြင့် လျှောက်လှမ်းခဲ့ရသည်"ဟု ရေးသားဖော်ပြခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

စာမျက်နှာ ၁၉ သို့ ❖



ဗြိတိသျှဘားမား ရုပ်ရှင်ဒါရိုက်တာ လှမောင်ကလေး၏ ဖူးစာနှစ်ခိုင် ရုပ်ရှင်ဇာတ်ကားမှ ကျော်ဆွေနှင့် မေသစ်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်း (၁၉၅၆)။



ခရမ်းရောင်လွင်ပြင် (Pupple Plaiu) အမည်ရှိ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားမှ ကမ္ဘာကျော် ဟောလိဝုဒ် မင်းသားကြီး ဂယ်ရီဂရီပက်နှင့် မြန်မာရုပ်ရှင်မင်းသမီး ဝင်းမင်းသန်းတို့၏ ဇာတ်ဝင်ခန်းတစ်ခန်း။

❖ စာမျက်နှာ ၁၈ မှ

မြန်မာ့ပထမဦးဆုံး အသံတိတ်ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားဖြစ်သည့် "မေတ္တာနှင့်သူရာ" ရုပ်ရှင်ဇာတ်ကား ရိုက်ကူး၍ မပြီးဆုံးသေးခင်မှာပင် ၁၉၂၀ ပြည့်နှစ် ဇွန်လ ၂ ရက်နေ့၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA = Young Men's Buddhist Association) ကို ကိုယ်စားပြုသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ဝင် ဦးထွန်းရှိန် [၁၉၁၉ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့က မြန်မာနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရန်အတွက် အင်္ဂလန်သို့ သွားရောက် တောင်းဆိုခဲ့ရာတွင် ဦးဘဘေ (သူရိယသတင်းစာတိုက်)၊ ဦးပု(ဝတ်လုံတော်ရရှေ့နေ) တို့နှင့်အတူ ပါဝင်တောင်းဆိုခဲ့သော မန္တလေးမှ ကျောင်းအုပ်ဆရာကြီး ဦးထွန်းရှိန်ပင် ဖြစ်သည်)] မှာ ကွယ်လွန်သွားခဲ့သဖြင့် ရုပ်ရှင်ဓာတ်ပုံပညာရှင်ကြီး ဦးအုန်းမောင်က စျာပနအခမ်းအနား သတင်းရုပ်ရှင်ကားကို "မှတ်တမ်းတင်ရုပ်ရှင်" (Documentary Film) အဖြစ် မော်ကွန်းတင်ခဲ့သည်။



ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ဆရာရွှေဒုံးဘီအောင်၏ ဒေါက်တာအောင်ကျော်ဦး ဇာတ်ကားမှ သရုပ်ဆောင် မင်းသားကြီး မောင်မောင်တာ(၁၉၅၇)။

မြန်မာအမျိုးသားရုပ်ရှင်ဓာတ်ပုံပညာရှင် ဦးအုန်းမောင်သည် အမျိုးသားရေးကို ပုဂ္ဂလိက အကျိုးစီးပွားထက် ဦးစားပေးသည့်အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးထွန်းရှိန်၏ စျာပနမှတ်တမ်းတင် ရုပ်ရှင်သတင်းကားကို ဦးစားပေးကာ "ဒီပဲရစ်ရုပ်ရှင်ရုံ"၌ မြန်မာ့ပွဲဦးထွက် ရုပ်ရှင်သတင်းကား တစ်ကားအဖြစ် တင်ဆက်ပြသခွင့်ရရှိအောင် ကြိုးပမ်းခဲ့သည်မှာ အထူးဂုဏ်ယူ ကြည်ညိုလေးစားဖွယ် ဖြစ်ပါသည်။ ထိုစဉ်က ဦးထွန်းရှိန် စျာပနသတင်းကားမှာ အပိုင်းနှစ်ပိုင်းနှင့် နိုင်ငံခြားသတင်းကား အပိုင်း ခြောက်ပိုင်းကို ပူးတွဲပြသခဲ့ရာ မြန်မာရုပ်ရှင်ကြည့် ပရိသတ်ကြီးက သောင်းသောင်းဖြဖြ ကြည့်ရှုအားပေးခဲ့ကြသည်ဟု သိရသည်။ သည်တွင်မက ဦးထွန်းရှိန် စျာပနသတင်းကားကို ပထမဆုံးမြန်မာ့ရုပ်ရှင်အဖြစ် အောင်မြင်စွာ ရိုက်ကူးတင်ဆက်နိုင်ခဲ့သည်။ ရုပ်ပုံဓာတ်ပုံပညာရှင်ကြီး ဆရာဦးအုန်းမောင်အား ထိုစဉ်က "မြန်မာတိုင်းရင်းသားအသင်းများ၏ အသင်းချုပ်ကြီး" (General Council of Burmese Association – G.C.B.A) က "ပထမဆုံး ရွှေတံဆိပ်ဆုကြီး" ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အကယ်၍ ထိုစဉ်က (၁၉၂၀ ပြည့်နှစ်) မြန်မာ့ရုပ်ရှင်ဓာတ်ပုံပညာရှင်ဦးအုန်းမောင်၏ "ဦးထွန်းရှိန် စျာပနအခမ်းအနား မှတ်တမ်းတင်ရုပ်ရှင်သတင်းကား မပေါ်ပေါက်ခဲ့လျှင် မြန်မာ့ရုပ်ရှင်သည်လည်း ယခုမြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့် သဘင်အခမ်းအနားကြီးသို့ ရောက်ရှိလာဦးမည် မဟုတ်ပါ။ ဦးအုန်းမောင်၏ အပတ်တကုတ် ကြိုးပမ်းအားထုတ်မှုကြောင့် အောင်အောင်မြင်မြင် ရိုက်ကူးပြသနိုင်ခဲ့သော "ဦးထွန်းရှိန် စျာပနသတင်းကား"မှာ မြန်မာ့ရုပ်ရှင်၏ သန္ဓေမျိုးစေ့အဖြစ် မွေးဖွားကြီးပြင်းလာခဲ့ရာမှ ယနေ့ နှစ် (၁၀၀) ပြည့်တိုင်တိုင် ရောက်ရှိလာခဲ့ပြီဖြစ်ရာ ဖြတ်သန်းလျှောက်လှမ်းခဲ့ရသော ရုပ်ရှင်သက်တမ်းတစ်လျှောက် အတွေ့အကြုံ အခက်အခဲအမျိုးမျိုး ကြားထဲက ကျော်လွှားကာ ယနေ့ကမ္ဘာတွင် "မြန်မာ့ရုပ်ရှင်" ဟူ၍ ခံ့ညားတင့်တယ်စွာ ရပ်တည်ပြသနိုင်အောင် အတွေ့အကြုံရင့်ကျက်သော "မြန်မာ့ရုပ်ရှင်" ဖြစ်လာခဲ့ပါသည်။

**ဦးအုန်းမောင်၏ အပတ်တကုတ် ကြိုးပမ်းအားထုတ်မှုကြောင့် အောင်အောင်မြင်မြင် ရိုက်ကူးပြသနိုင်ခဲ့သော "ဦးထွန်းရှိန် စျာပနသတင်းကား"မှာ မြန်မာ့ရုပ်ရှင်၏ သန္ဓေမျိုးစေ့အဖြစ် မွေးဖွားကြီးပြင်းလာခဲ့ရာမှ ယနေ့ နှစ် (၁၀၀) ပြည့်တိုင်တိုင် ရောက်ရှိလာခဲ့ပြီဖြစ်ရာ ဖြတ်သန်းလျှောက်လှမ်းခဲ့ရသော ရုပ်ရှင်သက်တမ်းတစ်လျှောက် အတွေ့အကြုံ၊ အခက်အခဲအမျိုးမျိုးကြားထဲက ကျော်လွှားကာ ယနေ့ကမ္ဘာတွင် "မြန်မာ့ရုပ်ရှင်" ဟူ၍ ခံ့ညားတင့်တယ်စွာ ရပ်တည်ပြသနိုင်အောင် အတွေ့အကြုံရင့်ကျက်သော "မြန်မာ့ရုပ်ရှင်" ဖြစ်လာခဲ့**

ဆက်လက်၍ ၁၉၂၁ ခုနှစ်တွင် မြန်မာ့ဇာတ်လမ်းရုပ်ရှင် ဒုတိယမြောက်ရုပ်ရှင်ကားကို ဆရာဦးအုန်းမောင်က ဆက်လက်ရိုက်ကူးရာ ထိုဇာတ်ကားကို "ကျေးတောသူမနု" ဟု အမည်ပေးခဲ့သည်။ ထိုဇာတ်ကားတွင် ပထမဦးဆုံး မြန်မာ့အမျိုးသားသရုပ်ဆောင် "ကိုညီပု" နှင့် အမျိုးသမီး သရုပ်ဆောင်သစ် "မငွေမြိုင်" တို့ ပါဝင်ခဲ့ရာ ထိုဒုတိယမြောက် အသံတိတ်ဇာတ်ကားမှာ ပထမ "မေတ္တာနှင့် သူရာ" ဇာတ်ကားထက် ရုပ်ရှင်ဓာတ်ပုံများ ကြည်လင်ပြတ်သားလာခဲ့သည်။ ကိုညီပုက နိုင်ငံခြားရုပ်ရှင် စာအုပ်စာစောင်များကို ဖတ်ရှုခဲ့ရာမှ သရုပ်ဆောင်များကို မိတ်ကပ်လိမ်းခြယ်ပေးမှသာ ရုပ်ရှင်ပိတ်ကားပေါ်တွင် ပို၍ကြည့်ကောင်းလာကြောင်း သိရှိခဲ့ကာ ထိုဇာတ်ကားမှစ၍ သရုပ်ဆောင်သူများ မိတ်ကပ်ကို စတင်သုံးစွဲခဲ့ကြသည်ဟု သိရသည်။

ထိုစဉ်က ရုပ်ရှင်သရုပ်ဆောင်များ မိတ်ကပ်သုံးစွဲပုံမှာ "အင်းစိန်မရွှေမ" မျက်နှာချေကို သကြားရည်ဖြင့် ဖျော်စပ်၍ မျက်နှာပြင်တစ်ခုလုံးကို လိမ်းခဲ့ကြရသည်။ နှုတ်ခမ်းနီစေရန် အမွှေးတိုင်ထုတ် စက္ကူအနီ သို့မဟုတ် ယပ်တောင်အနီနှင့် နှုတ်ခမ်းကို ပွတ်ကြရသည်။ မျက်ခုံးမွေးအတွက် တရုတ်မင်တောင့်ခဲကို သွေးပြီး သွားပွတ်တံ အသေးဖြင့် ဆွဲခဲ့ကြရသည်။ "ကျေးတောသူမနု" အမည်ရှိဒုတိယမြောက် မြန်မာ့အသံတိတ်ရုပ်ရှင်ဇာတ်ကားကို ၁၉၂၁ ခုနှစ် မတ်လတွင် ဒီပဲရစ်ရုပ်ရှင်ရုံ၌ ပြသခဲ့ရာ နေ့စဉ်အမြဲ ပွဲတိုင်းရုံလျှံနေအောင် ရုပ်ရှင်ပရိသတ်တို့က အားပေးကြည့်ရှုခဲ့ကြသည်ဟု သိရပါသည်။ ။



အကယ်ဒမီများရှင် ဒါရိုက်တာ ဆရာဦးသုခ၏ သိကြားစေသက်သေညွှန်း ရုပ်ရှင်ဇာတ်ကားမှ ဝင်းဦး၊ ဝါဝါဝင်းရွှေ၊ သန်းအောင်၊ ခင်သန်းနု။



## ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများအတွက် နေ့လယ်စာ ပေးပို့လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအတွက် Grand Wynn Foundation က တန်ဖိုးငွေကျပ် ၁၁၂၀၀၀၀ တန်ဖိုးရှိ နေ့လယ်စာဘူး ၄၀၀ ကို ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက သဃ်န်းကျွန်းစံပြဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Grand Food MART စာရင်းကိုင်ချုပ် ဒေါ်သင်းသင်းဆွေက လာရောက်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ် ဒေါက်တာလွင်လွင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

Grand Wynn Foundation အနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး၊ ဝေဘာဂီ အထူးကုဆေးရုံကြီးနှင့် ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၀၀၀၀၀ တန်ဖိုးရှိ Grand Food MART နေ့လယ်စာဘူး ၁၀၀၀ အား သွားရောက်ပေးအပ်လှူဒါန်းခဲ့သည်။

**ကြေးမုံ**

## ဒဂုံတက္ကသိုလ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

အဏ္ဏဝါမိတ်ဆွေများ လူမှုကူညီရေးအသင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ်အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာအတွက် လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် နံနက်ပိုင်း၌ ဒဂုံတက္ကသိုလ် ကန့်သတ်စောင့်ကြည့်ရေးစင်တာအတွက် လိုအပ်သည့် နှာခေါင်းစည်း ဘူး ၁၀၀၊ Surgical Gown ၅၀ စုံ၊ Hand gel (2 case) ၂၄ ဘူး၊ Handgel(20 Litres) နှစ်ပုံး၊ တစ်ခါသုံးခေါင်းစွပ် တစ်ဘူး၊ လက်အိတ် သုံးဘူး၊ ခြေနင်း Pump တစ်ခုနှင့် ရေသန့် ၁၀၀ ကတ်ကို လည်းကောင်း၊ ညနေပိုင်းတွင် ဒဂုံ(အရှေ့ပိုင်း)မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ မြို့နယ်အတွင်း မကြာမီထပ်မံဖွင့်လှစ်မည့် ကန့်သတ်စောင့်ကြည့်ရေးစင်တာများအတွက် လိုအပ်သည့် Surgical Gown ၅၀ စုံ၊ နှာခေါင်းစည်း ဘူး ၅၀၊ Glash ၂၄ ဘူး၊ တစ်ခါသုံးခေါင်းစွပ် တစ်ဘူး၊ လက်အိတ် သုံးဘူးနှင့် Hand gel(20 Litres) နှစ်ပုံးကို လည်းကောင်း၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ပြည်သူ့စတုမဟာလူမှုရေးပရဟိတအသင်းအတွက် လိုအပ်သည့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၅ စုံနှင့် လက်အိတ်နှစ်ဘူးတို့ကို လည်းကောင်း စုစုပေါင်း ငွေကျပ် ၁၂ သိန်းကျော် တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**စိုးမြင့်အောင်**

# ကသာမြို့နယ်စာရေးဆရာအသင်းက နှာခေါင်းစည်းများ အခမဲ့ဝေငှ

**ကသာ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေးအတွက် မြို့နယ်စာရေးဆရာ အသင်းက ပထမအကြိမ်နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စာရေးဆရာအသင်း နာယကများဖြစ်ကြသော ဦးချစ်လှိုင်(ဝင်းထိန်-အင်းတော်)၊ ဦးချစ်မြိုင်(မောင်သင်းမွှေး-ကသာ)၊ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဘမောင်(ကိုဘ-ကသာ)၊ ကော်မတီဝင်များဖြစ်ကြသော ဦးခင်မောင်ဦး(ဦးရဲ-ကသာ)၊ ဦးကျော်ဇင်လတ်(ကျော်ဇင်-ကသာ)၊ အေးမြသက်ထားနှင့် မြို့နယ်စာရေးဆရာအသင်းဝင်တို့က လူအသွားအလာများသည့် လမ်းမတော်လမ်း ဗိုလ်ချုပ်ကြေးရုပ်တုအနီးတွင် လမ်းသွားလမ်းလာပြည်သူများအား နှာခေါင်းစည်းများ ဝေငှခဲ့ကြောင်း သိရသည်။ **နန်းထွန်းမေ**



# မကွေးမြို့၌ ကုန်စိမ်းများ ယခင်ကထက် ဈေးနှုန်းမြင့်တက်လာ

**မကွေး အောက်တိုဘာ ၁၁**

ကိုဗစ်-၁၉ ဒုတိယလှိုင်းတွင် ကုန်စိမ်းတင်ဆောင်သည့်ကားများ မကွေးမြို့သို့အဝင်နည်းသည့်အတွက်ဈေးနှုန်းများ မြင့်တက်လာကြောင်း ကုန်စိမ်းရောင်းချသူများထံမှ သိရသည်။

"အရင်တုန်းကတော့ ရှမ်းပြည်နယ်နဲ့ မန္တလေးဘက်ကနေ ခရီးသည်တင်ကားတွေနဲ့ ကုန်စိမ်းတွေ တင်လာကြတာမျိုးရှိတယ်။ ကုန်ကားတွေနဲ့လာရောင်းကြတာတွေရှိတယ်။ အခုက ခရီးသည်တင်လိုင်းတွေ မထွက်ကြတော့ဘူး။ ကုန်ကားတွေကိုပဲ အားပြုနေရတာ။ ကုန်ကားကလည်း ဝင်တဲ့ အစီးရေနည်းလာတယ်။ လာတဲ့ကားကနေ ကုန်စိမ်းကို အလုအယက်ဝယ်နေရတယ်"ဟု ကုန်စိမ်းရောင်းဝယ်ရေးလုပ်ကိုင်သူ ဒေါ်ငွေးက ပြောသည်။



ကုန်စိမ်းဈေးမှာ ပျမ်းမျှထက်ဝက်ခန့် ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ပဲသီးတစ်ပိဿာ ငွေကျပ် ၈၀၀ မှ ၁၆၀၀၊ မုန်ညင်းတစ်ပိဿာ ငွေကျပ် ၈၀၀ မှ ၁၅၀၀၊ အာလူးတစ်ပိဿာ ငွေကျပ် ၈၇၀ မှ ၁၀၅၀ အထိ ဈေးနှုန်းမြင့်တက်မှုများ လတ်တလောဖြစ်ပေါ်နေသည်။

မကွေးတိုင်းဒေသကြီး၌ တိုင်းကျော်၊ ပြည်နယ်ကျော် ခရီးသည်တင်ယာဉ်လိုင်းပြေးဆွဲမှုကို ယာယီတားမြစ်ထားပြီး တိုင်းအတွင်းသို့ဝင်ရောက်လာသည့် ကုန်ကားများကိုလည်း ချက်ချင်းဝင်ခွင့်မပေးဘဲ စစ်ဆေးရေးစခန်းများဖွင့်ကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ကြပ်မတ်စစ်ဆေးလျက်ရှိသည်။

ရန်ကုန်အမျိုးသားဓာတ်ခွဲခန်းသို့ ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးချက်ရလဒ်များနှင့် Rapid Test Kit ကိရိယာဖြင့် အမြန်စစ်ဆေးမှုရလဒ်များအရ မကွေးတိုင်းဒေသကြီးတွင် ယနေ့နံနက်ပိုင်းထိ ကိုဗစ်အတည်ပြုလူနာ ၁၇၇ ဦး ရှိနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သိရသည်။

**ဇေယျာတု(မကွေး)**

# ကလေးနှင့်တမူးခရိုင်တို့မှ စေတနာ့ဝန်ထမ်း ကျန်းမာရေးဝန်ထမ်းများ ရန်ကုန်သို့ထွက်ခွာ

**ကလေး အောက်တိုဘာ ၁၁**

ကိုဗစ်-၁၉ကပ်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးလုပ်ငန်းများတွင် အားဖြည့်ကူညီဆောင်ရွက်နိုင်ရန်အတွက် ကလေးခရိုင်နှင့် တမူးခရိုင်တို့မှ စေတနာ့ဝန်ထမ်းအဖြစ် သွားရောက်ကူညီကြမည့် ကျန်းမာရေးဝန်ထမ်းသူနာပြု/သားဖွား ၁၀ဦးတို့သည် ယနေ့နံနက် ၉ နာရီခွဲက ကလေးမြို့မှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးဝန်ထမ်းသူနာပြု/သားဖွား ၁၀ ဦးတို့တွင် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးမှ သူနာပြု သုံးဦး၊ သူနာပြုသားဖွားသင်တန်းကျောင်း ကလေးမြို့မှ နည်းပြအပါအဝင် လေးဦး၊ တမူးမြို့ ပြည်သူ့ဆေးရုံကြီးမှ သူနာပြုနှစ်ဦးနှင့် ကလေးဝမြို့ပြည်သူ့ဆေးရုံကြီးမှသူနာပြုတစ်ဦးတို့ပါဝင်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ထမ်း သူနာပြု/သားဖွားတို့အား ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ချို၊ ကလေးခရိုင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ခရိုင်/မြို့နယ် ရပ်မိရပ်ဖများမှ မော်တော်ယာဉ်စရိတ်အပါအဝင် တစ်ဦးလျှင် ကျပ် ၁၄၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၄၅၀၀၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထန်းဖုန်(ပြန်/ဆက်)**

# အသွားအလာကန့်သတ်ထားသည့်အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ အိမ်တိုင်ရာရောက်ဖြန့်ဝေ

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် အသွားအလာကန့်သတ်ထားသည့် အိမ်ထောင်စုများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သောပစ္စည်းများကို ယမန်နေ့ ညနေ ၅ နာရီက အိမ်တိုင်ရာရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အောင်မြေသာစံရပ်ကွက်တွင် အသွားအလာ ကန့်သတ်ထားသည့် အကွက်(၁၁၃)နှင့် အကွက်(၁၁၆)တို့ရှိ အိမ်ထောင်စု ၁၀၉ စုမှ လူဦးရေ ၃၇၅ ဦးတို့အား တစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆီတစ်ပိဿာ၊ ခေါက်ဆွဲခြောက်ထုပ် ၁၅ ထုပ်၊ ကြက်ဥ ငါးလုံး၊ နှာခေါင်းစည်းသုံးခုတို့အား ထောက်ပံ့ခဲ့ခြင်း ဖြစ်သည်။

အဆိုပါထောက်ပံ့ပစ္စည်းများကို အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က ထုတ်ယူခဲ့ပြီး အောင်မြေသာစံရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် ရာအိမ်မှူးများအား ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက အိမ်တိုင်ရာရောက် ဆက်လက်ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**

# ပဲခူးမြို့ပေါ်ရပ်ကွက်အသီးသီးရှိ အခြေခံအိမ်ထောင်စုများအား စားနပ်ရိက္ခာများ ထောက်ပံ့

**ပဲခူး အောက်တိုဘာ ၁၁**

ပဲခူးမြို့တွင်ဖွဲ့စည်းထားသော WE LOVE BAGO Charity Organization (စုပေါင်းစွမ်းအား ကမ်းလက်များ)အဖွဲ့မှဦးဆောင်၍ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ပေါ်ရပ်ကွက် အသီးသီးရှိ အခြေခံလူတန်းစား အိမ်ထောင်စုများ၏ မိသားစုဘဝများ အဆင်ပြေရေး စားနပ်ရိက္ခာကူညီပေးအစီအစဉ်အရ ဆန်၊ ဆီနှင့် စားနပ်ရိက္ခာများကို လိုက်လံလှူဒါန်းခဲ့သည်။

အဆိုပါအဖွဲ့အနေဖြင့် ပဲခူးမြို့ပေါ်ရှိ နန်းတော်ရာရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ ပုဏ္ဏားစုရပ်ကွက်နှင့် လိပ်ပြာကန်ရပ်ကွက်တို့မှ အခြေခံလူတန်းစားအိမ်ထောင်စု ၈၉၀ တို့အား အိမ်ထောင်စုတစ်စုလျှင် ဆန်လေးပြည် တစ်အိတ်၊ ဆီ ၅၀ ကျပ်သားတစ်ဘူး၊ မာမားခေါက်ဆွဲ သုံးထုပ်၊ ငါးသေတ္တာနှစ်ဘူး၊ ဘဲဥ ၁၀ လုံး၊ ငါးပိထောင်းတစ်ဘူး၊ ပဲ ၂၅ ကျပ်သား၊ နှာခေါင်းစည်းနှစ်ခုစီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

**○ ရန်ကုန်မှ**

" ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ လာရောက်ပြသတဲ့လူနာတွေထဲမှာ ကိုဗစ်-၁၉ သံသယလူနာတွေပါဝင်လာတဲ့အတွက် သူတို့ကိုကုသပေးနိုင်မယ့် ခုတင်တွေပြင်ဆင်ထားရှိတာဖြစ်ပါတယ်။ဆေးရုံကိုလာပြတဲ့အထဲမှာ ကိုဗစ်လူနာတွေပါဝင်လာတာတွေ့ရပါတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန တာဝန်ခံ ဒေါက်တာမော်မော်ဦးက ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးပင်မအဆောင်၌ ICUနှင့် အဆောင်ပြင်ဆင်မှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ရွှေသံလွင်ကုမ္ပဏီ SKY NET နှင့် မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် (MLCA) တို့ ပူးပေါင်းဖွဲ့စည်းထားသော ကိုဗစ်-၁၉ ထောက်ပံ့ရေးကော်မတီက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးပင်မဆောင်၌ ကိုဗစ်-၁၉လူနာများကို သီးသန့်ထားနိုင်ရန် ပြင်ဆင်ရေးလုပ်ငန်းများကို အောက်တိုဘာ ၆ ရက်မှစတင်ကာ လုပ်သားအင်အား ၅၀၀ ဖြင့် နေ့မအားညမနားပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်(၁၁) နဲ့ (၁၂)တွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာများအား စတင် လက်ခံကုသပေးနေပြီဖြစ်ကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ပိုးတွေ့လူနာများ၊ ဆရာဝန်၊ ဆရာမများ၊ စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော အာဟာရဖြစ်ဖွယ်အစားအသောက်များကိုလည်း ရွှေသံလွင်ကုမ္ပဏီ SKY NETနှင့် မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်တို့က ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများလှူဒါန်း




**ကွမ်းခြံကုန်း အောက်တိုဘာ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၅၀၊ Surgical Mask အခု ၅၀၀၊ Surgical Gown အထည် ၅၀၊ N95Mask-1860s အခု ၃၀၊ မျက်နှာအကာ အခု ၁၀၀၊ Plastic Apron အခု ၁၀၀ ပါ ငါးထုပ်၊ ခေါင်းစွပ် အခု ၁၀၀ပါ သုံးဘူး၊ လက်အိတ် အခု ၁၀၀ ပါ ငါးဘူးတို့အတွက် စုစုပေါင်းငွေကျပ် ၇၇၄၂၅၀ တန်ဖိုးရှိပစ္စည်းများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက လှူဒါန်းခဲ့ရာ မြို့နယ်ဆရာဝန်ကြီးဒေါက်တာမြတ်သူကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများအတွက် လိုအပ်သောကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများဖြစ်သည့်Surgical Gown အထည် ၅၀၊ Surgical Mask အခု ၁၀၀၀၊ မျက်နှာအကာ အခု ၂၀၀၊ ရေမလိုလက်သန့်ဆေးရည် ၅၀၀မီလီ ငါးဘူး၊ လက်ဆေးဆပ်ပြာရည် ၅၀၀ မီလီ ငါးဘူး၊ အရက်ပြန် ၅၀၀ မီလီ ငါးဘူး၊ လက်အိတ် အခု ၁၀၀ပါ နှစ်ဘူး၊ Plastic Apron အခု ၁၀၀ပါ နှစ်ထုပ်၊ KN95 Mask အခု ၂၀၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာတုံးသုံးမျိုးတွဲ အစုံ ၅၀၊ မြက်ဖျာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ စောင်၊ ခြင်ထောင်၊ ဂွမ်းကပ် အစုံ ၅၀၊ ရေချိုးခွက်၊ သောက်ရေခွက်၊ ဆပ်ပြာခွက် အစုံ ၅၀၊ အမှိုက်ပုံးကြီး ခြောက်လုံး၊ အပူချိန်တိုင်းကိရိယာ သုံးခု စုစုပေါင်းတန်ဖိုးငွေအားဖြင့်ကျပ် ၁၂၆၁၁၀၀ ရှိသောပစ္စည်းများကို လှူဒါန်းခဲ့ရာ မြို့နယ် ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းစိုး(ကွမ်းခြံကုန်း)**

# ရောဝတီမြစ်ကမ်းပါးပြိုကျ၍ ရွှေ့ပြောင်းရသောအိမ်ထောင်စုများအတွက် ရွှေ့ပြောင်းစရိတ်နှင့် ရိက္ခာဖိုးငွေပေးအပ်

**ပခုက္ကူ အောက်တိုဘာ ၁၁**

ရောဝတီမြစ်ကမ်းပါးပြိုကျ၍ ရွှေ့ပြောင်းရသော အိမ်ထောင်စုများအတွက် အိမ်ရွှေ့ပြောင်းရန် စရိတ်နှင့် ရိက္ခာဖိုးငွေပေးအပ်ပွဲကို ပခုက္ကူမြို့နယ် သဖန်းပင်ကျေးရွာနှင့် ထနောင်းကုန်းကျေးရွာတို့တွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ကရုဏာလူမှု စည်းလုံးညီညွတ်ရေးအသင်းမှ ဦးရဲကျော်ထက်က ကရုဏာလူမှု စည်းလုံးညီညွတ်ရေးအသင်း၏ ချိတ်ဆက်ဆောင်ရွက်ကာ Cordaidအဖွဲ့ အစည်း ထောက်ပံ့ပေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စနစ်တကျရွှေ့ပြောင်းကြရန်နှင့် ကျေးရွာသဘာဝ ဘေးအန္တရာယ်လျှော့ချရေး ကော်မတီအနေဖြင့် ဌာနဆိုင်ရာများအား အလှူရှင်အဖွဲ့အစည်းများနှင့် ကျေးရွာလူထုကြား စနစ်တကျချိတ်ဆက်ဆောင် ရွက်ကြရန်ပြောကြားသည်။

ဆက်လက်၍ သဖန်းပင်ကျေးရွာမှရွှေ့ပြောင်း ရမည့် နေအိမ် ၁၁ လုံး၊ အိမ်ထောင်စုဝင် ၆၀၊ ထနောင်းကုန်းကျေးရွာမှ နေအိမ်သုံးလုံး၊ အိမ်ထောင်စု ဝင် ၁၁ ဦးတို့အတွက် တစ်အိမ်ရွှေ့ပြောင်းစရိတ်ကျပ် တစ်သိန်းစီနှင့် လူတစ်ဦး နှစ်ပတ်စာ စားနပ်ရိက္ခာဖိုး ငွေကျပ် ၇၅၀၀ နှုန်းနှင့် နှာခေါင်းစည်း၊ လက်သန့် ဆေးရည်များ စုစုပေါင်း ငွေကျပ်သိန်း ၂၀ ဖိုးခန့် လှူဒါန်းခဲ့သည်။

ပခုက္ကူမြို့နယ် သဖန်းပင်ကျေးရွာတွင် အိမ်ခြေ ၉၅ အိမ်ရှိပြီး ယခုနှစ်အတွင်း ရောဝတီမြစ် ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းနှင့် ဝေးရာသို့ တစ်ရွာလုံးရွှေ့ပြောင်းရန်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ကိုဇော်(ခာတု)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အစီအစဉ်ဖြင့် မန်ဆူဆရာတော် ကရုဏာဖောင်ဒေးရှင်းက သီပေါမြို့နယ် စာရေးဆရာအသင်းဝင်များနှင့် အခြေခံလူတန်းစားအချို့အား ဆန် ၁၀ ပြည်၊ ဆီ ၃၀ ကျပ်သား၊ နှာခေါင်းစည်း သုံးခုစီတို့ကို အောက်တိုဘာ ၁၁ ရက်က လှူဒါန်းထောက်ပံ့ပေးစဉ်။ သီပေါကိုလတ်

# တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က စုဆောင်းငွေပေါ် အတိုးငွေများထုတ်ပေး

**ထားဝယ် အောက်တိုဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ဒုတိယအကြိမ်အဖြစ် ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ထွက်ရှိသော ပေါ်ဆန်းမွှေး(ကြားပျံ) ၂၄ ပြည်အိတ် ၄၂၅ အိတ်၊ မြတ်သုတ အိတ် ၄၀ စုစုပေါင်း ဆန် ၄၆၅ အိတ်ကို တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့နယ်၊ လောင်းလုံးမြို့နယ်၊ ကျွန်းစုမြို့နယ် များသို့ ဒေသပေါက်စျေးထက် သက်သာသောစျေးနှုန်းများဖြင့် သမဝါယမအသင်း လမ်းကြောင်းမှတစ်ဆင့် အသင်းသားများသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ် ကြောင်း သိရသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညင်းမော်ကျေးရွာ ညင်းမော်ငွေစုငွေချေးသမဝါယမအသင်းသားများသို့ ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အသင်းသား ၁၄၆ ဦး၏ စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၃၂၉၆၇၀၀ ကို အောက်တိုဘာ ၈ ရက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သရက်မြို့၌ ခရိုင် ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေး ကျင်းပ

**သရက် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင် ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေး နှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ယမန်နေ့နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ် ရေးမှူး ဦးတင်မျိုးလတ်က သရက်မြို့ အဝင်ဂိတ်တွင် Rapid Test Kit ဖြင့် စစ်ဆေးခြင်းများပြုလုပ်လျက်ရှိရာ ယမန်နေ့ကအဝေးပြေးယာဉ်မောင်း တစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိ သဖြင့် သရက်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုပြုလုပ်ပေးထားကြောင်း၊ အောင်လံမြို့တွင်လည်း ယနေ့အထိ ကိုဗစ်-၁၉ ပိုးတွေ့လူနာ ၁၆ ဦးရှိ သဖြင့် သရက်နှင့် အောင်လံအသွား အလာကန့်သတ်ခြင်းကို အောက်တိုဘာ ၁၁ ရက်မှစတင်၍ ၂၄ ရက်အထိ ကန့်သတ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ မြို့မစျေးကြီးအား မွန်းတည့် ၁၂ နာရီအထိ၊ ယာယီပြန်ကျစျေးနှင့် အေးခဲအသား ရောင်းချခြင်းတို့ကို နံနက် ၉ နာရီအထိသာ ဖွင့်လှစ် ရောင်းချရေးတို့ကို ဆွေးနွေးပြောကြား သည်။

ဆက်လက်၍ ခရိုင်ဆရာဝန်ကြီး ဒေါက်တာညွန့်ရွှေအောင်က သရက် မြို့ ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိ၍ တက်ရောက်ကုသ နေသော အမျိုးသားတစ်ဦး ဆေးရုံမှ ဆင်းခွင့်ရပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိ ကြောင်း၊ သရက်မြို့အဝင်ဂိတ်တွင် ရောဂါစစ်ဆေးရေးအဖွဲ့ ထားရှိ၍ နေ့စဉ် စစ်ဆေးလျက်ရှိကြောင်း ဆွေးနွေးတင်ပြခဲ့ပြီး မြို့နယ်အုပ်ချုပ် ရေးမှူးနှင့် စည်ပင်အမှုဆောင်အရာရှိ တို့က ပွဲထောင်လိုင်း၊ ဇက်ရေယာဉ် ပြေးဆွဲမှုနှင့် စျေးများဖွင့်လှစ်ရောင်း ချမှုတို့တွင် ဆောင်ရွက်ရမည့်အခြေ အနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း (အောင်လံ)**

# မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်

**သပိတ်ကျင်း အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ မသန်စွမ်း သူများအား နိုင်ငံတော်မှ ထောက်ပံ့ငွေများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

သပိတ်ကျင်းမြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် ကျေးရွာများတွင် နိုင်ငံတော်အစိုးရ က မသန်စွမ်းသူများအား စားဝတ်နေရေးအဆင်ပြေစေရန် ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ပြီး အဆိုပါထောက်ပံ့ကြေးများကို သပိတ်ကျင်းမြို့ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဒေါ်ခင်ငြိမ်းဌေးနှင့် ဆိပ်ကမ်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညီညီမြင့်တို့က မသန်စွမ်းတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို လက်ဝယ် အရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရွှေစကာ၊ ဆင်မွေး၊ (၇)မိုင်၊ သပိတ်ကျင်း၊ ရေလည်ကျွန်း၊ ရွှေမြေကျွန်း၊ အင်းနက် ကျေးရွာ များရှိ မသန်စွမ်းသူခုနစ်ဦးအား ထောက်ပံ့ခြင်းဖြစ်သည်။

**စိုးနိုင်ဝင်း(ပြန်/ဆက်)**

# ရှင်ဗွေယန်မြို့၌ ဒုတိယအကြိမ် မဲစာရင်းထုတ်ပြန်ကြေညာထားမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ရှင်ဗွေယန် အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့တွင် မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုနှစ်အုပ်စုတို့တွင် ဒုတိယအကြိမ် မဲစာရင်းများထုတ်ပြန်ကြေညာ ထားမှုကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဇော်အောင်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ရှင်ဗွေယန်မြို့ မဲရုံဖွင့်လှစ်ရန်လျာထားနေရာ မဲရုံရှစ်ရုံကို ကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင်စာရင်း ဒုတိယအကြိမ်ထုတ်ပြန်ကြေညာထား မှုကို စနစ်တကျကပ်ထားခြင်း ရှိ/မရှိ၊ လာရောက်ကြည့်ရှုစစ်ဆေးကြရန် နှိုးဆော်ခြင်း၊ မဲဆန္ဒရှင်အမည်စာရင်းထည့်သွင်းရန် တောင်းဆိုခြင်း၊ ပယ်ဖျက်ရန် ကန့်ကွက်ခြင်း၊ မှားယွင်းမှုကိုပြန်လည်ပြင်ဆင်ခြင်း၊ လျှောက်ထားခြင်းများကို



အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန်နှင့် စနစ်တကျမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိရန် ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ့အဖွဲ့ဝင်များအား မှာကြားခဲ့သည်။

**လင်းသွယ်ဦး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကာလ နယ်လှည့်ရောင်းချနေသော စျေးသည်များ အခက်ကြုံနေ

**မြိတ် အောက်တိုဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဆယ်စုနှစ်တစ်ခုကျော် အကြာ ရွာစဉ်တစ်လျှောက် နယ်လှည့်ရောင်း ချနေသည့် ငါးရောင်းသူများသည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကန့်သတ်ချက်အချို့ရှိ လာသည့်အတွက် ငါးရောင်းချရာတွင် အခက် အခဲများနှင့်ကြုံတွေ့နေရကြောင်း ငါးလှည့် လည်ရောင်းချနေသူတချို့ထံမှ သိရသည်။

မြိတ်ခရိုင်အတွင်း မြိတ်မြို့နှင့်အလှမ်းကွာ ဝေးသည့် ပုလော၊ တနင်္သာရီမြို့နယ်တို့ရှိ ကျေးရွာများသို့ ဆိုင်ကယ်ဘေးတွင် ငါးဂါလန် ဝင်ဆံ့သည့် ပုံးလေးလုံးကို ချိတ်ဆွဲပြီး နယ်လှည့် ငါးရောင်းချနေသောစျေးသည်များ မှာ အရင်က ပါလာသည့်ငါးများရောင်းကုန်ခဲ့ သော်လည်း ယခုလက်ရှိတွင် နေ့စဉ်နီးပါး ရောင်းမကုန်တာမျိုး ရှိလာသောကြောင့် အခက်ကြုံတွေနေရကြောင်း သိရသည်။

" ကျွန်တော်ငါးရောင်းလာတဲ့ သက်တမ်း တစ်လျှောက်မှာ ဒီတစ်ခါကတော့အဆိုးဆုံး ပါပဲ။ လက်ရှိကြုံတွေနေရတာက ကိုဗစ်-၁၉ ရောဂါကြောက်လို့ ရွာတွေကလမ်းတွေ အသွား အလာကန့်သတ်ထားတယ်။ ပေးဝင်တဲ့ ရွာရှိ သလို ပေးမဝင်တဲ့ရွာတွေလည်းရှိတယ်။ ပေးမဝင်တဲ့ရွာတွေမှာကျတော့ လမ်းဘေးမှာ ရောင်းရတယ်။ ကိုယ့်ဖောက်သည်တချို့က တော့ လာစောင့်ပြီးဝယ်တယ်။ ဝယ်တဲ့သူက အရင်ကထက်နည်းသွားပါတယ်။ ၁၀ ဦးမှာ နှစ်ဦးလောက်ပဲလာဝယ်ကြတယ်။ ကျွန်တော် တို့လည်းရောင်းမကုန်တော့ အခက်တွေ့နေရ ပါတယ်။ အခု လမ်းဘေးမှာပဲစောင့်ရောင်း နေရတဲ့ပုံစံဖြစ်နေတယ်။ တစ်ရွာဝင် တစ်ရွာ ထွက် လှည့်လည်ရောင်းချနေတဲ့ ငါးစျေးသည် တွေအနေနဲ့ အခုလိုမျိုးရောင်းအားကျဆင်းတဲ့ အဖြစ်မျိုး တစ်ခါမှ မကြုံဖူးသေးတာကြောင့် အဆင်မပြေမှုတွေ အရင်ကထက်ပိုများလာ ပါတယ် " ဟု မြိတ်မြို့မှ ငါးလှည့်လည်ရောင်းချ နေသူ ဦးအောင်စိုးဦးက ပြောကြားသည်။

**မြင့်ဦး(မြိတ်)**



# ဆိုင်းနားထောင်ခြင်း

**ဆူးငှက်**



ရှေးခေတ်မြန်မာဆိုင်းဝိုင်း။

ကျွန်တော့်ဖခင်ကြီးက ဆိုင်းနားထောင်တာ ဝါသနာပါသည်။ ဆိုင်းဆိုလျှင် စိန်ဘညို၊ ရွှေဒေါင်းမြိုင်ကြိုက်သည်။ စိန်ဘညိုကိုတော့ အသည်းစွဲ။ ဟို...ဘုတလင်အရှေ့ဘက် မိဘများဇာတိ ဝေးသီလံရွာကလေးမှာပြန်၍ ကျွန်တော့်ကို လှူတော့ စိန်ဘညိုဆိုင်းပါသည်။

**အိမ်တော်ရာဘုရား ထီးတင်မှစ၍**

ကျွန်တော်မွေးသည့်နှစ်မှာ မန္တလေးအိမ်တော်ရာဘုရားက ထီးတင်တော့ ထီးတင်မှာ မြို့ခံနာမည်ကျော် ဆိုင်းအဖွဲ့နှင့် ယှဉ်ပြိုင်တီးရန် ဖခင်သည် မုံရွာကံပြားရွာမှ စိန်ဘညိုဆိုင်းအဖွဲ့ကို မန္တလေးသို့ခေါ်ကာ တီးစေခဲ့သည်။ စိန်ဘညိုသည်လည်း အိမ်တော်ရာဘုရား ထီးတင်မှစ၍ မန္တလေးမှာ အခြေချကာ နာမည်ကျော်ဆိုင်းဖြစ်သွားတော့သည်။ ထို့ကြောင့် စိန်ဘညိုဆိုင်းအဖွဲ့ဆိုလျှင် ကျွန်တော်တို့ သားအဖမှာ တီးရာနောက်လိုက်ပြီး ဆိုင်းဝိုင်းနောက် ဝင်ထိုင်ကာ အလှူကဧည့်ခံသော လက်ဖက်ရည်တွေ၊ ထိုးမုန့်၊ နန္ဒင်းမကင်းတွေထိ စားရတာ မှတ်မိနေသည်။

ကျွန်တော်ကား ဆိုင်းအဖွဲ့မှ ကနဦး ယိုးဒယားကရောင်းရိုက်နေလျှင် ကြေးနောင်သမားကို သဘောကျနေမိ၏။ လက်ကိုင်ဖုကလေးက ကြေးနောင်ဘုကလေးပေါ် ပွတ်ကာသပ်ကာ၊ ဖိကာ၊ လက်သန်းလေးနဲ့ထိန်းကာ တီးသည်ကို ငေးမိနေသည်။ သာမန်သိသည်က ကြေးနောင်ကို လက်ခတ်နှင့် ရိုက်တီး၍ အသံထွက်သည်ဟုပဲဖြစ်၏။ တကယ်တမ်း သေချာကြည့်တော့ အဲသည်လိုမဟုတ်၊ အပွတ်အသပ်၊ အဖိအဖော့၊ အထိန်းအကွပ်လေးတွေ မြင်ရသည်။ ယိုးဒယားကရောင်း ရိုက်နေစဉ် ရွာစားက ဆိုင်းဝိုင်းထဲဝင်ပြီး ပတ်စာကပ်ကာ အသံစမ်းသည်။

**စိန်ဆိုတာ အပီပြပ့်၊ ကိုယ့်ဆရာ**

ထို့နောက် အုံနှင့်ကျင်းနှင့် တီးလုံးတစ်ပုဒ်တီးသည်။ တီးလုံးအပြီး တူရိယာအားလုံးအသံ ငြိမ်သက်သွား၏။ ထိုအခါ ဆိုင်းနောက်ထ ပေါက်စနှင့် ကြောင်နီသည် ဆိုင်းဝိုင်းကိုကွယ်၍ တောင်ရှည်ပုဆိုးဝတ်သည်။ လက်စကစွပ်ကျယ်မှ လက်ကိုလိပ်၍ ပခုံးအထိ တင်သည်။ အနားမှာထိုင်နေသော ကျွန်တော့်ကို လေသံတိုးတိုးဖြင့်– ''မင်းနောက်နား နည်းနည်းတိုးဦး၊ ငါတို့က ဆော့ရမှာ ဆိုတော့ နေရာကျယ်မှ ဖြစ်မှာ''ဟုဆိုသည်။ နောက်ထ ဦးပေါက်၏ အသံ ခပ်အက်အက်မှာ ကျွန်တော်က ဒီလူကြီးတွေ ဘယ်လိုဆော့မှာပါလိမ့်ဆိုပြီး စိတ်ဝင်တစား ဖြစ်နေမိသည်။ နေရာကို ရှင်းလင်းပြီးနောက် မှဆိုးထိုင် ထိုင်ကြပြီး နှစ်ယောက်သား အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဝါးလက်ခုပ်ကိုင်ကာ ထိုင်လျက် ''ဟေး'' ခနဲ အော်ကာ ခုန်လိုက်ကြသည်မှာ ဆိုင်းဝိုင်းကိုပင် ကျော်သွားပါသည်။ ပရိသတ်အားလုံးသည် ဟာခနဲ လန့်သွားသည်။ ထို့နောက် ခုန်ရာမှ မတ်တတ်အကျတွင် "ပတ္တမြားလုံးဆိုတာ ငမောက်တမျှအသွင်ပါပဲ၊ ပတ္တမြားလုံးဆိုတာ ငမောက်တမျှအသွင်ပါပဲ၊စကားသုံးသပ်ကာ ရောက်သမျှတင်ပါရဲ့၊ ပေါက်စခဗျာ ဆရာကို ကန်တော့ကြမှာမို့၊ သောတနားနားဝင် အတွေ့တင်ရအောင် ခြသေ့်အဆီက သိင်္ဂီမှာတဲ့ စိန်ဆိုတာ အပီပြပ့်၊ ကိုယ့်ဆရာ '' ဟူ၍ ဆိုင်းဆင့်သည်။

ထိုအခါမှ ဆိုင်းနောက်ထတွေ ''ဆော့သည်'' ဟူသော ဝေါဟာရကို နားလည်တော့သည်။ ကျွန်တော်သည် ကံကောင်းထောက်မစွာဖြင့် ဆိုင်းဝါသနာအိုး၊ ဇာတ်ဝါသနာအိုး ဖခင်နှင့် ဆိုင်းတကာ ဇာတ်တကာကို ငယ်စဉ်ကတည်းက ကြည့်ဖူးခဲ့ခြင်း၊ ဖခင်နှင့် ဝါသနာတူသူများ၏ အိမ်ရှေ့ လက်ဖက်ရည်ကြမ်းဝိုင်းမှ ဇာတ်အကြောင်း၊ ဆိုင်းအကြောင်း တဝတပြဲ နားထောင်ရခြင်းတို့ကြောင့် အနုသုခုမကို အနည်းငယ် တီးမိခေါက်မိခြင်းလောက်သာ ဖြစ်သည်။

**အနုပညာဖြင့် ဖျော်ဖြေခြင်းသာမက**

မြန်မာလူမျိုး အများစုက ရှေးအတီတေကပင် ယဉ်ကျေးမှုပိုင်း ကုန်လုံကြွယ်ဝသည်။ ထို့ကြောင့် လုပ်ဆောင်ဖွယ်ရာ အဝဝတွင် ယဉ်ကျေးသော လူမျိုး ဓလေ့အလျောက် အနုပညာထုံမွှမ်းသည်။ အထူးသဖြင့် ကုသိုလ်ရေးကိစ္စများ၌ အနုပညာဖြင့် ဂါရဝထားကြသည်။ ထို့ကြောင့် အလှူအတန်းပွဲလမ်းများတွင် အနုပညာဖြင့် ဖျော်ဖြေခြင်းသာမက ချီးမြှောက်ခြင်း၊ ပူဇော်ခြင်းများလည်း ပြုကြ၏။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များအတွက် သားယောက်ျားလေး အရွယ်ရောက်လာလျှင် မြတ်စွာဘုရား သာသနာအတွင်း သွတ်သွင်း ရှင်ပြုကာ သမီးမိန်းကလေးကိုလည်း နားသမင်္ဂလာဆင်ယင်ပြီး ဘုရားအမှူးပြုသော သံဃာတော်အရှင်မြတ်တို့ကို လှူဖွယ်ဝတ္ထုအစုစုတို့ လှူဒါန်းခြင်းဖြင့် ကုသိုလ်ပြု၏။ ထိုသည်ကို လှူခြင်း၊ အလှူ ပြုလုပ်ခြင်း၊ အလှူတော်မင်္ဂလာဟု သုံးနှုန်းကြသည်။ သာမဏေရပဗ္ဗဇ္ဇမြောက် ချီးမြှောက်ခြင်း၊ ကဏ္ဏဝိဇ္ဈန မြတ်နားသမင်္ဂလာဆင်ယင်ခြင်း အလှူတော်ဟု ခေါ်ဆိုကြသည်။ ထိုအလှူကို ဖိတ်ကြားသောအခါ 'တရားပရိတ်တော် အတူတကွနာယူကြည်ညိုနိုင်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်..'' ဟု ဖိတ်စာတွင် ရေးသားလေ့ရှိသည်။

မြန်မာလူမျိုး အများစုက ရှေးအတီတေကပင်
ယဉ်ကျေးမှုပိုင်း ကုန်လုံကြွယ်ဝသည် . . .
ထို့ကြောင့် လုပ်ဆောင်ဖွယ်ရာ အဝဝတွင်
ယဉ်ကျေးသောလူမျိုး ဓလေ့အလျောက် အနုပညာထုံမွှမ်းသည် . . .
အထူးသဖြင့် ကုသိုလ်ရေးကိစ္စများ၌ အနုပညာဖြင့် ဂါရဝထားကြသည် . . .
ထို့ကြောင့် အလှူအတန်းပွဲလမ်းများတွင် အနုပညာဖြင့် . . .

**အလှူမဏ္ဍပ်**

မန္တလေးတွင် အလှူတွေကို ရှေးက မဏ္ဍပ်ကြီးများ ထိုးပြီး တခမ်းတနား ကျင်းပလေ့ရှိသည်။ ပန်းဆယ်မျိုး လက်မှုအနုပညာထွန်းကားသော မန္တလေးတွင် လက်ဝါ အတတ်ပညာဟု ခေါ်ဝေါ်သည့် စပ်ပန်းချီပညာလည်း ထွန်းကားသည်။ ရှေးက ပန်းချီဆရာမှန်သမျှ စပ်ပန်းချီနှင့် မကင်းနိုင်ကြ။ ပန်းချီပညာကို စတင်သင်ကြားလျှင် စပ်ပန်းချီဆရာထံ ဦးစွာ လေ့လာသင်ယူကြရသည်။ စပ်ပန်းချီဆရာက သုမင်္ဂလ၊ ဒုမင်္ဂလ နှစ်မျိုးစလုံးမှာ မဏ္ဍပ်အထည်သာမက ဗုဒ္ဓဝင်၊ နိပါတ်တော်၊ ငါးရာ့ငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့စသော ပန်းချီကားများနှင့်လည်း လက်စွမ်းပြလေ့ရှိသည်။ မန္တလေး၌ နာမည်ကျော် စပ်ပန်းချီဆရာကြီးများရှိသည်။ သူတို့၏ စပ်ပန်းချီလုပ်ငန်းများက အလှူမဏ္ဍပ်ကြီးများ ငှားရမ်းနိုင်သလို တတ်နိုင်လျှင် အသစ်လည်းအပ်နိုင်သည်။ ကိုယ့်အလှူမှာ ကိုယ့်စိတ်ကူးနှင့် ဖြစ်ချင်သောမဏ္ဍပ်ပုံစံ အသစ်အပ်နှံတာမျိုးတွေလည်းရှိသည်။

ထို့ကြောင့် အလှူမတိုင်ခင် တစ်ပတ်လောက်ကတည်းက အလှူအိမ်ရှေ့မှာ မဏ္ဍပ်စထိုးပါပြီ။ မဏ္ဍပ်အများစုက ရတနာပုံခေတ် မြနန်းစံကျော်ရွှေနန်းတော်ကြီး အဆောင်အယောင်ပုံစံများ ဖြစ်သည်။ မုခ်ဦးပေါ်မှာ ဘုံခုနစ်ဆင့်ပြာသာဒ်ပေါက် ထားသည်။ မဏ္ဍပ်ဦးခန်းတွင် ဘုရားဆောင်ထားရှိသည်။ သံဃာစင်နှင့် မောင်ရှင်လောင်းစင် နားသစင်လည်း ပါရှိသည်။ တကယ်တော့ အလှူမဏ္ဍပ်ဆိုသည်မှာ အလှူကာလအတွင်း မြတ်စွာဘုရားရှင် သီတင်းသုံးဖို့ တည်ဆောက်လှူဒါန်းထားသော ရွှေကျောင်းတော်ကြီး အလားသဏ္ဌာန်ဖြစ်သည်။ ထို့ကြောင့် မဏ္ဍပ်ကြီးပြီးသည်နှင့် ဘုရားဆင်းတုတော်တစ်ဆူကို ပင့်ဆောင်ပြီး မဏ္ဍပ်ဘုရားဆောင်မှာ သီတင်းသုံး ပူဇော်ထားရှိသည်။

**အလှူဝင်ည ဆိုင်းဧည့်ခံ**

အလှူဝင်နေ့မှာ မွန်းတိမ်းတာနဲ့ ဧည့်ခံမယ့် ဆိုင်းအဖွဲ့ရောက်လာပါပြီ။ မဏ္ဍပ်ရှေ့ ပေ၂၀၀လောက်အကွာမှာ ဆိုင်းအဖွဲ့အတွက် လေးတိုင်နှင်းစင်လေး သပ်သပ်ရပ်ရပ်ထိုးထားသည်။ ဆိုင်းအဖွဲ့က နှင်းစင်အောက်မှာ ဗိမာန်ကို ဆင်သည်။ အလှူဝင်ည လာသမျှပရိသတ်အားလုံးကို ဆိုင်းအဖွဲ့က တီးမှုတ်ဖျော်ဖြေ ဧည့်ခံမှာမို့ နောက်ရက် အလှူကြီးနေ့အတွက် မဏ္ဍပ်အတွင်း ပြင်ဆင်ထားသည့် အခမ်းအနားများ ဆိုင်းနားထောင်ပရိသတ်ကြောင့် မပျက်စီးရလေအောင် မဏ္ဍပ်အပြင်မှာပဲ ဆိုင်းဧည့်ခံစေခြင်း ဖြစ်သည်။ ထိုအစဉ်အလာမှာ ရွာစားကြီးစိန်ဗေဒါတို့ လက်ထက်ကတည်းက ဖြစ်ပါ၏။ ဆိုင်းအဖွဲ့က နှင်းစင်အောက်ပြင်ဆင်ပြီးသည်နှင့် ညနေစောင်းတွင် အလှူမှာ ဆိုင်းအဖွဲ့ ရောက်ပါပြီဆိုတာ ကြားကြားသမျှ အသိပေးသည့်အနေနှင့် ဗျောရိုက်ပါတော့သည်။ ကြေးနောင်မောင်းဆိုင်း ဒိုးချောင် နဲ့ကြီး ပလုတ်တုတ် အုပ်စုံနှင့် မောင်းကြီးထုပြီး တီးမှုတ်သည့် ဗျောသံဖြစ်သည်။ အလှူအဖွင့်အဖြစ် တက်ကြွကြည်နူးဖွယ်အသံများ စတင်ကြားလိုက်တော့ ဝမ်းသာမျက်ရည် လည်ကြရပြီ။ မန္တလေးဆိုသည်မှာ အနုပညာများ ပျော်ဝင်နေသောမြို့မို့ ရပ်ကွက်အတော်များများမှာ ဆွမ်းကြီးခံ တီးဝိုင်းလေးတွေတွေ့ရသည်။ အတော်အသင့် တီးတတ်မှုတ်တတ်ကြသည်။ ထိုသို့သောရပ်ကွက်မျိုးမှာ အလှူရှိ၍ ဆိုင်းအဖွဲ့ရောက်လာပြီဆိုလျှင် ဆိုင်းလည်းဆင်ပြီး ညနေစောင်း ဆိုင်းတစ်ဖွဲ့လုံး ကျွေးရုံ မှာ ထမင်းစားနေချိန် ရပ်ကွက်ခံ လူငယ်လေးတွေက ဆိုင်းထဲဝင်ကာ ကိုယ်တိုင်ဗျောရိုက်ကြသတဲ့။ ဒါကို အရပ်သားတီးလုံးဟု ခေါ်ကြသည်။

**ရွာစားကြီးစိန်ဗေဒါဆိုင်း အားသည့်ရက်**

အလှူဝင်ညမှာ ဆိုင်းဧည့်ခံချိန်ရောက်တော့ ဆိုင်းဝိုင်းက ဖန်ပန်းတောင်းကြီးတွေမှာလည်း မီးလုံးတွေ ထွန်းညှိလို့..။ ပတ်မထမ်းပဉ္စရူပရုပ်မှာလည်း မီးဆိုင်းတွေဆင်ထားသည်။ ဖန်ရောင် မှန်ရောင်တွေ ပြိုးပြက်လင်းလက်နေသော ဆိုင်းဝိုင်းမျက်နှာမူရာ ခပ်လှမ်းလှမ်းမှာ တာဝတိံသာကနတ်ဘုံနတ်နန်းအလား ရွှေတောင်ပေါက်သည့်ပမာ မီးလုံးမီးဆိုင်း ရောင်စုံများဖြင့် မဏ္ဍပ်ကြီးက ဟည်းထနေသည်။ ဆိုင်းအဖွဲ့က မဏ္ဍပ်နှင့် မလှမ်းမကမ်းနေရာမှာ အယုတ်အလတ်အမြတ်မရွေး ပရိသတ်အားလုံးကို တီးမှုတ် သီဆိုဧည့်ခံသည်။ ထိုဆိုင်းအဖွဲ့၏ တီးမှုတ် သီဆိုခြင်းကို နားဆင်ကြည့်ရှုခြင်းအား ဆိုင်းနားထောင်ခြင်းဟု ခေါ်သည်။ ထိုသို့ အလှူပွဲ ဘုရားပွဲ ကျောင်းပွဲများတွင် ဆိုင်းနားထောင်ခြင်းဓလေ့ ထွန်းကားခဲ့သောကြောင့် ရှေးက အလှူပွဲများတွင် ပရိသတ်ကြိုက်နှစ်သက်လှသော ရွာစားကြီးစိန်ဗေဒါဆိုင်းပါမှ အလှူမြောက်သလို စွဲလမ်းကြသောကြောင့် အလှူရက်ကိုပင် ပုဏ္ဏားပေးသည့်ရက်ထက် ရွာစားကြီးစိန်ဗေဒါဆိုင်း အားသည့်ရက်ကို ရွေးကြသည်ဟု ပြောစမှတ်ရှိသည်။

**ဆိုင်းနားထောင်ခြင်းဓလေ့**

ထိုသို့ အလှူပွဲများ၌ စိန်ဗေဒါဆိုင်းက မပါမဖြစ်မို့ မန္တလေးဆိုင်းအားလုံးလိုလို အလှူအတန်းဧည့်ခံဖျော်ဖြေပွဲတိုင်း တီးမှုတ်သီဆိုသော သမားစဉ်တီးလုံးတီးကွက်များသည် စိန်ဗေဒါကြီးတီးခဲ့သော သမားစဉ်မူအတိုင်း လက်ဆင့်ကမ်း အမွေဆက်ခံ တီးမှုတ်ခဲ့ကြသည်။ စိန်ဗေဒါကလည်း သူ့ဖခင်ဖြစ်သူ ရတနာပုံခေတ် အတွင်းတော်တီးလက်ယာစိန်ဆိုင်း အမှုတော်ထမ်း ဆီဆုံဆယ်ရွာစားနေမျိုးကျော်စွာခေါင် ဆရာဖေကြီး၏ သမားစဉ်အတိုင်း ပညာအမွေခံ တီးခတ်ခဲ့ခြင်းဖြစ်သည်။

အခုတော့ မန္တလေးက အလှူပွဲများ၏ အလှူဝင်ညမှာ ဆိုင်းနားထောင်ခြင်းဓလေ့ ကွယ်ပျေ့ါ။ ဆိုင်းအဖွဲ့က ထုတ်လုပ်ဖြန့်ချိထားသော ဆိုင်းခွေကိုပဲဖွင့်ကာ နားထောင်လိမ့်မည်။ သို့သော် နယ်ကအလှူပွဲများ၌ အလှူဝင်ဧည့်ခံဆိုင်းများကို တမက်တမော စည်စည်ကားကား အားပေးကာ ဆိုင်းနားထောင်ဓလေ့ ထွန်းကားနေတာ မြင်ရတော့ ဝမ်းသာလှပါ၏။ ။

## တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါခေါ်ယူခြင်း
## မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ရေးမြို့

ရေးမြို့နယ်တွင် ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| ဝယ်ယူသည့်ဌာန | ရေးမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ သီရိနန္ဒာရပ်ကွက်၊ ရေးမြို့ |
| တာဝန်ခံအရာရှိ | ဦးညီညီလွင် ဖုန်း-၀၉-၂၅၉၂၅၆၅၇၅၊ ၀၉-၇၉၉၆၇၉၅၉၆ |
| တည်ဆောက်မှု လုပ်ငန်းဖော်ပြချက် | ကတ္တရာလမ်း၊၂/၂မိုင်ခင်းခြင်းနှင့်မြေသားလမ်း၁၃၀၀'ပြုပြင်ခြင်း၊ ရေပြွန်(၃x၂၆)နှင့် (၂x၂၆)ပေ၂စင်း တည်ဆောက်ခြင်း၊ ဆိုင်ကယ်သွားကွန်ကရစ်လမ်း(၁၃၂၀'x၁'၆"x၄")ခင်းခြင်း |
| တည်ဆောက်မည့် နေရာ | Log-1 (က)ရေး-မော်လမြိုင်ကားလမ်းမကြီးမှ ကျုံပေါ-စိန်ကြီး-သဃ်န်းကျွန်းလမ်း<br>(ခ) လိပ်ပုတ်-မင်းလှအေးလမ်း<br>Log-2 ကနင်ကမော့-သံကရိုက်-ဘဲလမုလမ်း |
| အရည်အသွေး စံချိန်စံညွှန်းများ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ |
| ဝယ်ယူမှုနည်းလမ်း | အကြီးစားဝယ်ယူမှု |
| အရည်အချင်း သတ်မှတ်ချက်များ | - ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသောကုမ္ပဏီ ဖြစ်ရမည်။<br>- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။<br>- အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများရှိရမည်။<br>- အလားတူ ကန်ထရိုက်အနည်းဆုံး(၂)ခုကို ဆောင်ရွက်ဖူးရမည်။<br>- ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>- ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင် ထားရမည်။<br>- တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရမည်။ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ သီရိနန္ဒာရပ်ကွက်၊ ရေးမြို့။ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန် | ၁၃-၁၀-၂၀၂၀ ရက်နေ့မှ ၁၃-၁၁-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ |
| တင်ဒါစာရွက်စာတမ်း ကျသင့်ငွေ | ၁၀၀၀၀ကျပ် |
| တင်ဒါတင်သွင်းရမည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ သီရိနန္ဒာရပ်ကွက်၊ ရေးမြို့။ |
| တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသော နောက်ဆုံးအချိန် | ၁၃-၁၁-၂၀၂၀ ရက်၊ နံနက် ၁၁:၀၀ နာရီထိ |

**ဦးညီညီလွင်(လက်ထောက်ညွှန်ကြားရေးမှူး)**
**ရေးမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ရေးမြို့။**

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အတွက် ဘော်ဘင်တမံနှင့် ဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ပန်းရန်သဲ၊ ခင်းသဲ၊ မြစ်ကျောက်စရစ်နှင့် မြေနီကျောက်စရစ်ပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက် | - | ၁၉-၁၀-၂၀၂၀ ရက် (တနင်္လာနေ့) ၉:၃၀ နာရီ |
| နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် | - | ၁၃-၁၁-၂၀၂၀ ရက် (သောကြာနေ့) ၁၆:၀၀ နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၁၈-၁၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ၁၀:၃၀ နာရီ |
| ဆက်သွယ်ရန်တယ်လီဖုန်း | - | ၀၅၃-၂၈၅၃၃ |
| တင်ဒါပုံစံပေးပို့ရမည့်နေရာ | - | ငွေစာရင်းဌာနစိတ် ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ပြည်မြို့။ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ပြည်မြို့ငွေစာရင်းဌာနစိတ်တွင် ၁၉-၁၀-၂၀၂၀ ရက်မှ ၁၃-၁၁-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

မှတ်ချက် - လတ်တလောဖြစ်ပွားနေသည့် Covid-19 ရောဂါအခြေအနေကြောင့် ဖော်ပြပါရက်များ ပြောင်းလဲနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာလမ်း၊ အမှတ်(၉၅၇)၊ (၂)ခန်းတွဲ RC(၈ ၃/၂) မီနီကွန်ဒိုအဆောက်အဦ၏ (၇)လွှာ (ခြေရင်းခန်း) (တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်အခန်း)၊ ဧရိယာ(၉၉၉)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးကိုကို[၁၂/ ဗဟန(နိုင်)၀၇၉၆၅၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဖြိုးအာကာကို [၇/တငန(နိုင်)၁၅၀၁၅၇] က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဖြိုးအာကာကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph:09-254508917**
**Level (၅၊၆၊၇၊၈)၊ တာဝါ(၂) HAGL Myanmar Center Tower၊**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## အစည်းအဝေးဖိတ်ကြားခြင်း

MattRoy Logistics Myanmar Co.,Ltd သည် မတည်ရင်းနှီးငွေလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို ၁၄-၁၀-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီတွင် ကုမ္ပဏီရုံးခန်း၌ ပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

**MattRoy Logistics Myanmar Co.,Ltd**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မြို့နယ်/မြို့/အထူးအဖွဲ့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန် | - ၆-၁၁-၂၀၂၀ မှ ၂၀-၁၁-၂၀၂၀ ရက်အထိ ၉:၃၀ နာရီမှ၁၆:၀၀နာရီ ရုံးချိန်အတွင်း |
| (ခ) | တင်ဒါပုံစံရောင်းချမည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့ |
| (ဂ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် | - ၂၃-၁၁-၂၀၂၀ ရက်၊ ၁၆:၀၀ နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - ၂၅-၁၁-၂၀၂၀ ရက်၊ နံနက် ၉:၃၀နာရီ |
| (င) | တင်ဒါဖွင့်လှစ်မည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၄၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၅၃၆)ရှိ ဒေါ်ခင်ခင်လှ[၁၂/ဒဂမ(နိုင်)၀၂၃၉၂၅]အမည်ပေါက် ပိုင်ဆိုင်သော ပေ(၄၀X၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း ဂရန်မူရင်းခြမ်း ပေ(၂၀x၆၀)မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်တော် ဦးတင်ထွန်းအောင်[၅/ကဘလ(နိုင်)၁၃၈၈၈၀]က ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများ(မူရင်း)တင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးတင်ထွန်းအောင်**
**ဖုန်း-၀၉-၄၃၁၆၄၆၉၇**
**၀၉-၄၂၃၆၉၇၇၆၄**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်(သာမန်/ငွေလုံးငွေရင်း)အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် လွှတ်တော်ဝင်းအတွင်းဆောင်ရွက်မည့် အောက်ဖော်ပြပါ မြို့ပြနှင့်လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ရပ်ချင်းစီအတွက် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

- (က) လွှတ်တော်ဝင်းအတွင်း ပင်မဆောင်ရှိလမ်းများအား ကတ္တရာကွန်ကရစ်(A.C) ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း(333461 Sft)
- (ခ) ပြည်ထောင်စုလွှတ်တော်(D-ဆောင်)ရှိ Roof Slabများအား ရေလုံလုပ်ငန်း (95200 Sft)
- (ဂ) လွှတ်တော်အဆောင်များအားဆေးသုတ်ခြင်းလုပ်ငန်း(C,D) (156084.62 Sft)
- (ဃ) လွှတ်တော်အဆောက်အဦ(၃၁)လုံးနှင့် မုခ်ဦးဆောင်အမိုးများအား မူလအရောင်အတိုင်း ဆေးပြန်လည်သုတ်ခြင်းလုပ်ငန်း(689545.83 Sft)
- (င) လွှတ်တော်(C,D,J,G,1G)အဆောက်အဦများတွင် Hall Lightingနှင့် Call Lightingများအတွက် Online Mobile UPS များ တပ်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းလုပ်ငန်း
- (စ) လွှတ်တော်(C,D,J,E,F)အဆောက်အဦများရှိ Online UPS များ၏ Batteryများ လဲလှယ်ခြင်းနှင့် ဖြည့်စွက်ခြင်းလုပ်ငန်း
- (ဆ) လွှတ်တော်ဝင်း ဓာတ်အားသုံးစွဲမှုလျှော့ချနိုင်ရန် 250W Sodium လမ်းမီးများအား 150W LED လမ်းမီးများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း
- (ဇ) အမျိုးသားလွှတ်တော်(1-14 to 1-20)တွင် Security System တပ်ဆင်ခြင်းလုပ်ငန်း
- (ဈ) လွှတ်တော်(C,D,J)အဆောင်များရှိ Fire Alarm Systemအတွက် လိုအပ်သည်များ အစားထိုးလဲလှယ်ခြင်းနှင့် ဖြည့်စွက်ခြင်းလုပ်ငန်း
- (ည) လွှတ်တော်(၃)ရပ်တွင် အသုံးပြုရန် Audio & Video System Spare Parts များ ဝယ်ယူခြင်း
- (ဋ) CCTV Security System Spare Partsများ ဝယ်ယူခြင်း
- (ဌ) Mitsubishi Electric Central Air Conditioner System Spare Partsများ ဝယ်ယူခြင်း
- (ဍ) ပြည်သူ့လွှတ်တော်တွင် E-resource Center နှင့် Exchange Mail စနစ် တည်ဆောက်ခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၄-၁၀-၂၀၂၀ရက်နေ့မှစ၍ ရုံးချိန်အတွင်း လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၁-၁၁-၂၀၂၀ရက်(၁၃:၀၀)နာရီ

၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ထပ်မံကြေညာသွားပါမည်။

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၆၉၅၆၅(မြို့ပြဆိုင်ရာလုပ်ငန်းများ)**
**ဖုန်း-၀၆၇-၆၉၅၂၅(လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ)**

## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) 27''x34''(70gsm)စက္ကူရေ(၅၀၀)ပါ(နိုင်ငံခြားစက္ကူဖြူ)၊ (၁၆၀၀၀)ထုပ်
- (ခ) 24''x34''(70gsm)စက္ကူရေ(၅၀၀)ပါ (နိုင်ငံခြားစက္ကူဖြူ)၊ (၄၀၀၀)ထုပ်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ COVID-19 ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ အကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်။

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက်<br>တင်ဒါပုံစံတင်သွင်းရမည့်ရက် | - ရုံးဖွင့်ရက်(၁၂-၁၀-၂၀၂၀)မှ(၁၁-၁၁-၂၀၂၀)ထိ |
| တင်ဒါပုံစံရောင်းချမည့်အချိန် | - ရုံးဖွင့်ရက်(၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီထိ |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ ရှေ့အဝင်ဂိတ် |

၃။ တင်ဒါပုံစံများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ အင်တာနက်စာမျက်နှာ www.myanmarexam.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၆၇-၃၄၃၀၁၆၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ရုံးအမှတ်(၅၂)၊ နေပြည်တော်**

## "တရားဝင်ဇနီးဖြစ်ကြောင်းကြေညာခြင်း"

ရေစကြိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ ပန်းတော်တင်ရပ် (ဘ)ဦးသောင်း၏ သမီးဖြစ်သူ ဒေါ်ယု(ခ)ဒေါ်ကြင်ယုဆွေ[၈/ရစက(နိုင်)၁၇၂၉၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

(၂၈-၉-၂၀၂၀)ရက်စွဲပါ သတင်းစာကြေညာတွင် ကျွန်ုပ်၏အမှုသည် ဒေါ်ယု(ခ)ဒေါ်ကြင်ယုဆွေ၏ ခင်ပွန်းဖြစ်သူ ဦးတေဇာအောင်(ဘ) ဦးသန်းအောင်[၈/ရစက(နိုင်)၁၂၀၄၆၇]၏ သတင်းစာကြေညာချက်အား ကန့်ကွက်ကြောင်းနှင့် ဦးတေဇာအောင်၏ မှားယွင်းစွာဖော်ပြ၍ ကြေညာခြင်းသည် ကျွန်ုပ်၏အမှုသည် ဒေါ်ယု(ခ)ဒေါ်ကြင်ယုဆွေ၏ ဂုဏ်သိက္ခာ ထိခိုက်နစ်နာလျက်ရှိပြီး ဦးတေဇာအောင်နှင့် ဒေါ်ယု(ခ)ဒေါ်ကြင်ယုဆွေတို့မှာ တရားဝင်ကွာရှင်းထားခြင်းမရှိသည့်အပြင် (၂၈)နှစ်အရွယ်ရောက် သား မောင်အောင်ခန့်မော်၏ မင်္ဂလာကိစ္စကိုပင်လျှင် မိခင်ဝတ္တရားနှင့်အညီ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ကြောင့် ယနေ့အချိန်အထိ ကျွန်မ ဒေါ်ယု(ခ)ဒေါ်ကြင်ယုဆွေသာလျှင် ဦးတေဇာအောင်၏ တရားဝင်ဇနီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်**
**(LL.B, D.P.S,D.I.R, D.I.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၇၀)**
**အမှတ်(၂၅၆)၊ ကံ့ကော်လမ်း၊ စည်သာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်။**
**ဖုန်း-၀၉-၄၀၂၆၇၂၃၉**

ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို) ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ (၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁၁-၂၀၂၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန် (၁၀၀)ပေါင်ထက်မနည်းရ။ ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသောဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ ၁၂-၁၀-၂၀၂၀ ရက်နေ့မှ ၁၁-၁၁-၂၀၂၀ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပြီး ဖြေဆိုရမည့် ရက်အား ထပ်မံအကြောင်းကြားပါမည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် သတ်မှတ်ရက်တွင် တပ်မတော်ဗိုလ်ရွေးအဖွဲ့၌ ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင်လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင်မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)**နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ (၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၂၁ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန် (၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူမဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသောဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ ၁၂-၁၀-၂၀၂၀ရက်နေ့မှ ၁၁-၁၁-၂၀၂၀ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပြီး ဖြေဆိုရမည့် ရက်အား ထပ်မံအကြောင်းကြားပါမည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် သတ်မှတ်ရက်တွင် တပ်မတော်ဗိုလ်ရွေးအဖွဲ့၌ ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ** အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင်**ဒုတိယဗိုလ် (အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါကမိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# နလုံးသားအရင်းခံ ရိုးမဘဏ်

ရိုးမဘဏ်ရဲ့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေ အားလုံးက မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေဖော်ဆောင်လာနိုင်စေရမယ်လို့ သန္နိဋ္ဌာန်ချပြီး လုပ်ဆောင်နေကြပါတယ်။ မိဘပြည်သူတွေနဲ့ လုပ်ဖော်ကိုင်ဖက်အားလုံးရဲ့ ယုံကြည် အားကိုးမှုတွေကြောင့်ပဲ ရိုးမဘဏ်အနေနဲ့ ဒီနေ့အထိ ရပ်တည်နေနိုင်တယ် ဆိုရင်လည်း မမှားပါဘူး။

အားလုံးရဲ့ ဘေးမှာ ရပ်တည်ပေးနေပြီး အိပ်မက်နဲ့ မျှော်လင့်ချက်တွေကို ရှင်သန်နေအောင် အမြဲတစေကူညီပေးနေမှာပါ။ အသိအမှတ်ပြုမှုလေး တစ်စုံတစ်ရာကိုတောင်ရယူဖို့ မဟုတ်ဘဲ အားလုံးအဆင်ပြေနေစေဖို့အတွက်ကိုပဲ အလေးထားပြီး စိတ်ရင်းနလုံးရင်းနဲ့ အမြဲကူညီပေးဖို့ ရည်သန်ပါတယ်။

ရိုးမဘဏ်အနေနဲ့ အားလုံးအတွက် နလုံးသားအရင်းခံပြီး ကူညီဖြည့်ဆည်း ပေးပါရစေ!




Talk to us : 9662 (or) 097-9662-9662
www.yomabank.com

YOMA BANK
The Responsible Bank.


## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### တင်ဒါပစ္စည်းအရေအတွက် ပြောင်းလဲပြင်ဆင်ခြင်း

၁။ မြန်မာ့မီးရထားမှ ခေါ်ယူခဲ့သော အောက်ဖော်ပြပါ တင်ဒါအား မူလကျောက်ကျင်းအရေအတွက်အစား အောက်ပါအတိုင်း ပြောင်းလဲ ပြင်ဆင် သတ်မှတ် ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၂/မမ/CE | လမ်းခင်းကျောက်(Ballast)(၆၅၅၀၀)ကျင်းနှင့်ကျောက်မှုန့်(၁၄၈၀)ကျင်းအား (မုပ္ပလင်၊ ရွာသာကြီး၊ ဘုရားကြီး၊ ပျဉ်ပုံကြီး၊ တော်ဝိ၊ ပဲနွယ်ကုန်း၊ ကုန်းကြီး၊ရေနီ၊မြို့လှ၊ညောင်လွန့်၊သဲတောနှင့်မင်းစု)ဘူတာများအရောက် ဝယ်ရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - (၃ ၁၁ .၂၀၂၀ ) (၁၄:၃၀)နာရီ
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352,291985 291994

## ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး
## ပုသိမ်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်ပါသည်-

(က) ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ(၂)ထပ်တည်ဆောက်ခြင်း Lot–1

(ခ) ကိုယ်စားလှယ်ဆောင် Dinning Room တည်ဆောက်ခြင်း Lot–2

၂။ တင်ဒါစည်းကမ်းချက်နှင့် အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို ၁၅-၁၀-၂၀၂၀ ရက်မှစ၍ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၇-၁၁-၂၀၂၀ ရက် ၁၃:၀၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပြန်လည်တင်သွင်းရပါမည်။ ၁၇-၁၁-၂၀၂၀ ရက် ၁၄:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်ကာလာမိတ္တူနှင့် ကုမ္ပဏီ(Profile)တို့ကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ်(၀၄၂-၂၃၆၃၇၊ ၀၄၂-၂၃၉၈၂၊ ၀၄၂-၂၃၆၇၇၊ ၀၄၂-၂၉၃၀၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်အတွင်းရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မြို့နယ်/မြို့/အထူးအဖွဲ့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် ရက်/အချိန် - ၆-၁၁-၂၀၂၀ ရက်မှ ၂၀-၁၁-၂၀၂၀ရက်အထိ ၉:၃၀ နာရီမှ ၁၆:၀၀နာရီ (ရုံးချိန်အတွင်း)

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးမြို့

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် - ၂၃-၁၁-၂၀၂၀ ရက်၊ ၁၆:၀၀နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၅-၁၁-၂၀၂၀ ရက်၊ နံနက် ၉:၃၀ နာရီ

(င) တင်ဒါဖွင့်လှစ်မည့်နေရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လင်းခေးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၈၇၀၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန ကတ္တရာအိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ၆၀/၇၀၊ ၈၀/၁၀၀၊ Emulsion ကတ္တရာများကို သက်ဆိုင်ရာ ခရိုင်/အထူးအဖွဲ့အလိုက် သတ်မှတ်စုပုံနေရာသို့ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ပုံစံစတင်ရောင်းချမည့် ရက်/အချိန် - ၂၆-၁၀-၂၀၂၀ရက်မှ ၁၀-၁၁-၂၀၂၀ရက်အထိ ၉:၃၀နာရီမှ ၁၆:၀၀နာရီ (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် - ၁၁-၁၁-၂၀၂၀ ရက်၊ ၁၆:၀၀ နာရီ

(ဂ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် - ၁၂-၁၁-၂၀၂၀ ရက်၊ မွန်းလွဲ ၁:၃၀ နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့။

အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**


FAME ဆေးဝါးအားလုံးနှင့်
ကျန်းမာသုတစာအုပ်များကို
ရန်ကုန်မြို့တွင်း
အိမ်အရောက် ပို့ပေးနေပါပြီ။




FAME 01-3681908 09-752721908 09-954271908

မူးယစ် ဆိုက ဆန့်ကျင်ကြ

# အောက်တိုဘာ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉၁၀ တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၀-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၁၀-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၁၄,၈၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၉၁၀)ဦး တွေ့ရှိရပါသည်။

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ (၄၈) ဦးအနက် ရောဂါအခံရှိသူ (၄၅) ဦးပါဝင်ပါသည်။
- COVID-19 ကုသရေးဌာနများ၊ ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံကြီး တို့ရှိ စုစုပေါင်း ခုတင်(၁၀,၀၂၉) ခုတွင် လူနာ (၇,၅၈၉) ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သူ(၆၅၇) ဦးအား ၎င်းတို့၏ နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက် စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၁၁-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၈၀၉) ဦး | (၄၁၃,၉၆၀) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၉၁၀) ဦး | (၂၇,၉၇၄) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၂,၆၉၂) ဦး | (၉,၇၄၂) ဦး |
| သေဆုံးလူနာ | (၄၈) ဦး | (၆၄၆) ဦး |

## ညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ နှင့် ဝံသာနုဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် အောက်တိုဘာ ၁၁

ညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ နှင့် ဝံသာနုဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၁၂ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ အတည်ပြုလူနာများ ကုသရန် ပြင်ဆင်ထား



ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာများ နေ့စဉ်တိုးပွားလာသကဲ့သို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ နေ့စဉ်လာရောက်ပြသသော လူနာများအနက် ကိုဗစ်သံသယလူနာများတွေ့ရှိမှု များပြားလာခြင်းကြောင့် ၎င်းတို့အား ကုသပေးနိုင်ရန် ပြင်ဆင်ထားရှိကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍

### ကြေးမုံ ယနေ့ ဖတ်စရာ

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၇ သန်းကျော်အထိရှိလာ**

စာမျက်နှာ » ၁၂

**အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြသော်လည်း အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့ကြား ပစ်ခတ်မှုများ၊ အပြန်အလှန်စွပ်စွဲချက်များရှိနေ**

စာမျက်နှာ » ၁၃

## ရှမ်းနှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၁ AFC Cup ပြိုင်ပွဲ ကျင်းပမည့်ကာလကို အာရှဘောလုံးအဖွဲ့ချုပ် အတည်ပြုမည်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် AFC Cup ပြိုင်ပွဲနှင့် ပတ်သက်၍ အာရှဘောလုံးအဖွဲ့ချုပ်က အတည်ပြုမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲများကို ဇန်နဝါရီလ၊ အုပ်စုအဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီလတွင် စတင်ကျင်းပရန် သတ်မှတ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ကျင်းပမည့်ကာလကို ထပ်မံအတည်ပြုရန် လိုအပ်နေခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●



၂၀၂၁ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၀ MNL အမှတ်ပေးပြိုင်ပွဲ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း။

